# ဘောဇေါ်ကြွ

သရဖြိုး

# ဖိုးဝင်း

နှင့်

# အိပ်မက်တန်ခိုးရှင်



# အောင်ကျော်စွာ

## ထွက်ရှိပြီးသော ဂမ္ဘီရလုံးချင်းဝတ္ထုများ

၁။ ဆရာကြီးမြစကြာနှင့် မိုင်းမောမင်းသမီး
၂။ ဆရာကြီးမြစကြာနှင့် ပီယသိဒ္ဓိ
၃။ ဆရာကြီးမြစကြာနှင့် လောကဓာတ်နတ်ဆိုး
၄။ ဆရာကြီးမြစကြာနှင့် ရွှေသိုက်မေ့ဆေး
၅။ ဆရာကြီးမြစကြာနှင့် ခြောက်လုန့်မျက်လုံး
၆။ ဆရာကြီးမြစကြာနှင့် မကောင်းဆိုးဝါးရယ်သံ

ယခုလ ဆရာကြီးမြစကြာနှင့် အိပ်မက်တန်ခိုးရှင်

## ဆက်လက်ထွက်မည့် လုံးချင်းဝ

ဆရာကြီးမြစကြာနှင့် သူယောင်မယ်ဂမို
ဆရာကြီးမြစကြာနှင့် ရှိန်းဆာယာကိုယ်ပျောက်
ဆရာကြီးမြစကြာနှင့် မှော်ဝံပုလွေ
စုံထောက်စံရှားမောင်နှင့် ပတ္တမြားမျက်ရှင်အကျဉ်းသား

# အောင်ကျော်စွာ

## ဆရာကြီးမြစကြာနှင့် အိပ်မက်တန်ခိုးရှင်

စာမူခွင့်ပြုချက်အမှတ် - ၁၃၁/ ၂၀၀၄ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၉၄/ ၂၀၀၄ (၂)

၂၀၀၄ ခုနှစ်၊ ဇွန်လ၊
ပထမအကြိမ်

တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



# အောင်ကျော်စွာ

# ဆရာကြီးမြစကြာ

# နှင့်

# အိပ်မက်တန်ခိုးရှင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

အစရှိသော သစ်များ
းလောက်သာလျှင် ရှိပေ

စေတနာစာပေ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် [illegible] ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## [illegible]ရေး ဦးတည်ချက် (၄) ရပ်

- [illegible]တ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- [illegible]ရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး [illegible]အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- [illegible]ကျက်ရေး
- [illegible]ရေးနှင့် ပညာရည်မြင့်မားရေး



ပဏာမ ဝန္ဒနာ အလင်္ကာ

"ဂမ္ဘီရ" တန်ခိုး၊ မည်လေးမျိုးနှင့်
အဖိုးအရှူ၊ ထိုက်တန်လှ၍
ဘဝဂ္ဂထိရည်၊ တိုးမြှင့်မီအောင်
လောကီဝိဇ္ဇာ၊ တတ်ပညာနှင့်
ဂါထာ မန္တရား၊ စိတ်စွမ်းအားနှင့်
တရားဓမ္မ၊ ကျင့်သီလနှင့်
ဝေဒနက္ခတ်၊ စန်းယှဉ်ခါတ်နှင့်
နံ့စပ်ဝေဒင်၊ တတ်ကျွမ်းကျင်လျက်
ဆေးပင် ဆေးမြစ်၊ ကျမ်းဂန်ဖြစ်တို့
ဖွင့်လှစ်ပြရာ၊ ကျွန်ုပ်စာသည်
စေတနာထား၊ မေတ္တာများနှင့်
ဆပွားသိစေ၊ စာမိတ်ဆွေကို
စုံနေသုတ၊ ပေးဝေမျှဖို့
ဆန္ဒစိတ်မှာ၊ ဖြစ်ပေါ်လာသည်
စဉ်လာဝင့်ထက် ကုသိုလ်ပွဲ။
မင်္ဂလာဆင့်လျက် အလှူပွဲ။
ဒေါင်ကော်

[illegible] အစရှိသော သစ်များ
[illegible]းလောက်သာလျှင် ရှိပေ

စာရေးသူ

စာတောစာပေ

အုံ့ဆိုင်း မှိုင်းညိုလျက် စမုံမြစ်ရိုးရှိ တောတန်းကြီးမှာ ရှုမျှော်၍မဆုံးတော့ပေ။

သစ်ပင် သစ်တောများမှာ အဝေးမှ နေ၍ ကြည့်လျှင် နိမ့်သည် မြင့်သည် မရှိဘဲ တညီတညာတည်း ပေါက်ရောက်နေသဖြင့် နှာမည်နှင့် လိုက်အောင် လှပနေသည်။ အင်ကြင်း၊ သန်း၊ ဒဟတ်၊ ပီတောက်၊ ထနောင်း၊ ဘောစကိုင်းပင်များမှာ စမုံမြစ်ရိုးကြီးတစ်ခုလုံးတွင် အမြဲမပြတ် စိမ်းလန်းစိုပြည်နေတော့သည်။

စမုံမြစ်၏ အနီးအနားတစ်ဝိုက်တွင်ကား လှေငယ် အသွားအလာပြုသူများ မရှိသလောက် နည်းပါးလှပေသည်။

တစ်ခါတစ်ရံ တွေ့ရှိရသော လှေသမ္ဗန်များမှာလည်း ကျွန်းကြီးပေါ်မှ သန်း၊ ဒဟတ်၊ အင်ကြင်း အစရှိသော သစ်များ အိမ်တိုင်များ ခုတ်ယူရန် သွားလာသူများလောက်သာလျှင် ရှိပေသည်။

စမုံမြစ်ရိုးကြီးကား အဝေးကနေ ကြည့်လျှင် စိမ်းလန်းစိုပြည်၍ သာယာသလောက် ကြည်နူးဖွယ် ကောင်းသလောက် အနီးသို့ ကပ်မိလျှင် ကြောက်စရာကောင်းလှပေသည်။

သစ်ခုတ်သွားသူများအဖို့တွင် ရေသတ္တဝါမိကျောင်းရန်ကိုလည်း ကြောက်ရ၏။ တောတွင်းမှ ကျားသတ္တဝါ၏ရန်ကိုလည်း ကြောက်ကြရ၏။

ဤကြားထဲတွင် ရုံဖန်ရံခါ တောထဲ၌ မျက်စိလည်ခြင်း၊ လမ်းမှားခြင်းများ ဖြစ်တတ်ပြီးလျှင် ကြောက်မက်ဖွယ်ကောင်းသော သားကောင်များ၊ သတ္တဝါကြီးများကိုလည်း တွေ့တတ်ပေသေး၏။

ဤစမုံမြစ်ရိုးကြီးနှင့် တောကြီးမှာ ပထဝီဝင်အရလည်း ထူးဆန်းအံ့သြဖွယ်ပင် ဖြစ်သည်။

မြစ်ကြီး၏ အနောက်ဖက်ကမ်း၌ သစ်တော သစ်ပင်များ အုံ့ဆိုင်း မှိုင်းညို့သော ကျွန်းကြီးဖြစ်လင့်ကစား၊ အရှေ့ဘက်၌ လယ်ကွင်းပြင်များ၊ ချောင်း၊ မြောင်းများနှင့် ရပ်ရွာအိမ်ခြေများ တည်ရှိနေခြင်းပင် ဖြစ်လေသည်။

စမုံမြစ်ရိုးကြီးတစ်ဝိုက် နတ်ကြမ်းသည်ဟု အဆိုရှိပေသည်။ နတ်ကြမ်းသည်ဟုဆိုခြင်းမှာ ထိုကျွန်းသို့ လာရောက်သစ်ခုတ်ကြသူများသည် ဆိုင်ရာပိုင်ရာ အရှင်သခင်များကို တင်မြှောက်ပသကြရ၏။





စားဦးစားဖျားများကို မြှောက်ရ၏။ အမှားအယွင်းမရှိစေရ။ စကားအပြောအဆို၊ အနေအထိုင်၊ အသွားအလာ ကိုယ်လက်နှီးနှောခြင်းမှ အစပြု၍ ဆင်ခြင်ကြရပေသည်။

မဆင်ခြင်ဘဲ တစ်စုံတစ်ခု မှားယွင်းခဲ့သော် ချက်ချင်း လောလောလတ်လတ် ဒုက္ခတွေ့ရပေသည်။ (စကားချပ်) ထိုနေရာ ထိုဒေသတို့တွင် အယူသီးသူများ၊ မယုံကြည်သူများတောင်မှ အဆင်ခြင်ဘဲ မနေဝံ့ကြချေ။

ယင်းသို့ တောကြမ်း၊ နတ်ကြမ်းသည့် စမုံမြစ်ရိုးကြီးတွင် သစ်ခုတ်ခြင်းဖြင့် အသက်မွေး သွားလာနေသူများရှိကြသည့်အလျောက် မြော၊ မဓမ ခုတ်ရန် လာသော လှေတစ်စင်းကိုကား ရှားရှားပါးပါး တွေ့မြင်နိုင်ပေသည်။

လှေမှာ မကြီးလှ၊ မငယ်လှဘဲ အလတ်တန်းစားလောက် ရှိလေသည်။ လှေပေါ်တွင် လှော်ခတ်လိုက်ပါလာသူတို့မှာ ယောကျ်ားသုံးယောက် ဖြစ်ကြလေသည်။

အသက်(၆၀)ကျော်ရှိ လူကြီးတစ်ယောက်၊ အသက်(၂၀)ရွယ်ရှိ လူငယ်ကလေးနှင့် အသက်(၄၀)ခန့်ရှိ လူရွယ်ကြီးတစ်ဦးတို့ ဖြစ်လေသည်။

အသက်(၄၀)လူရွယ်အမည်မှာ ကိုသာလှ ဆိုသူဖြစ်၍ လှေပဲ့မှ ခတ်ရင်း 'ပဒုကာ့သလ' ဓာတ်ထုပ်မှ သီချင်းတစ်ပုဒ်ကို အသံကုန် ဟစ်၍ ဆိုလိုက်လေသည်။

သူ ဟစ်လိုက်သော အသံမှာ အနီးရှိ ကျွန်းပေါ်မှ တောသံနှင့် ဟိန်းသွားလေ၏။

"အံမယ် ... ကိုကြီးသာလှက တယ်ပြီး လုပ်လိုက်ပါလား၊ ကိုကြီးသာလှ အသံပြကြီးကို ကြားရလို့ တောကောင်တွေ လန့်ပြေးပါဦးမယ်ဗျာ"

လှေဦးမှ လှော်ခတ်နေသော အသက်(၂၀)အရွယ်သာ ရှိသေးသော မောင်ဝမ်းဇော် ဆိုသည့် လူငယ်က လှမ်း၍ပြောလိုက်ခြင်းဖြစ်၏။

"ဒါပေါ့ ညီလေး ဝမ်းဇော်ရယ်၊ ခုလို လူမနီး သူမနီး နေရာမှာ ကိုယ်ဆိုချင်သလို အသံကုန်ဟစ်လိုက်ရမှ ကျေနပ်တယ်ကွယ့်၊ ဘယ်သူ့ကိုမှ ရှက်နေစရာ မလိုပါဘူး"

"တောင်တော် တောင်တော်သာယာ ပန်းမျိုးစုံလင်စွာ၊ ပွင့်မာလာ ခတ္တာ ရွှေအင်ကြင်း ..."

ကိုသာလှမှာ သီချင်းကို ဟစ်၍ဆိုနေပြန်သည်။

မောင်ဝမ်းဇော် ကမူ သူ့အစ်ကိုဖြစ်သူ အသံနှင့်ဆိုပုံကို နားထောင်ရင်း ကြည်နူးနေ၏။ အသက်(၆၀)အရွယ်လူကြီး ဦးတင်အုန်းမှာ ဆေးပြင်းလိပ်ကြီးကိုခဲလျက် လူရွယ်(၂)ဦး စကားပြောသည်ကို ကြည့်၏။





ဦးတင်အုန်းမှာ လှေကို လှော်ခတ်ခြင်း မပြုဘဲ လှေပဲ့ဘက်တွင် ထိုင်လျက် အေးဆေးစွာ လိုက်ပါလာလေသည်။

သူတို့၏ လှေကလေးသည် မျောက်တစ်ရာကျွန်း အနီးသို့ကပ်လျက် လှော်ခတ်နေသည်။

သူတို့သည် တစ်ချက်တစ်ချက် လှေခတ်တက်များကို ရပ်ခါ တောတွင်းသို့ နားစွင့်နေလိုက်ကြသည်။

အဘိုးကြီး ဦးတင်အုန်းကမူ တောစပ်မှ သစ်ပင်များကို ငေးကြည့်နေ၏။

"ကျွန်းကိုတော့ ရောက်ပြီပေါ့၊ အစစအရာရာ ဆင်ခြင်ကြနော်"

"စိတ်ချပါ အဘရာ၊ ကျွန်တော်တို့ ဘာမှ အမှားအယွင်း မရှိအောင် ထိန်းသိမ်းပါ့မယ်၊ အရှင်ကြီးခင်ဗျား ... ကျွန်တော်တို့ အမှားအယွင်းရှိရင် အမိုက်အမဲလေးတွေမို့ သည်းခံတော်မူပါ အရှင်ကြီးခင်ဗျာ"

ဦးတင်အုန်းက လက်နှစ်ဖက်မြှောက်လျက် လက်အုပ်ချီကာ ရှိခိုးတောင်းပန်လိုက်သည်။

"ကျွန်းပေါ်ကို တက်ပြီဆိုရင် သီချင်းမဆိုနဲ့နော်၊ ပြီးတော့ တွေ့ကရာစကားတွေ ပြောင်နောက်တဲ့ စကားတွေ မပြောနဲ့၊ အခင်းကြီး အခင်းငယ် သွားတာတောင် အရှင်ကြီးကို တောင်းပန်တိုးလျှိုးပြီးမှ သွားကြ၊ ကြားရဲ့လား"

"ဟုတ်ကဲ့ ... ကြားပါတယ် အဘ"

သူတို့၏ လှေကလေးသည် မျောက်တစ်ရာကျွန်းကြီးဘေးဘက်သို့ ကပ်၍ လှော်ခတ်လာရာ မကြာမီတွင် ချောင်းငယ်တစ်ခုကို ရောက်လေသည်။

အဘိုးကြီးက လှေကို ချောင်းငယ်တွင်းသို့ ကွေ့လှော်ရန် အမိန့်ပေးလိုက်ရာ လူရွယ်(၂)ဦးက လှေကို ချောင်းတွင်းဘက်ရောက်အောင် လှော်ခတ်ဝင်သွားကြလေသည်။

သစ်ပင်များ၊ သစ်တောများမှာ တစ်ပင်နှင့်တစ်ပင် ယှက်သမ်းနေသဖြင့် အမှောင်ရိပ်ပင် လွှမ်းမိုးနေ၏။ နေပြောက်ပင် မထိုးနိုင်ပေ။

အတွင်းခပ်ကျကျသို့ လှော်ခတ်သွားသော် သစ်ပင်ကြီးတစ်ပင်အနီးသို့ အရောက်တွင် လှေကို ရပ်၍ ဆိုက်လိုက်ကြ၏။

မကြာမီပင် အဘိုးကြီးသည် ဝမ်းဘဲဥပြုတ်(၂)လုံးကို အခွံခွာလျက် ပန်းကန်ကလေးတစ်လုံးတွင် ထည့်ပြီးသော် လက်နှင့် အပေါ်သို့ မြှောက်၍ ...

"အဘိုး ... အဘိုး ... အဘိုး ... အဘိုးကို ကျွန်တော်များ မမေ့မလျော့ပါဘူး အဘိုး၊ စားပါ သောက်ပါ





အဘိုး၊ အဘိုးတပည့်သားမြေးများ သစ်ခုတ်လာကြပါတယ်၊ တောရဲတိရစ္ဆာန်တွေကို ဖယ်ရှားပစ်တော်မူပါ အဘိုးသခင် ကျွန်းပိုင်ရှင်ကြီးခင်ဗျား"

ဟူ၍ အသံခပ်ကျယ်ကျယ်နှင့် မြှောက်တင်ပသလိုက်သည်။

ကိုသာလှနှင့် မောင်ဝမ်းဖော်တို့နှစ်ဦးမှာ ငြိမ်သက်၍ပင် ကြည့်ရှုနေကြသည်။

"ကိုင်း ... လူကလေးတို့ သစ်ခုတ်ဖို့ ပြင်ကြပေတော့၊ အဘိုးသခင် ကျွန်းပိုင်ရှင်ကြီးကိုလည်း အဘ တောင်းပန်ပသပြီးပြီကွယ့်"

အဘိုးကြီး အမိန့်အတိုင်း ကိုသာလှနှင့် မောင်ဝမ်းဖော်တို့သည် ဓားမကြီးများကို ကိုယ်စီကိုင်ကာ လှေပေါ်မှ ကျွန်းမြေပေါ်သို့ စ၍ တက်လိုက်ကြလေသည်။

ကိုသာလှက ရှေ့မှ သစ်ငုတ်ဆူးချုံများကို ရှင်းလင်း၍ သွားလေ၏။

"လူကလေးတို့ ခပ်စောစော ပြန်ခဲ့ကြကွယ်၊ အစစအရာရာလည်း သတိမလစ်ကြစေနဲ့၊ ကျွန်းကြီးရှင် အဘိုးကိုလည်း မမေ့ကြနဲ့ဟေ့"

အဘိုးကြီးက လှမ်း၍ မှာကြားလိုက်သေး၏။

ကိုသာလှနှင့် မောင်ဝမ်းဇော်တို့သည် တစ်စတစ်စ နှင့် တောတွင်းသို့ ရောက်လာပေပြီ။ သူတို့နှင့် လက်လှမ်းမီသော မြောတိုင်များကိုလည်း အကြီးအသေး၊ အဖြောင့်၊ အကောက်တို့ ကို ရွေးချယ်လျက် ခုတ်ယူနေကြပေသည်။

သူတို့၏ မြောခုတ်အစီအစဉ်မှာ ထိုနေ့အဖို့ ခုတ်ရုံသာခုတ်ခဲ့ပြီးနောက်၊ နောက်တစ်နေ့တွင် ထိုခုတ်ပြီးသား မြောတိုင်များကို လှေပေါ်သို့ သယ်ချရန်သာ ဖြစ်ပေသည်။

ကိုသာလှက မြောတိုင်များကို စိတ်ပါဝင်စားစွာပင် ခုတ်ယူနေ၏။

ပါးစပ်မှ သီချင်းဆိုချင်စိတ်များ ပေါ်လာပြီး တစ်ခါတစ်ရံ ဆိုမည်ပြုပြီးမှ သူတို့ ဖခင်ကြီး ဦးမောင် မှာကြားလိုက်သော စကားများကို သတိရသဖြင့် စိတ်ကို ချုပ်တည်းထားလိုက်ရ၏။

မောင်ဝမ်းဇော်မှာမူ အဲရွယ်က လူပျိုဖားဖားအရွယ် ရုပ်ရည်လေးက အသင့်တင့် ချောချောဖြစ်ပြီး လက်ဖဝါးနုနုတို့ဖြင့် ကျင့်သားမရှိသေးသော မြောတိုင်များကို ခုတ်နေရခြင်းကြောင့်လား မသိ။

တစ်ချက်တစ်ချက်တွင် မူးဝေသလိုလို ဖြစ်သွား လေသည်။





ထို့ကြောင့် သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို မသင်္ကာ နှုံ့မကင်းသကဲ့သို့လည်း ဖြစ်နေပြန်၏။

သို့အတွက် မြောခုတ်ခြင်းကို ရပ်နေကာ ...

"ကိုကြီးသာလှ ... ကျွန်တော့်စိတ်တွေ လေးလိုက်တာဗျာ၊ ပြီးတော့ တစ်ခါတစ်ခါ မူးသလိုလို ဖြစ်သွားတယ်"

ကိုသာလှက မြောတိုင်များကို ခုတ်ရာမှ ရပ်ဆိုင်းလျက် ...

"မူးရင်လည်း နားနေဦးပေါ့ကွယ်၊ ငါ တစ်ယောက်တည်း ခုတ်ပါ့မယ်"

ဟု ပြောဆိုကာ ခုတ်မြဲခုတ်နေပြန်လေသည်။

မောင်ဝမ်းဇော်က ကိုသာလှပြောသည့်အတိုင်းပင် မနီးမဝေးရှိ ကနစိုပင်ကြီးအောက်တွင် သွားရောက်ထိုင်နေရင်း သူ့အစ်ကို မြောခုတ်နေသည်ကို ကြည့်ရှုနေလေတော့၏။

ထိုသို့ ထိုင်နေစဉ်မှာပင် သူ့နားထဲတွင် ထူးဆန်းသော အသံများ ကြားနေလေသည်။

အသံများမှာ ဘုရားစေတီမှ ခေါင်းလောင်းဆည်းလည်းသံနှင့် ကြေးစည်သံများပင် ဖြစ်လေသည်။

ထိုအသံများကို ကြားလျှင်ကြားချင်း ရုတ်တရက် စိတ်ကြည်နူးနေမိ၏။

ပြီးနောက် လူမနီးသည့် တောကြီးလယ်ကောင်တွင် ဤကဲ့သို့ ကြည်နူးစရာ အသံများ ကြားရသဖြင့် အံ့သြသွားလေတော့သည်။

“ကိုကြီးသာလှ ... ကိုကြီးသာလှ”

မောင်ဝမ်းဇော်က ကိုသာလှကို လှမ်း၍ ခေါ်လိုက်သည်။

ကိုသာလှက လှမ်းကြည့်လျက် ...

“ဘာတုံး ညီလေးရဲ့၊ တောထဲမှာ ဒီလို နာမည်ကို ဟစ်မခေါ်ရဘူး မှတ်ထားကွယ့်”

ကိုသာလှမှာ မြောခုတ်နေခြင်းကို ရပ်စဲကာ သူ့ညီလေး မောင်ဝမ်းဇော်ရှိရာဆီသို့ လျှောက်၍လာခဲ့၏။

“ဘာတုံးကွ”

“ကိုကြီးတို့ အရင်က ဒီတောထဲ ရောက်ဖူးသလား”

“မင်းက အဆန်းလုပ်ပြီး မေးနေပြန်ပြီ၊ ညီလေးကသာ အခုတစ်ခေါက်မှသာ လိုက်လာခဲ့ဖူးတာ၊ အစ်ကိုကြီးနဲ့ အဘတို့က ဒီနေရာတွေကို ‘ဆောဖေ နှောကျေအောင်’ ကို ခဏခဏ ရောက်ခဲ့ဖူးသားပဲ၊ ဘာဖြစ်လို့တုံး ညီလေးရ”

“ဒီလိုဆိုရင် အစ်ကိုကြီးရာ၊ ဒီအနီးအနားမှာ ဘုန်းကြီးကျောင်းတွေ၊ ဘုရားတွေ ရှိနေသလားဟင်”





ကိုသာလှသည် မောင်ဝမ်းဇော်၏ အမေးကို သဘောကျစွာနှင့် ရယ်မောလိုက်ပါသည်။

“လူတစ်ယောက်မှ မနေတဲ့ တောကြီးထဲမှာ ဘယ်ကလာ ဘုန်းကြီးရှိရမှာလဲကွယ်၊ မင်းကတော့ကွာ၊ ကြံကြံဖန်ဖန်တွေ မေးနေပြန်ပြီ”

မောင်သာလှ တစ်ယောက်မှာမူ နားတစ်ဖက်စွင့်၍ သူ စောစောဆီတုန်းက ကြားရသော အသံများကို နားထောင်ကြည့်လိုက်ပြန်၏။

မောင်ဝမ်းဇော်၏ သောတ အာရုံထဲတွင်တော့ သာယာကြည်နူးဖွယ်ကောင်းလှသော ဘုရားစေတီမှ ခေါင်းလောင်း ဆည်းလည်းသံနှင့် ကြေးစည်သံများကို ကြားနေရတုန်းပင်ဖြစ်သည်။

“သေချာနားစွင့်ပြီး စူးစိုက်ထောင်ကြည့်စမ်းပါဦး ကိုကြီးရာ၊ အခု ကြားနေတာ ဘုရားဆည်းလည်းသံနဲ့ ကြေးစည်သံတွေ မဟုတ်လား”

ကိုသာလှ တစ်ယောက် မျက်လုံးပြူးသွားလေသည်။ သူသည်လည်း ညီလေးမောင်ဝမ်းဇော်ကဲ့သို့ နားစိုက်၍ ထောင်ကြည့်လိုက်သည်။

သို့သော် ... ကိုသာလှ၏ သောတအာရုံနားတွင်ကား ပုရစ်ကောင်များ၊ တောင်ကက်များ အော်သံမှတစ်ပါး ဘာသံကိုမှ မကြားရပါချေ။

"မင်းရဲ့ နားက ကြားပဲကြားတတ်လွန်းတယ်ကွယ်၊ ငှက်ကလေးတွေ အော်သံပါကွယ့်"

"**မဟုတ်ပါဘူး** ကိုကြီးသာလှရဲ့၊ သေသေချာချာ လေးများ **နားစိုက်ထောင်**ကြည့်လိုက်စမ်းပါဗျာ"

ကိုသာလှက ထပ်၍ နားထောင်ပြန်သည်။ သူ၏ သောတအာရုံ ခွေနားအစုံတွင်မတော့ စောစောက ကြားခဲ့ရသည့် အသံများမှတစ်ပါး ဘာဆိုဘာမှ ထူးထူးခြားခြား အသံများကို မကြားရပါချေ။

"မဟုတ်ပါဘူး ညီလေးဝမ်းဖော်ရယ်၊ မင်းစိတ်က ထင်နေလို့ပါကွာ"

ကိုသာလှမှာ ပြောပြောဆိုဆိုနှင့် မြွေသားများ ခုတ်ရန် ထွက်သွားလေသည်။

မောင်ဝမ်းဖော်ကမူ တရိပ်ရိပ်မူးနေသလိုဖြစ်နေရပြီး သူ့နားထဲတွင်မတော့ ကြားနေရဆဲဖြစ်သော အသံများကို နားစွင့်ရင်း ကျန်ရစ်ခဲ့လေသည်။





ဘုရားဆည်းလည်းသံနှင့် ကြေးစည်သံတို့ကား၊ မောင်ဝမ်းဖော်၏ နားထဲမှ ထူးဆန်းစွာပင် ပျောက်ကွယ်သွားကြပြန်လေပြီ။

သို့သော် လူတို့ စကားပြောသံများကိုပါ ထူးဆန်းစွာ ကြားနေရပြန်တော့သည်။

ထိုအသံများမှာ မိမိတို့ နေရာနှင့် မနီးမဝေးတွင် ရှိလိမ့်မည်ဟု မောင်ဝမ်းဖော်က အတတ်တွေးလိုက်သည်။

လူသံများနှင့်အတူ သာယာနာပျော်ဖွယ်သီချင်းဆိုသံများကို ထပ်၍ ကြားလာရပြန်သည်။

ထိုကဲ့သို့ အသံများ သူ့နားထဲ၌ ကြားလာလေ သူ့စိတ်ထဲတွင် ပိုချောက်ချားလေ ဖြစ်နေရတော့သည်။

သီချင်းဆိုသံမှာ လက်ဦးက မသဲမကွဲသာ ကြားနေရပြီးနောက် သဲသဲကွဲကွဲ ကြားလာသောအခါ သူ့စိတ်ထဲတွင် ပြင်းပြစွာပင် တုန်လှုပ်ချောက်ချားသွားလေသည်။

ထိုအသံမှာ သူ့အိပ်မက်ထဲတွင် မကြာခဏ တွေ့ရသော မိန်းမပျိုကလေးအသံ ဖြစ်နေသောကြောင့်ပေတည်း။

ထို့နောက် မောင်ဝမ်းဖော်သည် ထိုင်နေရာမှ ထကာ ကိုသာလှဆီသို့ လျှောက်သွားလေသည်။

သူ ကိုသာလှ အနီးအနားသို့ ရောက်သည်နှင့် ကြားရသော အသံများမှာ ရုတ်တရက် ပျောက်ကွယ်၍သွားလေသည်။

"ကိုကြီးသာလှ နေလည်းစောင်းတော့မယ်၊ အဘလည်း လှေပေါ်မှာ မျှော်နေတော့မယ်၊ ပြန်ကြပါစို့ဗျာ"

ကိုသာလှ တစ်ယောက်မှာ ကိုယ်မှ ပေနေသော ချွေးများကို ခေါင်းပေါင်းထားသော ပုဆိုးနှင့် သုတ်ခါ ခုတ်ပြီးသော မြေသားချောင်းများကို ထားပြီးလျှင် မောင်ဝမ်းဖော်နှင့် အတူ ထိုနေရာမှ ခွာခဲ့လေ၏။

မောင်ဝမ်းဖော်ကမူ သူ့နောက်ပိုင်းကို စိတ်ချယုံကြည်မှု မရှိဘဲ မကြာခဏ လှည့်၍သာ ကြည့်နေမိတော့သည်။

သူ့စိတ်ထဲတွင် ကြားခဲ့ရသော အသံများကို ထပ်မံ၍ ကြားယောင်နေပြန်သည်။

ထိုနေရာနှင့် ထိုအသံများကိုလည်းကောင်း၊ သူ မကြာခဏ အိပ်မက်မြင်မက်သော မိန်းမပျိုကိုလည်းကောင်း၊ စဉ်းစားရင်း မဝေခွဲနိုင်အောင် ဖြစ်နေတော့သည်။

သို့နှင့်ပင် စခန်းချရာ လှေဆီသို့ ပြန်ရောက်ကြလေသည်။ လှေဦးတွင် ဖခင်ကြီးဖြစ်သူ ဦးတင်အုန်းက ထမင်းဟင်းများ အဆင်သင့် ချက်ထားရင်း စောင့်မျှော်နေရှာသည်။





ဖခင်အဘိုးကြီးက သားနှစ်ဦး ပြန်ရောက်လာသည်နှင့် မြေခုတ်၍ ပြီးစီးကြောင်းများကို မေးမြန်းပြီးလျှင် ထုံးစံအတိုင်း ချက်ပြုတ်ပြီးသား စားဦးစားဖျားများကို ကျွန်းပိုင်ရှင်ကြီး အဘိုးအား တင်မြှောက်ပသပြီးနောက် သားအဖသုံးဦးတို့သည် ထမင်းဟင်းများကို စားသောက်ကြလေသည်။

စားသောက်ပြီးချိန်တွင် နေဝင်စပြု၍ မကြာမီ မိုးချုပ်တော့မည်။

သူတို့၏ လုပ်ငန်းများမှာ ထိုညအဖို့ ထိုနေရာလှေပေါ်တွင်ပင် ညအိပ်ပြီးလျှင် နံနက်လင်းသည်နှင့် ခုတ်ပြီးသား မြေတိုင်များကို လှေပေါ်သို့ သယ်ချ၍ ဤမြောက်တစ်ရာကျွန်းအတွင်းမှ ထွက်ခွာရန် ဖြစ်လေသည်။

ကျွန်းတောကြီးမှာ မိုးချုပ်လေ၊ ကြောက်စရာလန့်စရာကောင်းလေ ဖြစ်သည်။ ပိုးလောင်းကောင်နှင့် ခြင်ကောင်များမှာ မောင်ဝမ်းဖော်တို့သားအဖ သုံးဦးအား အညှာအတာမပေးဘဲ ကိုက်ခဲတော့သည်။

လှေဦး၌ ဖိုထားသော မီးဖိုကလေးမှ မီးခိုးများမှာ ပိုးကောင်နှင့် ခြင်ကောင်များရန်မှ အနည်းငယ်မျှသာ ကာကွယ်ပေးနိုင်လေ၏။

သူတို့တွင် ဤပိုးမွှားရန် အန္တရာယ်မှ ကာကွယ်ရန် ခြင်ထောင်တစ်ယောက်တစ်ထည်စီ ပါလာခဲ့ကြလေသည်။

ဤအချိန် ဤခါမျိုးတွင် တောဆင်ရိုင်းနှင့် ကျားများ၏ ရန်ကို အကြီးအကျယ် ကြောက်ရွံ့ရသော်လည်း သူတို့တွင် အားကိုးတစ်ခု ရှိသဖြင့် ထိုရန်များကို ဂရုမပြုကြပေ။

သူတို့အားကိုးမှာ ကျွန်းပိုင်ရှင် အဘိုးပင် ဖြစ်ပေသည်။ သူတို့သည် စောစီးစွာက ကျွန်းပိုင်ရှင် အဘိုးနှင့်ဆိုင်ရာပိုင်ရာ အရှင်ကြီးများက သူတို့အား စောင့်ရှောက်မည်ဟု တစ်ထစ်ချ မှတ်ယူထားကြလေသည်။

ညဥ့်သည် တဖြည်းဖြည်းနှင့် နက်၍လာလေပြီ။ သစ်ပင်သစ်ရွက် သစ်ခက်များကြောင့် ကောင်းကင်ယံရှိကြယ်ရောင်ကလေးများကိုပင် ကြည့်၍ မရတော့အောင် တစ်တောလုံး နက်မှောင်နေတော့သည်။

ပရစ်ကောင်များ၏ အော်သံ၊ ညဥ့်ငှက်များ၏ အော်သံတို့မှာ နားငြီးလောက်အောင်ပင် ကြားနေရသည်။

တစ်ချက်တစ်ချက်တွင်မူ တောကောင်များ၏ ပြေးလွှားသံ၊ တောဝက်များ၏ အော်သံနှင့်တကွ ကျားဟိန်းသံများကိုပင် ကြားရလေတော့၏။

"အဘိုး ... အဘိုး ... ကျွန်တော်များ မမေ့မလျော့ဘဲ တင်ပါတယ်၊ မြှောက်ပါတယ်၊ ကျွန်တော်တို့အား စောင့်မကြည့်ရှုပါ အဘိုး"





လှေပဲ့တွင် ဖခင်အဘိုးကြီး ဦးတင်အုန်းက စောင်ကို လှစ်၍ ကျွန်းပိုင်ရှင်ကြီး အဘိုးအား တမ်းတလိုက်သည်။

မောင်ဝမ်းဇော်နှင့် ကိုသာလှတို့မှာ စောင်ကိုယ်စီခြုံလျက် အိပ်ပျော်နေကြသည်။

အချိန်မှာ တဖြည်းဖြည်း ညဥ့်နက်သည်ထက် ညဥ့်နက်လာလေပြီ။

လှေပေါ်တွင် သားအဖသုံးဦးမှာ အိပ်မောကျလျက်ရှိကြလေသည်။

တစ်နေ့လုံး မြောတွေ ခုတ်နေရ၍ ပင်ပန်းစွာနှင့် အိပ်မောကျနေသော ကိုသာလှ၏ ဟောက်သံမှာ ကျယ်လောင်လှ၏။

ထိုအချိန်ဝယ် မောင်ဝမ်းဇော်၏ အတွေးအိပ်မက်ထဲတွင် အစွဲအလမ်း မထားရှိဘဲ အောက်ပါအကြောင်းအရာများကို မြင်မက်လာလေသည်။

သူတို့အိပ်နေသော လှေနှင့် မနီးမဝေး ကနစိုပင်ကြီး အောက်မှ အလွန်လှပချောမောလွန်းသော မိန်းမပျိုလေးသည် နန်းဝတ်တန်ဆာ(ယခုခေတ် ဘော်ငွေကြီးတန်ဆာများနှင့် ချုပ်ထားသည့် မင်းသမီးဝတ်စုံ)အား ဝတ်စားထားသည်ကို တွေ့မြင်လိုက်ရခြင်းပင်ဖြစ်၏။

ထိုမိန်းမလှလေးသည် လှေကလေးပေါ်တွင် အိပ်မောကျနေသူများကို လှမ်းမျှော်ကြည့်လိုက်သည်။

ပြီးနောက် စိတ်ကျေနပ်စွာဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်လျက် လှေပေါ်သို့ တက်မည်ပြုလိုက်စဉ် သူ့ရှေ့မှ ရုတ်တရက် သဏ္ဍာန်တစ်ခု ပေါ်ပေါက်လာပြီး သူ့ရှေ့မှ တားဆီးလိုက်လေသည်။

မိန်းမလှလေးအား တားဆီးပေးသူမှာ အခြားမဟုတ်၊ ကျွန်းပိုင်ကြီးအဘိုး ကိုယ်တိုင်ပင် ဖြစ်နေသည်။

ကျွန်းပိုင်ရှင်ကြီးကား တင်းမာခက်ထန်စွာနှင့် မိန်းမပျိုအား ကြည့်လျက် ...

"အသင် မိန်းကလေး ... ဤလှေပေါ်၌ အိပ်မောကျနေသောသူများကို အဘယ်ကြောင့် အနှောင့်အယှက် ပြုလိုသနည်း၊ ထိုလူသားသုံးဦးတို့ကား ကျွန်ုပ်၏ လူများသာ ဖြစ်ပေတယ်"

မိန်းမလှလေးက ကျွန်းပိုင်ရှင်ကြီး အဘိုးအား ကြောက်ရွံ့စွာ ကြည့်လျက် ...

"မှန်ပါတယ် ကျွန်းပိုင်ရှင်ကြီးရှင့်၊ ဒီလူသုံးယောက်ဟာ ကျွန်းပိုင်ကြီးအား တင်မြှောက်ပသကြသဖြင့် ကျွန်းပိုင်ရှင်ကြီး၏ လူများ ဖြစ်ပါတယ်၊ သို့ရာတွင် လှေဦးတွင် ယခု အိပ်မောကျနေသူတစ်ဦးသည် ဘဝဟောင်းက ကျွန်ုပ်ချစ်သူ





ဖြစ်သဖြင့် သူ့ထံ အိပ်မက်များပေးရန် လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်"

"ကျွန်ုပ်ကား ဤကျွန်းကို ပိုင်ဆိုင်တာတွေ မသိ၍လော၊ သင် မိန်းကလေးက ကျွန်ုပ်ထံ ခွင့်မပန်ဘဲ ပြုလိုရာပြုမယ် ကြံစည်ခြင်းလော"

"ဒီလိုမဟုတ်ပါ ကျွန်းပိုင်ရှင်ကြီး၊ ဤမျှလောက် အိပ်မက်ပေးရုံနှင့် နှောင့်ယှက်ရာ မရောက်၍ ကျွန်းပိုင်ရှင်ကြီးက ခွင့်ပြုမည်ထင်၍ လာရောက်ခြင်း ဖြစ်ပါတယ်"

ကျွန်းပိုင်ရှင်ကြီးအဖို့မှာ ဤသို့ မိန်းမပျိုက ပြောလေလျှင် ကျေနပ်သွားလေသည်။

"ကောင်းပြီ ... အန္တရာယ်တစ်ခုခု မဖြစ်စေရင် ကျွန်ုပ် ခွင့်ပြုလိုက်ပါ့မယ်"

ကျွန်းပိုင်ရှင်ကြီးအဖို့မှာ ဤသို့ပင် ခွင့်ပြုလျက် ပျောက်ကွယ်သွားလေသည်။

ဤတွင်မှ မိန်းမပျိုလေးမှာ ရွှင်လန်းသွားလေသည်။

ဤသို့ဖြင့် မိန်းမလှလေးမှာ လှေဦးဆီသို့ တက်သွားတော့သည်။

လှေပေါ်တွင် သားအဖသုံးဦးတို့သည် နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိပေသည်။

မိန်းမလှလေးက အိပ်ပျော်နေသော မောင်ဝမ်းဇော်၏ အနီးသို့ ကပ်ခါ သူ၏ လက်ဝါးနှင့် သုံးကြိမ် သပ်လိုက်သည်။

ထိုအခိုက် မောင်ဝမ်းဇော်သာ ရုတ်တရက် လန့်နိုးလာလေ၏။

သူ့ မျက်လုံးများကို ပွတ်သပ်လျက် သူ့အားနှိုးသူအား ကြည့်ရှုလိုက်သည်။

မိန်းမလှလေးက မောင်ဝမ်းဇော်ကို လက်ယပ်ခေါ်လျက် လှေဦးမှ ကုန်းပေါ်သို့ တက်သွား၏။

ကုန်းပေါ်မှ တစ်ဖန် လက်ယပ်ခေါ်နေပြန်သည်။

မောင်ဝမ်းဇော်က ရုတ်တရက်ထခါ မိန်းမပျိုလေးခေါ်ရာဆီသို့ လိုက်ပါသွားမိလေသည်။

ထိုမိန်းမလှလေးသည် မောင်ဝမ်းဇော်ကို ခေါ်ပြီးတောကြီးထဲသို့ ဝင်သွားလေသည်။

တောတွင်းတစ်နေရာသို့ ရောက်သောအခါ ဘုရားစေတီ ခေါင်းလောင်းဆည်းလည်းကလေးများ လေတိုက်၍ လှုပ်ရှားမြည်သံကို ကြားရလေသည်။

ပြီးနောက် ကြေးစည်သံကိုလည်း ကြားရပြန်သည်။

သို့နှင့်ပင် သူတို့နှစ်ဦးမှာ စေတီတစ်ဆူ၏ အနီးသို့ရောက်နေသည်ကို သတိပြုမိလေသည်။





မိန်းမလှလေးက မောင်ဝမ်းဇော်ကို ခေါ်လျက်စေတီသို့ လှည့်ပတ်လိုက်သည်။

တစ်ပတ်မျှ ပတ်မိသောအခါ ရပ်တန့်လျက် တစ်နေရာသို့ လက်ဝါးနှင့် သပ်လိုက်ရာ ကြီးမားသော သတ္တဝါကောင်ကြီးတစ်ကောင် ပေါ်လာလေ၏။

မောင်ဝမ်းဇော်က ထိုသတ္တဝါကြီးကို ကြောက်ရွံ့စွာနှင့် သေချာစွာ ကြည့်လိုက်ရာ ကြီးမားသော မျောက်ကြီးတစ်ကောင် ဖြစ်နေပေသည်။

မျောက်ကြီးသည် ဘီလူးသရဲရုပ်ကြီးပမာ ပါးစပ်ကြီးကို ဟလိုက်၊ ဖြီးလိုက်ဖြင့် လက်ထဲ၌ တင်းပုတ်ကြီးအားကိုင်လျက် မောင်ဝမ်းဇော်ကို ခြောက်လှန့်၍ ပြနေသည်။

ထိုအခါ မိန်းမလှလေးသည် မျောက်ကြီးကို လက်ဝါးနှင့် သပ်လိုက်ပြန်ရာ ပြန်လည်၍ ငြိမ်သက်သွားလေသည်။

ထို့နောက် မျောက်၏ ကြီးမားသော ပါးစပ်ပေါက်ကြီးကို တွေ့ရလေသည်။

မိန်းမလှလေးက ပါးစပ်ကြီးအတွင်းသို့ ရှေ့မှဝင်လျက် မောင်ဝမ်းဇော်ကို လက်ယပ်ခေါ်နေပြန်၏။

မောင်ဝမ်းဇော်က မဝင်လိုသည့်သဘောဖြင့် ခေါင်းကိုတွင်တွင်ခါနေ၏။

ထို့နောက် မိန်းမလှလေးသည် ပါးစပ်ပေါက်ဝသို့ တစ်ဖန်ထွက်ခါ မောင်ဝမ်းဇော်၏လက်ကို အတင်းဆွဲခေါ်သွားပြန်လေသည်။

အတွင်းသို့ ဝင်ပြီးသည်နှင့်တစ်ပြိုင်နက် ဝင်းထိန်နေသော အလင်းရောင်များဖြင့် ကြီးမားကျယ်ပြန့်ကာ အခန်းကြီးတစ်ခုထဲသို့ ရောက်ရှိလာကြပြန်သည်။

မောင်ဝမ်းဇော်က အခန်းကြီးကို အံ့သြစွာနှင့် ငေးမောကြည့်ရှုနေ၏။

မိန်းမပျိုလေးက မောင်ဝမ်းဇော်ကို တစ်ဖန် ဆွဲခေါ်သွားပြန်ပါသည်။

တစ်ခုသော အခန်း၏ အလယ်တွင် သလွန်တစ်ခုသို့ ရောက်သောအခါ မိန်းမပျိုက မောင်ဝမ်းဇော်ကို အထိုင်ခိုင်း၏။

မောင်ဝမ်းဇော် ထိုင်လိုက်လေ၏။ ထို့နောက် မောင်ဝမ်းဇော်၏ မျက်နှာကို လက်ဝါးဖြင့် သပ်လိုက်လေသည်။

မောင်ဝမ်းဇော်၏ မျက်လုံးများက ရုတ်တရက်ကြည်လင်သွားလေတော့သည်။

သူ့ရှေ့မှ သူ့အား ပြုံးချိုသော မျက်နှာဖြင့် ကြည့်နေသူ မိန်းမလှလေးကို အံ့အားသင့်နေမိပြန်၏။





ထိုမိန်းမလှလေးက မောင်ဝမ်းဇော်၏ အနီးအနားဆီသို့ ကပ်၍ ထိုင်လိုက်လေသည်။

“ကိုသိခ်ရယ် ... ဘယ်တော့မှ ကျွန်မနဲ့အတူ နေရမှာလဲ၊ ဒီက စောင့်မျှော်နေရတဲ့ လူကိုများ သနားပါဦးလား”

မိန်းမလှလေးက မောင်ဝမ်းဇော်၏ အနီးသို့ကပ်လျက် ကန့်ကလျ ပြောလိုက်သည်။

မောင်ဝမ်းဇော်က ကြောင်၍ ငေးနေသည်။ သူဘာကို ပြောရမှန်း မသိအောင် ဖြစ်နေတော့၏။

“ဘယ်နှယ့်လဲ ကိုသိခ်ရဲ့၊ ကျွန်မ မေးနေတာများ ပြောစမ်းပါဦး”

မိန်းမလှလေးက သူ့အား ထပ်လောင်း၍ မေးလိုက်ပြန်သည်။

“ကျွန်တော် ကိုသိခ် မဟုတ်ပါဘူး၊ ကျွန်တော့်နာမည်က မောင်ဝမ်းဇော်ပါ၊ ပြီးတော့ ခင်ဗျား ကျွန်တော့်ကို ဘာဖြစ်လို့ ခဏခဏ လာတွေ့နေတာလဲ”

မောင်ဝမ်းဇော်က မိန်းမလှလေးကို ပြန်ပြောလိုက်ရာ ထိုမိန်းမလှလေးမှာ မျက်နှာ ချက်ချင်း ပျက်သွားရှာလေသည်။

“ဒီမယ် ကိုသိခ်၊ ရှင် ကျွန်မကို တကယ်မသိတော့ဘူးလား၊ သိရက်သားနဲ့ ရက်စက်နေတာလား ကိုသိခ်ရယ်”

"ကျွန်တော် ဒါတွေ ဘာမှ မသိပါဘူး၊ ခင်ဗျား ပြောနေတဲ့ ကိုသိန်းဆိုတာလည်း ကျွန်တော် မဟုတ်ပါဘူး"

"အင်း ... ရှင်ဟာ ခုဘဝမှာ ကိုသိန်း မဟုတ်တော့ပေမဲ့ နောက်ဘဝတုန်းကတော့ ကျွန်မရဲ့ချစ်သူ ကိုသိန်းပါပဲ၊ အခုလို ကျွန်မနဲ့ ပြန်လည်တွေ့ဆုံရတဲ့ အခိုက်အတန့်လေးမှာ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ ကိုသိန်းရယ်"

မောင်ဝမ်းဇော်မှာ အခက်ကြုံနေတော့သည်။ သူက သူ့ကိုယ်သူ ကိုသိန်း မဟုတ်ကြောင်း ပြောသော်လည်း မိန်းမလှလေးက ဘဝဟောင်းက နာမည်နှင့် သူ့ချစ်သူဖြစ်ကြောင်း ပြောဆိုနေသဖြင့် အခက်တွေ့နေတော့၏။

"နောက်ဘဝက ဖြစ်ခဲ့တာတွေကို ခုဘဝမှာ ဘယ်သိနိုင်တော့ပါ့မလဲဗျာ"

"ရှင်က မေ့နိုင်တဲ့ဘဝ ရောက်နေပမဲ့ ကျွန်မက မမေ့နိုင်တဲ့ဘဝထဲမှာပဲ ရှိနေသေးတယ် ကိုသိန်းရယ်၊ ရှင်က လူ့ဘဝရောက်နေပေမဲ့ ကျွန်မက ပေတံ(ရက္ခစိုးမ) ဖြစ်နေရတယ် ကိုသိန်းရယ်၊ ရှင် ကျွန်မနဲ့ ဘယ်တော့အတူနေမှာလဲ ဟင်"

မှတ်ချက်။ ။ လူ့ဘုံဘဝမှ ကွယ်လွန်သွားပြီး ဘုံဘဝတစ်ခုသို့ ရောက်သွားသူ၊ ဥပမာ နတ်ဘုံ၊ ဗြဟ္မာဘုံ၊





ရက္ခစိုးဘုံတို့ကို 'ပေတံ'ဟု ခေါ်ဆိုပါသည်။ (ရှေးဝိနည်းနိဿယ ကျမ်းပြုဆရာတော်ကြီးများ)

မောင်ဝမ်းဇော်မှာ ခေါင်းကို တွင်တွင်ယမ်းခါနေသည်။

"မဖြစ်နိုင်ပါဘူး ... မဖြစ်နိုင်ပါဘူး ... ကျွန်တော် ဒီအကြောင်းတွေကိုလည်း ဘာတစ်ခုမှ သိတာမဟုတ်ဘူး၊ ခင်ဗျားကသာ ပြောနေတာ"

"ရှင် တကယ်ပဲ ရက်စက်တော့မှာလား ကိုသိန်းရယ်၊ ရှင်ကသာ နေမယ်လို့ ကတိပေးစမ်းပါ၊ ကျွန်မတို့ အတူတကွ ပျော်ပျော်ရွှင်ရွှင်နဲ့ နေရပါစေမယ်"

"မဖြစ်ပါဘူးဗျာ၊ မဖြစ်ပါဘူး၊ ကျွန်တော် ပြန်ပါရစေတော့"

"အို ... ကိုသိန်း မပြန်ရသေးဘူး၊ ကိုသိန်း မပြန်ရသေးဘူး၊ ရှင့်ကို ကျွန်မ ဒီလိုနဲ့ ပြန်မလွှတ်နိုင်ဘူး"

မောင်ဝမ်းဇော်က သလွန်လေးပေါ် ထိုင်နေရာမှ ထလိုက်လေသည်။

မိန်းမလှလေးက မောင်ဝမ်းဇော်၏ လက်ကို အတင်းဆွဲထားသည်။

"မပြန်ရသေးဘူး ကိုသိန်း၊ ရှင် မပြန်ရသေးဘူး၊ ရှင် ကျွန်မကို တကယ်ပဲ ရက်စက်တော့မှာလား ..."

ရှင် သိပ်ရက်စက်တဲ့လူပဲ ကိုသိခ်ရယ်၊ ကျွန်မက ဒါလောက်တောင် စွဲစွဲလမ်းလမ်း ဖြစ်နေရက်နဲ့ ရှင်က ကျွန်မကို နည်းနည်းလေးမှ မသနားတော့ဘူးလားဟင်”

မိန်းမလှလေးက ငိုရှိုက်ရာမှ သူ့ကိုယ်မှာ မောင်ဝမ်းဇော်၏ ကိုယ်တွင်းသို့ ရောက်သွားလေသည်။

မောင်ဝမ်းဇော်ကလည်း အမှတ်မထင် မိန်းမပျိုလေးကို ပြန်လည်ဖက်ထားလိုက်မိလေသည်။

ထို့နောက် သူ ဘာကို ပြောရမည်မှမသိ၊ ဘယ်လိုလုပ်ရမည်ကို မသိဖြစ်နေသည်။ မိန်းမလှလေးမှာ သူ့ရင်ခွင်ထဲ၌ပင် ငိုရှိုက်နေသေးသည်။

“ရှင် ကျွန်မကို မချစ်တော့ဘူးလား ကိုသခ်ရယ်”

မိန်းမလှလေးက ငိုရှိုက်ရင်း မေးလိုက်သည်။ မောင်ဝမ်းဇော်ကမူ ဘာမှ မပြော ငြိမ်သက်နေလိုက်သည်။

အမှန်စင်စစ် မပြောလည်း မပြောတတ်သောကြောင့် ဖြစ်သည်။

“ကိုသိခ်ရယ် ကျွန်မ မေးနေတာများ အရေးလုပ်ပြီး ဖြေများဖြေစမ်းပါဦးရှင်”

“ကျွန်တော် ဘာမှ မပြောတတ်တော့ပါဘူး၊ ဘာကိုမှလဲ မသိဘူး၊ သတိလည်း မရဘူး၊ ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေတာတစ်ခုပဲ ရှိတယ်၊ ခင်ဗျားကို ကျွန်တော်





အိပ်မက်ထဲမှာ မကြာခဏ တွေ့ရတယ်၊ ဒါပေမဲ့ ခုလို နေရာမျိုးမှာ ခုလို တစ်ခါမှ မတွေ့ခဲ့ရဘူး၊ ကျွန်တော့်စိတ်ကိုလည်း ကျွန်တော် ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ မသိတော့ပါဘူးဗျာ”

“ဒါဖြင့်ရင် ရှင် ... ရှင် တကယ် မေ့နေပြီပေါ့ ကိုသိခ်ရယ်”

“မေ့နေတာတော့ မဖြစ်နိုင်ပါဘူး၊ မသိတာပဲ ဖြစ်မှာပဲ၊ ကိုင်း ... ကျွန်တော် ပြန်တော့မယ်”

မောင်ဝမ်းဇော်က အတင်းပင် ပြန်မည်ပြုလေသည်။ မိန်းမလှလေးက အတင်းဆွဲထားလေသည်။

“နေပါဦး ကိုသိခ်ရဲ့၊ အခုလို ကျွန်မနဲ့ နေရတာ ပျင်းလို့လား”

မိန်းမပျိုလေးက ဆွဲလေ မောင်ဝမ်းဇော်က ရုန်းလေ ဖြစ်နေသည်။

“မဖြစ်ဘူး ပြန်မယ်၊ ကျွန်တော် ပြန်မယ်၊ ပြန်မယ်”

“ဟဲ့ ... လူကလေး မောင်ဝမ်းဇော်၊ ဟဲ့ ... လူကလေး၊ လူကလေး ဘာတွေ ယောင်ပြောနေတာလဲ”

မောင်ဝမ်းဇော်သည် ထိုသို့ အိပ်မက်မက်ရင်း ယောင်ယမ်းပြောဆိုနေသဖြင့် ဖခင်ကြီးက လှုပ်၍ နှိုးနေခြင်းဖြစ်သည်။

အချိန်မှာ မိုးစင်စင်လင်းပေတော့မည်။

မောင်ဝမ်းဖော်တစ်ယောက် အိပ်ရာမှ ကမန်းကတန်း ထလိုက်ခါ မိမိဖခင် ဦးတင်အုန်းနှင့် အစ်ကိုကြီး ဖြစ်သူ ကိုသာလှတို့အား ကြောက်လန့်သည့်အမူအရာနှင့် ကြည့်နေသည်။

"လူလေး မောင်ဝမ်းဖော်၊ မင်း ဘာဖြစ်နေတာလဲ၊ ပြန်မယ် ပြန်မယ်နဲ့၊ ဘာတွေ ယောင်ပြောနေတာလဲ"

"အိပ်မက် အဘရဲ့၊ အိပ်မက်ထဲမှာ"

မောင်ဝမ်းဖော်က ရှေ့ဆက် မပြောဘဲ သူ မြင်မက်သော အိပ်မက်အကြောင်းကို တွေးနေသည်။

"ဘာတွေ မက်သလဲ လူကလေး အိပ်ရာပြောင်းလဲလို့ မြင်မက်တာပါကွယ်၊ ဘာမှ ကြောက်စရာ မရှိပါဘူး၊ မကြောက်နဲ့"

"မကြောက်ပါဘူး အဘရဲ့၊ ဒါပေမဲ့ အိပ်မက်က ဆန်းလွန်း တယ် အဘရဲ့၊ ကျွန်တော့်ကို ဟို မိန်းမက လာ,လာ ခေါ် တယ်"

"ဟဲ့ ... ဘယ်က မိန်းမလဲ၊ တောကြီးထဲမှာ"

"ကျွန်တော် မကြာခဏ အိပ်မက်မက်တဲ့ မိန်းမလှလေးတစ် ယောက် အဘရဲ့၊ ကျွန်တော် အိပ်နေတာကို လာနှိုးပြီး ခေါ်သွားတယ်၊ တောထဲ ဖြတ်သွားတော့ ဘုရားတစ်ဆူ တွေ့တယ်၊ ဘုရားက ဆည်းလည်းသံကလေးတွေကလည်း သာက သာယာသနဲ့၊ အဲဒီဘုရားစေတီကို တစ်ပတ်,ပတ်





လိုက်တော့ အင်မတန်ကြီးတဲ့ မျောက်ရုပ်ကြီးတစ်ကောင် ကို တွေ့တယ် အဘရဲ့၊ အဲဒီမျောက်ရုပ်ကြီး ဝမ်းဗိုက်မှာ အပေါက်ကြီးတစ်ပေါက်ရှိတယ်၊ အဲဒီအပေါက်ကြီးထဲဆီ ကျွန်တော့်ကို ခေါ်သွားတယ်၊ အထဲမှာကျတော့ ဂူကြီးလိုလို အိမ်ကြီးလိုလိုနဲ့ အကျယ်ကြီးပဲ၊ အထဲကျတော့ ခုတင်လေး ပေါ်မှာ ကျွန်တော့်ကို ထိုင်ခိုင်းပြီး သူနဲ့ အတူနေပါတော့၊ ကျွန်တော်ဟာ ဘဝဟောင်းက သူ့ချစ်သူ ဖြစ်ပါတယ်ဆိုပြီး အတင်းဆွဲတယ်၊ ဒါနဲ့ ကျွန်တော်က မနေနိုင်ဘူး ပြန်မယ် ဆိုပြီး အတင်းရုန်းနေတုန်းမှာ အခုလို အဘက လာနှိုး တာပါပဲ"

ထိုစကားကို ကြားလိုက်ရသော ဖခင်ကြီးမှာ မျက်နှာ ကောင်းရှာချေ။ သားဖြစ်သူအတွက် စိုးရိမ်သွားလေသည်။

ထို့ကြောင့် ...

"ကျွန်းပိုင်ရှင်ကြီး အဘိုးခင်ဗျား မကောင်းသော အိပ်မက် မကောင်းသော အတိတ်နိမိတ်များ၊ ရန်သူဆူးညှောင့်များ ဖယ်ရှားပေးတော်မူပါ ခင်ဗျား"

ဟု ဖခင်ကြီးက တိုင်တည်လိုက်လေသည်။

"ကဲ ငါ့သားကို ဆိုင်ရာအရှင်ကြီးများ စောင့်ရှောက်ပါ လိမ့်မယ်၊ ဘာမှ မကြောက်ပါနဲ့ကွယ်၊ စောစောစီးစီး စားသောက်ပြီးတော့ မြောတင်ရမယ်ဟေ့"

ထို့နောက် မောင်ဝမ်းဇော်နှင့် အစ်ကိုဖြစ်သူ ကိုသာလှ တို့သည် မျက်နှာများ သစ်ပြီးနောက် ဖခင်ကြီး ဦးတင်အုန်း နံနက်စောစောထ၍ ချက်ထားသော ကောက်ညင်းများကို ထုံးစံ အတိုင်း တင်မြှောက်ပသကြပြီးနောက် စားသောက်ကြကာ တော တွင်းသို့ မနေ့က ခုတ်ပြီးသား မြောတိုင်များ သယ်ယူရန် ထွက် သွားလေ၏။

ခုတ်ပြီးသား မြောတိုင်များကို မောင်ဝမ်းဇော်နှင့် ကိုကြီးသာလှတို့က လှေကလေးပေါ်သို့ သယ်ချနေကြပေသည်။

မောင်ဝမ်းဇော်မှာ အလုပ်လုပ်ရင်း ညက မြင်မက် ခဲ့သော အိပ်မက်အကြောင်းများကို ပြန်လည်တွေးတောနေမိပြန် သည်။

သူ့စိတ်ထဲတွင် သူ မြင်မက်သော အိပ်မက်မှာ အလွန်တရာ ထူးဆန်းနေသည်။

အိပ်မက်ထဲမှ မိန်းမလှလေးမှာ သူ မကြာခဏ မြင်မက်သော မိန်းမပျိုလေးပင်ဖြစ်သည်။

ယခင်အခါများက သူ့အိပ်မက်ထဲတွင် တွေ့မြင်ရ သည်က ယခုကဲ့သို့ မဟုတ်ချေ။

မိန်းမလှလေးက သူ့ကို လာပြီး အိမ်ဝမှ ခေါ်လေ့ရှိ သည်။





သူကလည်း ထိုသို့ လာခေါ်သည့်အခါတိုင်း အိမ်ထဲမှ ထွက်၍ လိုက်မိသည်။

ဝေးဝေးနေရာသို့ မသွား၊ သူတို့အိမ်နှင့် မနီးမဝေး ရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် စကားပြောလေ့ရှိသည်။

ယခုမူ ထိုသို့မဟုတ်တော့ဘဲ ကြည်နူးစရာကောင်း သော မျောက်ရုပ်ကြီးဝမ်းဗိုက်နှင့် ဂူကြီးအတွင်း ခေါ်ဆောင်သွား ခဲ့ပုံများ ...

သူတို့ မြောစခုတ်သောနေ့က ကနစိုပင်ကြီးအောက် တွင် သူ ထိုင်နေစဉ် ကြားရသော ဘုရားစေတီ၏ ဆည်းလည်း သံကလေးများနှင့် ကြေးစည်သံတို့ကို ဆက်စပ်၍ တွေးမိခါ ရှုပ် ထွေးသွားလေ၏။

ထို့ကြောင့်ပင် မြောတိုင်များကို ထမ်း၍ လှေထဲသို့ ချရာတွင် စိတ်မပါဘဲ ရှိနေတော့သည်။

"ဟေ့ ... ညီလေး မောင်ဝမ်းဇော် ဘာငိုင်နေပြန်တာလဲ၊ ထမ်းလေကွာ၊ စောစောပြီးရင် စောစောပြန်ရတာပေါ့"

ကိုသာလှက သတိပေးသည်ကိုပင် မောင်ဝမ်းဇော်က မကြားသလို ငိုင်နေ၏။

အကြီးဖြစ်သူ ကိုသာလှသည် စိတ်မရှည်တော့ဘဲ မောင်ဝမ်းဇော်အနီးသို့ ရောက်လာကာ ပခုံးကို ပုတ်လျက် ...

"ဟော့ ... ညီလေး၊ ဘာတွေတွေးပြီး ငိုင်နေတာလဲ၊ အချိန်နောက်ကျသွားလို့ မိုးချုပ်နေရင် နောက်တစ်ည ဒီကျွန်းပေါ် ထပ်အိပ်နေရဦးမယ်ကွ"

ထိုသို့ ပခုံးပုတ်လိုက်မှပင် မောင်ဝမ်းဇော်တစ်ယောက် သတိရသွားကာ ကိုသာလှကို လှည့်ကြည့်မိလေသည်။

"မဟုတ်ပါဘူး ကိုကြီးသာလှရယ်၊ ကျွန်တော် ညက မက်တဲ့အိပ်မက်က ထူးဆန်းလွန်းလို့ပါ"

မောင်ဝမ်းဇော်က အိပ်မက်အကြောင်းကို စလိုက်သဖြင့် ကိုသာလှတစ်ယောက်လည်း စိတ်ဝင်စားသွားလေသည်။

"မင်း အိပ်မက်က ခဏခဏ ဒီမိန်းကလေးကို မက်နေကျ မဟုတ်လားကွ"

"ဟုတ်တယ် ... ဒါပေမဲ့ သူနဲ့ ကျွန်တော်နဲ့ အိပ်မက်ထဲမှာ တွေ့နေကြ နေရာက ကျွန်တော်တို့အိမ်နားက သရက်ပင်ကြီး အောက်မှာဗျ၊ အခုတော့"

"တော်တော့ကွာ ... တော်တော့၊ ရှေ့ဆက်မပြောနဲ့တော့၊ ငါတောင် ကြက်သီးတွေ ထလာပြီ၊ ကဲ အလုပ်မြန်မြန်လေး ပြီးအောင် လုပ်ကြစို့ကွာ"

မောင်ဝမ်းဇော်သည် ထိုအခါကျမှပင် စိတ်မပါတပါနှင့် မြေသားတိုင်များကို ကောက်ယူထမ်းလိုက်ပါတော့သတည်း။





မောင်ဝမ်းဇော်တို့ သားအဖသုံးဦးမှာ စမုံမြစ်ရိုးကျွန်းကြီးမှ မြေသားတိုင်များကို ခုတ်ယူ၍ နေရပ်ရွာသို့ ပြန်လာခဲ့ကြပြီး နောက်တစ်နေ့တွင် ဖြစ်လေသည်။

မောင်ဝမ်းဇော်မှာ ပဟေဠိဆန်လွန်းလှသော အိပ်မက်ကြောင့် တမှိုင်မှိုင် တတွေတွေနှင့် ဖြစ်နေရတော့၏။

အိပ်မက်ထဲမှ မိန်းမပျိုချောကလေးမှာ သူ့အိပ်မက်ထဲ၌ တွေ့ရစဉ် အခါများက သူ့အား ပြုံးချိုသော အမူအရာနှင့် နှုတ်ဆက်ခြင်း၊ ခေါ်ပြောခြင်း၊ နေထိုင်ကောင်းမွန်ရဲ့လား ဟု မေးမြန်းခြင်းသာ ပြုပြီး သူတို့နေထိုင်သော အရပ်ကို လိုက်ရန် ခေါ်ငင်ခြင်းမှတစ်ပါး အခြားပြောဆိုခြင်း မရှိပေ။

ယခုမူ ဘဝဟောင်းကချစ်သူ ဟူ၍ သူ့ကို အတင်းခေါ်နေသဖြင့် စိတ်ထဲတွင် ရှုပ်ထွေးကာ စိတ်မချမ်းမသာ ဖြစ်နေပေသည်။

"တမှိုင်မှိုင် တတွေတွေနဲ့ မနေစမ်းပါနဲ့ ငါ့ညီရယ်၊ ဒီအိပ်မက်ဟာ လောက်ကို စွဲလမ်းမနေစမ်းပါနဲ့၊ နေ့ဟိုင်း ဘုရားရှိခိုးအိပ်စမ်းပါကွာ"

မောင်ဝမ်းဇော်မှာ တစ်ဦးတည်း ထိုင်၍ စဉ်းစားနေစဉ် အစ်ကိုဖြစ်သူ ကိုသာလှ ရောက်လာခါ အားပေးစကားပြောလိုက်လေသည်။

"မဟုတ်ပါဘူး ကိုကြီးသာလှရာ၊ ကျွန်တော့်အိပ်မက်ထဲက မိန်းမလှလေးက ဘယ်ဘဝက ချစ်သူတွေ ဖြစ်ကြတယ်ဆိုတာ စဉ်းစားလို့ကို မရလို့ပါဗျာ"

"ဘဝဟောင်းဆိုတာတွေ မေ့ပစ်လိုက်ပါတော့ကွယ်၊ သိပ်စွဲလမ်းနေရင် မင်းမှာပဲ ဒုက္ခရောက်မယ်၊ အဘ သိရင်လည်း စိတ်မကောင်းဖြစ်နေဦးမယ်"

"ဟုတ်ပါတယ်ဗျာ၊ မတွေးတာဘဲ ကောင်းပါတယ်"

မောင်ဝမ်းဇော်က ထိုသို့ ပြောပြီးလျှင် ကိုကြီးသာလှနှင့် ရယ်မောကာ အခြားသော စကားများကို ပြောဆိုနေလိုက်လေသည်။

အချိန်မှာ မောင်ဝမ်းဇော်တို့ သစ်ခုတ်က ပြန်လာ၍ တစ်လမျှပင် ကြာသွားလေပြီ။





သူတို့ နေထိုင်ရာ ဆင်ငယ်ပြေးကုန်းရွာကလေးမှာ တောရွာကလေးတစ်ရွာဖြစ်၍ တော၏မလေ့ တော၏သဘာဝဖြင့် သာသာယာယာ ရှိလှတော့သည်။

ဤကဲ့သို့ တောရွာမျိုး၌ ပြောစည်တီး၍ အလှူမင်္ဂလာပွဲကြီးတစ်ခု ကျင်းပမည့်ရက်များတွင် ကာလသား၊ ကာလသမီးတို့မှာ ဝမ်းသာပီတိ ဂွမ်းဆီထိဖြစ်တတ်ကြပေသည်။

ထိုအလှူကြီးမျိုးတွင် ရွာရှိ လူပျိုအရွယ်တိုင်း၊ မိန်းမပျိုတိုင်းတို့မှာ သူတို့ရှာဒ္ဓရှိသော အဝတ်အစားများကို အစွမ်းကုန် ဝတ်ဆင်ကာ အစွံထုတ်ကြသည် မဟုတ်ပါလား။

မောင်ဝမ်းဇော်တို့ ညီအစ်ကိုနှစ်ယောက်မှာလည်း လူပျိုကာလသားများပီပီ သစ်လွင်သော အဝတ်အစားများနှင့် အိမ်ထဲတွင် အလှပြင်ဆင်နေကြပေသည်။

"ဒီလောက်တောင်လည်း မလှချင်စမ်းပါနဲ့ ကိုကြီးသာလှရာ၊ ဒီရွာက အပျိုတွေကို ခင်ဗျား တစ်ယောက်မှ ပိုးလို့ရမှာ မဟုတ်ပါဘူး၊ ရွာကနွားဟာ ရွာနားကမြက်ကို မစားဘူးဗျ၊ ခင်ဗျား ဒီလောက် အလှတွေ ပြင်မနေစမ်းပါနဲ့ဗျာ၊ လူပျိုကြီးဟာ ကြီးသမှ သိုးတောင်နေပြီ ခင်ဗျ"

မောင်ဝမ်းဇော်က . သူ့အစ်ကိုအား ပြောင်နောက်သလို စလိုက်၏။ ကိုသာလှက ခေါင်းပေါင်းနေရာမှ ...

"ရွာက အပျိုတွေအကြောင်း မင်း မသိပါဘူးကွာ၊ ငါသ
သူတို့အကြောင်း သိပါတယ်၊ ဟော့ သာလှတဲ့ဂျူး တ
ယောက်တည်း ရှိတယ်၊ ဘယ်ကောင်မ မာနကြီးသလဲ
ပြောစမ်း၊ တချီတည်း သာလှအကြောင်းကို ပြလိုက်မယ်"

မောင်ဝမ်းဖော်မှာ သူ့အစ်ကိုအား ရယ်မော၍ ကြည့်နေလေ၏။

တကယ်တော့ အစ်ကိုကြီးဖြစ်သူ ကိုသာလှသည် ယခု အသက်(၄၀)ကျော် ရှိပေပြီ။

လူပျိုကြီးဘဝဖြင့် အိမ်ထောင်မပြုဘဲ ဖခင်ကြီးအား လုပ်ကျွေးသမှု ပြုလိုသည်ကတစ်ကြောင်း၊ မိမိအား ချစ်ကြိုက်မည့်သူ မရှိခြင်းကလည်း အကြောင်းတစ်ရပ်ပါဝင်လေသည်။

"သာလှနဲ့ ဝမ်းဖော်တို့ ညီအစ်ကိုနှစ်ယောက် ပြင်လို့ဆင်လို့ မပြီးကြသေးဘူးလားဟေ့၊ လာကြလေကွယ်"

ရွာ၏ ကာလသားခေါင်း တင်ငွေက အိမ်ဝမှနေ၍ သူတို့ ညီအစ်ကိုအား လှမ်းခေါ်လိုက်သည်။

"ပြီးပါပြီ ကိုတင်ငွေရေ၊ ဟောဒီက ကိုကြီးသာလှကို စောင့်နေရလို့ပါ"

မောင်ဝမ်းဖော်က• စကား ပြန်ပြောလိုက်သည်။ ကိုသာလှမှာလည်း လုံးဝ ပြီးစီးသွားပြီဖြစ်၍ နှစ်ဦးသား အိမ်ပြင်သို့ ထွက်လာခဲ့ကြသည်။





ကာလသားခေါင်း ကိုတင်ငွေမှာ ရွာ၏ အလှူတွင် စည်စည်ကားကား ဖြစ်ရေးအတွက် ကာလသားပိုင်းတွင် လိုက်လံဆော်ဩဖိတ်ခေါ်ရလေသည်။

တောရွာများ၏ ဓလေ့အရ ရွာတွင် အလှူအတန်းရှိလျှင် ကာလသားခေါင်းများ၊ အပျိုခေါင်းများ မပါလျှင် ပွဲမစည်ချေ။

အပျိုခေါင်းများမှာ ရွာတွင်းရှိ မိန်းမပျိုလေးများ အပေါ်တွင် ဩဇာတိက္ကမ ရှိသူ၊ လူချစ်လူခင် ပေါများသည့် အပျိုကြီးထဲက ဖြစ်လေသည်။

မောင်ဝမ်းဖော်တို့ 'ဆင်ငယ်ပြေးကုန်းရွာ' ကာလသားခေါင်းက ကိုတင်ငွေ ဖြစ်သည်။

ကိုတင်ငွေမှာကား လူပျိုကာလသားများ အပေါ်တွင် ဩဇာညောင်းသူဖြစ်သည်။ သူ့ကို ကာလသားများက ချစ်ကြည်လေးစားကြသည်။

သူကလည်း ကာလသားများကို ညီရင်းအစ်ကို မခြား စောင့်ရှောက်သည်၊ ကူညီသည်။

ရပ်ရွာကိစ္စရှိလျှင်လည်း ကိုယ်တိုင် အပင်ပန်းခံ၍ ရှေ့မှ မားမားမတ်မတ် ဆောင်ရွက်သည်။ လူငယ်တွေ မလုပ်ချင်သော အလုပ်ကိုမှ သူက လုပ်သည်။

ယခု ရွာ၏ အလှူတွင် အလှူရုံပဒေသာပင်နှင့် ရှင်လောင်းလှည့်ရာ၌ ကာလသားခေါင်း ကိုတင်ငွေက သာလွန်ရွာမှ ကိုလေးသန့်ဇင်ကို မင်းသားအဖြစ် ကခုန်ပေးရန် အကူအညီ တောင်းထားသည်။

အမျိုးသမီးခေါင်းမှာ ဆင်ငယ်ပြေးကုန်းရွာ အလယ်ပိုင်းထဲမှ ကျောင်းဆရာမ (အပျိုကြီး) မခင်ထွေးမြင့် ဆိုသူပင် ဖြစ်၏။ မခင်ထွေးမြင့်မှာ အသက်အရွယ်အားဖြင့် ၃၀ မကျော်သေးပေ။

ထိုမခင်ထွေးမြင့်မှာ ရုပ်ရည်သနားကမား ရှိရုံမက ရွာတွင် ဆံထုံးထုံး အကောင်းဆုံးဟု နာမည်ကြီးသူဖြစ်သည်။

ရွာက မိန်းမပျိုကလေးများက သူ့အား မမမြင့်ဟု ခေါ်၍ ခင်မင်ကြ၏။ ရိုသေကြ၏။ မိဘများကလည်း သမီးပျိုများကို မခင်ထွေးမြင့်နှင့်ဆိုလျှင် ဘယ်ခရီးပင်ဖြစ်စေ စိတ်ချယုံကြည်ကြ၏။

အမျိုးသမီးခေါင်း မခင်ထွေးမြင့်မှာ ထိုနေ့ အလှူတွင် ရွာက မိန်းမပျိုလေးများကို ဆံထုံး‌ထုံးပေးရသည်။ အလှအပ အဝတ်အစားများကို အချိုးကျကျ ဝတ်ဆင် ပြင်ဆင်ပေးရသည်။





အလှူမှာကား ရွာဘုံအလှူဖြစ်သည့်အလျောက် ရွာသူရွာသားများမှာ အဘက်ဘက်မှ တာဝန်မလစ်ဟင်းရအောင် ဆောင်ရွက်ကြသည်။ အစီအစဉ်မှာ ပဒေသာပင်ကို ရွာထဲ၌ အဆို၊ အတီး၊ အမှုတ်၊ အက၊ အခုန်တို့ဖြင့် လှျောက်လှည့်၍ ဘုန်းတော်ကြီးကျောင်းသို့ အရောက်သွားရန်ဖြစ်သည်။

ပဒေသာပင်လှည့်ရာတွင် မခင်ထွေးမြင့် ခေါင်းဆောင်သော အပျိုတစ်သင်းက ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် ရှေ့က စီတန်း၍ လိုက်ပါရမည်။ မောင်ရှင်လောင်းတင် မြင်းများ၊ နားထွင်းနားသ အမျိုးသမီး ဝေါယာဉ်များ၊ ခြေပြေးနွားလှည်းယာဉ်များ၊ ပဒေသာပင်တင် လှည်းများ၊ အတီးအခုန်အကအခုန်ဝိုင်းများက နောက်မှ လိုက်ကြရမည်ဖြစ်လေသည်။

ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အချောများထဲတွင် တင်မြနွယ်ဆိုသည့် အပျိုချောမလေးမှာ အသက်အရွယ်အားဖြင့် (၁၈)နှစ်ခန့်သာ ရှိသေးသော်လည်း လုံးကြီးပေါက်လှမလေးဖြစ်သည်။

ဆင်ငယ်ပြေးကုန်းရွာတွင် ကာလသားများ အပိုးပန်းခံရဆုံးသော မိန်းမပျိုလေးဖြစ်သည်။

ဤသို့သော အလှူအတန်းမျိုးတွင် တင်မြနွယ်က အချောဆုံး အလှဆုံး ဖြစ်၍ မိန်းမပျိုကလေးများ၏ ရှေ့ဆုံး၊ ထိပ်ဆုံးနေရ၏။

အလျှိုတိုင်းတွင်လည်း တင်မြနွယ် တစ်ယောက် အမြဲတမ်း ထိပ်ဆုံးက ပါဝင်ခွင့်ရသည်အထိ မျက်နှာပွင့်လှ၍ တင်မြနွယ် မပါသောအလှူတွင် ဟာတာတာကြီး ဖြစ်နေသည်ဟု ရွာလူကြီးများ ဆိုစမှတ်ပင် ဖြစ်လာလေသည်။

ထို့အပြင် တင်မြနွယ်လေးမှာ အမျိုးသမီးခေါင်း ခင်ထွေးမြင့်နှင့် ညီမဝမ်းကွဲတော်စပ်သေးသည်။

သို့ဖြင့် ယနေ့ ရှင်ပြု နားသအလှူတော်မင်္ဂလာပွဲ ကြီး၏ ရှင်လောင်းယူပဒေသာပင် လှည့်ပွဲကို စတင်လိုက်လေပြီ။

ထို့ကြောင့် ထုံးစံအတိုင်း ရှေ့ဆုံးမှ ရွာမျက်နှာဖုံး အချောအလှမလေး တင်မြနွယ်က လိုက်ပါရ၏။

သူ့နောက်မှ အခြားသော မိန်းမပျိုလေးများက လိုက်ရ၏။

အပျိုကြီး ဆရာမ ခင်ထွေးမြင့်မှာ ကွမ်းတောင်ကိုင် အမျိုးသမီးလေးများကို အုပ်ချုပ်ရင်း လိုက်ပါလာခဲ့သည်။ သူတို့ နောက်မှ ပဒေသာပင်နှင့် ဖြောစည်ဝိုင်းများပင် ဖြစ်လေသည်။

အလှူရုံပဒေသာပင်မှာလည်း မြိုင်ဆိုင်လှ၏။ ထိပ်ဆုံး မှ ဘုန်းကြီးဆောင်းထီးတစ်လက်ကို ဖွင့်ထား၍ အောက်တွင် ပရိက္ခရာ(၈)ပါးနှင့် အခြားလှူဖွယ်ပစ္စည်းမျိုးစုံတို့ ပါဝင်လေ သည်။





ဖြောစည်ဝိုင်းမှာလည်း မြိုင်ဆိုင်စွာကောင်းလှ၏။ ကာလသားခေါင်း တင်ဋ္ဌေက ပါးစပ်ပြဲကြီးနှင့် သီချင်းကို စတိုင် ကျကျ ဟဲနေ၏။ လူပျိုကြီး သိန်းဇော်ကလည်း ခေါက်ကလေးပု၍ မောင်းဆိုင်းကြီးကို ခေါက်တီးနေပြီး မောင်သန့်ဇင်မှာ မင်းသား အဝတ်အစားနှင့် ကွေးနေအောင် ကနေလေသည်။

ကာလသားများ ဖြစ်ကြသော မောင်ဝမ်းဇော်နှင့် ကိုသာလှတို့က ဖြောစည်တီးဝိုင်းအဖွဲ့နှင့်အတူ လိုက်ကာ ဝါး လက်ခုပ်တီး၍ စည်းလိုက်ရ၏။ ကိုတင်ဋ္ဌေ ဦးဆောင်သော ဒိုးပတ်သီချင်း၊ တေးထပ်သီချင်းများကို ညာသံပေး၍ သံပြိုင် လိုက်ရလေသည်။

ဤနေ့အဖို့ ဆင်ငယ်ပြေးကုန်းရွာကလေးမှာ သာယာ လှပနေ၏။ ပျော်ရွှင်ဖွယ် ကြည်နူးဖွယ်ကောင်းလှပေ၏။ ရွာသူ ရွာသားများမှာလည်း အဝတ်အစားသစ်များ ကိုယ်စီကို ဝတ်စားပြင် ဆင်ထားကြလျက် စိတ်အပျော်ဆုံး အရွှင်ဆုံး ဖြစ်နေကြလေ သည်။

မောင်ဝမ်းဇော် တစ်ယောက်မှာ ဖြောတီးဝိုင်းထဲ လိုက်နေရသော်လည်း စိတ်ဝင်စားခြင်း သိပ်မရှိ။ တကယ် စိတ် ဝင်စားနေတာက သူ့ မျက်စိရှေ့မှ တန်းစီသွားနေသော ရွာသူ ကွမ်းတောင်ကိုင် အလှမယ်လေးများထံ ရောက်နေလေ၏။

ဘယ်သူက ဘယ်သူ့ထက် ချောတယ်၊ ဘယ်သူကတော့ လက်ဝတ်ရတနာပစ္စည်းတွေ ဆင်ယင်ထားသော်လည်း လှပုံစံက ရွှေနှင့် မလိုက်ပုံများ စသည်ကို အကဲခတ်နေချင်ပေသည်။

ယခုပွဲသို့ ရွာ၏ မျက်နှာဖုံး ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ အချောအလှကလေးများ တွေ့ချင်တိုင်း မတွေ့ရ၊ မြင်ချင်တိုင်း မမြင်ရ၊ ကြုံခဲလှသော ခုလို ပွဲကြီးပွဲကောင်းနေ့မျိုးတွင် တစ်ဝကြီး လှမ်း၍ ကြည့်နေချင်သည်။

အစ်ကိုကြီး ကိုသာလှ တစ်ယောက်မှာလည်း ဝါးလက်ခုပ်တီးရင်း ရင်တွင်းမှာ အတော်ပင် မြူးပျော်နေပုံရ၏။ ပြီးတော့ သူ့မျက်စိတွေက တစ်ခါတစ်ရံ ဗြောစည်ဝိုင်းရှေ့က အပျိုကြီး ခင်စုရီထံ ရောက်သွားလေသည်။

ထိုအခါတွင် ကိုသာလှက မသိမသာပင် ပင့်သက်ကြီးကို ရှူလိုက်မိလေသည်။

"အင်း ... ခင်စုရီကြီးလည်း အခုထက်ထိ အပျိုကြီးဘဝ ရှိသေးတယ်၊ အဲ ... ပြီးတော့ ကြည့်လို့ကောင်း ရှုလို့ကောင်း၊ အရွယ်ကလည်း ကောင်းတုန်းပဲရှိသေးတယ်၊ ဒီ ခင်စုရီကြီးနဲ့ ငါနဲ့ဆိုရင် ရွယ်တူတန်းတူပဲ၊ သူလည်း အပျိုကြီး၊ ငါကလည်း လူပျိုကြီး ... အဟီး ... ဟီး"

ဟု ကိုသာလှ စိတ်ထဲမှ တွေး၍ သဘောကျနေပြန်၏။





တကယ်လည်း မခင်စုရီကြီး၏ အပျိုရည်မပျက်ပုံ၊ ကိုယ်ကာယ တောင့်တင်းပုံများ၊ တင်တွေ၊ ရင်တွေကအစ အချိုးအစား ကျနနေပုံများကိုလည်း မျက်စိအာရုံ ခံစားရင်း သုံးသပ်မိလေသည်။

အခြားသော ကာလသားများမှာ ဗြောစည်ဝိုင်းဆီမှ ကွေးနေအောင် ကနေသော အကကို သဘောကျ၊ စိတ်ဝင်စားနေခြင်းကြောင့် မောင်ဝမ်းဖော်တို့ ညီအစ်ကို ဖြစ်နေပုံများကို သတိမထားမိကြချေ။

မောင်ဝမ်းဖော်၏ မျက်စိထဲတွင်လည်း ကွမ်းတောင်ကိုင်အပျိုများထဲတွင် တင်မြနွယ်ကို အချောဆုံး၊ အလှဆုံး မယ်မလေးတစ်ဦးအဖြစ် ရွေးချယ်လိုက်ပါသည်။

တင်မြနွယ်နှင့် အိပ်မက်ထဲက မိန်းမလှကို နှိုင်းယှဉ်၍ပင် ကြည့်လိုက်မိသည်။ တကယ်တော့ အိပ်မက်ထဲတွင် တွေ့ရသော မိန်းမလှလေးမှာ ယောင်ဝါးဝါး မေ့တေ့တေ့ ဖြစ်နေသည်။

ယခု တင်မြနွယ်မှာကား မျက်မြင်ဖြစ်သဖြင့် တင်မြနွယ်က ပို၍ပင် ချောသည်။ လှပြီးတော့ ချစ်စရာလည်း ကောင်းသည်ဟု မောင်ဝမ်းဖော်က မှတ်ချက်ချလိုက်လေ၏။

သို့နှင့်ပင် အလှူရှင်လောင်းလှည့်ပွဲမှာ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရောက်ကြလေပြီ။ ဆင်ငယ်ပြေးကုန်းရွာမှ ရွာသူရွာသားများသာမက ကျွဲတပ်၊ ထနောင်းကုန်း၊ ပေကုန်း၊ ကြောင်မန်းကုန်း၊ သာလွန်း စသော ရွာနီးချုပ်စပ်များက လာရောက်ကြသဖြင့် ရှင်လောင်းထုတ်အလှူပွဲမှာ အုတ်အုတ်ခဲခဲ စည်ကားနေဆဲပင် ဖြစ်နေသည်။

ရွာတွင်းသို့ ပဒေသာပင် လှည့်သည့်ကိစ္စမှာ လူငယ်များ၏ ဆန္ဒဖြစ်သည်။ လူကြီးများက ကျောင်းသို့ ကြိုတင်၍ ရောက်နေကြပြီး အကျွေးအမွေးကိစ္စများ စီမံကြလေသည်။

ရွာဦး ဘုန်းတော်ကြီးကျောင်းထဲတွင်ကား ထိုနေ့အဖို့ ဆူညံနေလေတော့သည်။ ရွာသူကြီးဖြစ်သူ ဦးနီးတုး (ကျွဲတပ်) က အကျွေးအမွေးကိစ္စကို ဩဇာပေး၍ စီမံခန့်ခွဲနေသည်။

ကျောင်းအောက်တွင်မူ ကာလသားခေါင်းကိုတင်ငွေတို့ အိုးစည်ဝိုင်းမှာ မမောနိုင်မပန်းနိုင်အောင် ဆိုတီး ကခုန်လျက်ရှိသည်။

ကျောင်းသို့ ရောက်ကြသည်နှင့် ရွာသူအပျိုချောကလေးများက ကျောင်းပေါ်သို့ တန်းတက်ကြ၏။ ဆရာတော်ကြီးအား ရှိခိုးဝတ်ချပြီးလျှင် အချို့မှာ တစ်နေရာတွင် သိမ်သိမ်မွေ့မွေ့ ထိုင်နေကြသည်။





အချို့မှာ အကျွေးအမွေးကိစ္စတွင် ဝင်ရောက်ကူညီနေကြသည်။ ကိုသာလှ တစ်ယောက်မှာကား အိုးစည်ဝိုင်း၌ အပျော်ကြီးပျော်နေ၏။

မောင်ဝမ်းဖော်က တီးဝိုင်းအဖွဲ့မှ ထွက်ခဲ့ကာ ကျောင်းပေါ်သို့ တက်ခဲ့လေသည်။

ကျောင်းပေါ်ရောက်လျှင် ရှေးဦးစွာ တစ်နေရာ၌ ထိုင်၍ ဘုရားနှင့် ဆရာတော်ကြီးအား ရှိခိုးဝတ်ချလိုက်သည်။ ပြီးနောက် ကွမ်းတောင်ကိုင်အပျို ပရိသတ်ထဲတွင် အချောအလှ မလေး တင်မြနွယ်ကို မျက်လုံးဝေ့ကာ စိုက်ကြည့်လေသည်။

တင်မြနွယ်မှာ ကျောင်းကြီးပေါ် တစ်နေရာတွင် ဣန္ဒြေရရ သိမ်မွေ့စွာဖြင့် ထိုင်နေခြင်းကို တွေ့ရလေ၏။ ထို့ကြောင့် သူမ၏ ချောမောလှပ လှချင်တိုင်း လှနေသော အလှများကို ငေးစိုက်ကာ ကြည့်ရှုနေမိလိုက်သည်။

တင်မြနွယ်မှာလည်း မိန်းမတို့ ဗီဇမာယာဖြင့်ပင် ဘယ်ယောက်ျားလေးက စိတ်ဝင်တစား စောင့်ကြည့်နေသလဲဟူ၍ မျက်နှာရိပ် မျက်နှာကဲဖြင့် ကြည့်ချိန်တွင် မောင်ဝမ်းဖော်ကို မြင်သွား၏။

ထိုကာလသားလူပျို၏ ကြည့်ရှုနေပုံမှာ ရိုးရိုးသားသား ကြည့်ပုံမျိုး မဟုတ်၊ ဆန်းဆန်းပြားပြားအကြည့်ဖြစ်ခြင်း

ကြောင့် အပျိုဖျန်းမလေး တင်မြနွယ်က အကြည့်ခြင်း ဆုံသောအခ
ရှက်သလို ကြောက်သလိုဖြစ်ပြီး ခေါင်းကို ငုံ့သွားလေသည်။

မောင်ဝမ်းဇော်မှာလည်း တင်မြနွယ်ကို ငေးစိုက်
ကြည့်ရှုရင်းပင် မိန်းမပျိုလေး တင်မြနွယ်က သူ့ကို ပြန်ကြည့်
အကြည့်ချင်း ဆုံသောအခါ သူ့စိတ်ထဲတွင် တစ်မျိုးလှုပ်ရှားသွ
၏။ သူက မျက်နှာလွှဲပစ်လိုက်လေသည်။ သို့သော် ကြာကြာနေ
မရချေ။ တင်မြနွယ်ကိုသာလျှင် မကြာခဏ ကြည့်နေမိလေ၏

(ဤနေရာတွင် စာရေးသူ ကျွန်ုပ်က စာဖတ်
သင့်အား မိန်းမတို့၏ မာယာ(၄၀)ကို 'မေတ္တာညို့နည်
နိဿရည်း'ကျမ်းအလိုအရ ဗဟုသုတဖြစ်အောင် တင်ပြပေးလိုက်
သည်။(ဇာတ်လမ်းအကြောင်းကိုသာ သိလိုပါက ကျော်ဖတ်သွားပါ
ဖတ်ရှုမည်ဆိုပါက မိန်းမများကို အကဲခတ်နိုင်ရန် မာယာ ၄
တို့ကို ပါဠိစာနှင့်အတူ အဓိပ္ပာယ်အကျယ်ကို သိရသဖြင့် ဆော
လိုက ဆောင်နိုင်၍ ရှောင်လိုက ရှောင်နိုင်ပါလိမ့်မည်။

စာရေးသူ။)

မိန်းမတို့မာယာ(၄၀)မှာ အောက်ပါအတိုင်း ...

**၁။ ဝိဇမ္ဘတိ** = ကိုယ်ကို ဆန့်၏ (မိမိချစ်သောသူအား ချစ်ကြော
သိစေရန် နီးရာကဖြစ်စေ၊ ဝေးရာကဖြစ်စေ ကိုယ်အမူအ
ဟန်တို့ကို ဆန့်၍ ပြတတ်ခြင်း။)





**၂။ ဝိနမတိ** = ကိုယ်ကို ညွတ်၏။ (ကိုယ်လုံးကိုယ်ပေါက်ကလေးကို မြင်စေတော့ ငါ၏ ကိုယ်လုံးကလေးကို စိတ်၌ စွဲစေတော့ဟု ကိုယ်ကာယာကို နွဲ့ညွတ်၍ပြတတ်ခြင်း။)

**၃။ ဝိလာသတိ** = စမွယ်၏။ (မိမိကို ချစ်စွဲလေအောင် အဝတ်အမျိုးမျိုးတို့ကို ဝတ်ဆင်၍ ပြခြင်းလည်း စမွယ်၍ပြခြင်းဟုမှတ်။)

**၄။ ဝိလဇ္ဇတိ** = ရှက်သလိုပြု၏။(မချိုမချဉ် မျက်နှာထားလျက် ရှက်သလို, ကြောက်သလို ပြုခြင်းသည်လည်း မေတ္တာရှိကြောင်း ပြခြင်းဟုမှတ်။)

**၅။ နခေန နခံ** = လက်သည်းချင်းချင်း ဃဋ္ဋေတိဖြစ်၏။ (မျက်စိကလေး ခတ်မှေးမှေးထားလျက် စဉ်းစားလေဟန်ဖြင့် လက်သည်းချင်းပွတ်ခြင်း၊ ဖြစ်ခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၆။ ပါဒေန ပါဒံ** = ခြေထောက်ချင်းချင်း၊ အက္ကမတိ=နင်း၏ (ရှောင်ချိစွာမရှိ လိုဖက်မပြည့်သည့်သဘော မျက်နှာကို မှုန်သိုသို ထားလျက် ခြေထောက်ချင်း နင်း၍ပြုခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၇။ ကဋ္ဌေန** = တုတ်တံထင်းစကလေးများဖြင့်၊ ဝိလစတိ – ခြစ်၏။ (အတွင်းဆွေးဖြင့် စိတ်မအေးလို ဖျာ, ကော်ဇော, ပျဉ် မြေတို့ကို ခြစ်၍ ပြခြင်းသည်လည်း မေတ္တာရှိကြောင်းကို ပြခြင်းဟုမှတ်။)

**၈။ ဒါရကံ** = သူငယ်ကို ဥလ္လင်္ဃတိ = မြှောက်ပင့်၏။ (ကလေးသူငယ်ကို ချီ၍ မြှောက်ပင့်၍ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၉။ ဥလင်္ဃာပေတိ** = မြှောက်လည်းမြှောက်စေ၏။ (သူတစ်ပါးကလေးများကို မြှောက်ပင့်၍ ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၁၀။ သိဃ်တိ** = နမ်း၏။ (ချစ်ကြောင်းကိုသိအောင် ရည်မှန်းစိတ်ကူး၍ အမှန်ချစ်ပါရဲ့ဟု ကလေးများကို နမ်း၍ ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြခြင်းဟုမှတ်။)

**၁၁။ သိဃ်ပေတိ** = နမ်းစေ၏။ (နမကတော့ ချစ်ပါရဲ့ နမကဲ့သို့ ချစ်ကဲ့လားဟု ကလေးအား အနမ်းခိုင်းခြင်းလည်း မေတ္တာရှိကြောင်းပြခြင်းဟုမှတ်။)

**၁၂။ တိဋ္ဌတိ** = ကစား၏။ (ကလေးသူငယ်များနှင့် ကစားပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်ပြသည်ဟုမှတ်။)

**၁၃။ တိဋ္ဌာပေတိ** = ကစားစေ၏။ (ပြက်ရယ်စကားပြောလျက် ကလေးကို ကစားခိုင်းခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၁၄။ စုမ္ဗတိ** = ဖက်ယမ်း၏။ (ကလေးကို အတင်းဖက်ပြီး မြှောက်လိုက် ယမ်းလိုက်လုပ်ခြင်းသည် မေတ္တာပြုလုပ်သည်မှတ်။)





**၁၅။ စုမ္ဗာပေတိ** = ဖက်ယမ်းစေ၏။ (မိမိအား ကလေးက တစ်ဖန်ပြန်၍ ဖက်ယမ်းစေခိုင်းခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၁၆။ ဘုဥ္ဇတိ** = စား၏။ (အစားအသောက်ကို စားသောက်ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၁၇။ ဘုဥ္ဇာပေတိ** = စားစေ၏။ (ကလေးများကို စားသောက်စေခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၁၈။ ဒဒါတိ** = ပေး၏။ (ကစားစရာပေး၍ ကလေးကို ချစ်ယောင်ပြုလုပ်သည်ကိုလည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၁၉။ အာယာစတိ** = တောင်း၏။ (ကလေးများကို ဘာဘာညာညာ တောင်းပြီး ကျီစားလိုယောင်ဖြင့် ပြန်၍ တောင်းခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်ပြသည်ဟုမှတ်။)

**၂၀။ ကထံအနုကရောတိ** = အစဉ်လိုက်၍ပြု၏။ (ကလေးဖြင့် အတိုက်အခံကျီစယ်၍ ပြုလုပ်ကြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်ပြသည်ဟုမှတ်။)

**၂၁။ ဥစ္စံဘာသတိ** = မြင့်၍ဆိုခြင်းခြင်း (မြှောက်ပင့်၍ ချီးမွမ်းစကားဖြင့် ပြောဆိုခြင်းသည်လည်း မေတ္တာရှိကြောင်းဟုမှတ်)

**၂၂။ နီစံ ဘာသတိ** = နိမ့်၍ဆို၏။ (အသံကို သနားစရာဖြင့် မပီကလာ ပီကလာဖြင့် နှိမ်ချ၍ဆိုပြခြင်းသည်လည်း မေတ္တာရှိကြောင်းဟုမှတ်။)'

**၂၃။ နဇ္ဇေန** = ကခြင်းဖြင့်လည်းကောင်း၊ ဂီတေန = သီဆိုခြင်းဖြင့်လည်းကောင်း၊ ကရောဟိ = ပြု၏။ (ရုပါရုံဘမ်းပြ၍ မက်လောက်အောင် ကခြင်း သီဆိုခြင်းဖြင့် ပြုလုပ်ခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၂၄။ ဇဂ္ဃတိ** = ပြင်းစွာရယ်၏။ (ကိုယ်ကို တွန့်လိမ်၍ ပြင်းစွာရယ်ခြင်းသည်လည်း မေတ္တာရှိကြောင်း ရယ်ခြင်းဟုမှတ်။)

**၂၅။ ပေက္ခတိ** = စောင်း၍ကြည့်ခြင်း (ကြာကြည့်အနေမျိုးဖြင့် ရှက်စနိုးအမူအရာနှင့် စောင့်၍ ကြည့်ခြင်းသည်လည်း မေတ္တာရှိကြောင်းကြည့်သည်ဟုမှတ်။)

**၂၆။ ကဋိ** = ခါးကို၊ စာလေတိ = လှုပ်၏။ (ခါးကို တွန့်လိမ်၍ လှုပ်ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ကြည့်သည်ဟုမှတ်)

**၂၇။ ဂုယှဘဏ္ဍံ** = လျှို့ဝှက်သောအင်္ဂါကို သဉ္ဇာလေတိ = လှုပ်၏။ (ရင်ပုံ = သားမြတ် လှုပ်၍ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြခြင်းဟုမှတ်။)

**၂၈။ ဥရုံ** = ပေါင်ကို တိဝရတိ = ဖွင့်၏။ (မိမိ၏ သလုံးသားပေါင်ကို ပက်လောက်အောင် ဖွင့်ပြခြင်းသည်လည်း မေတ္တာရှိကြောင်းပြသည်ဟုမှတ်။)

**၂၉။ ဥရုံ** = ပေါင်ကို၊ ဝိဒဟတိ = ဖုံး၏။ (ရှက်ယောင်ဟန်ဖြင့် မိမိ၏ သလုံးပေါင်ကို အဝတ်ဖြင့် ဆွဲယူဖုံးဖိခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)





**၃၀။ ထနံ** = နုထွတ်လက်လက် ဖြူညက်ညက်နှင့် ဆူထွက်သော သားမြတ်ကို (ဝါ) မြင်သူတွေမှာငေး၊ အူရွှင်စရာ ဆေးဖြစ်၍ ကေးစံနှစ်အရေမြိုင်သည့် စနေနှစ်ခိုင်ကို၊ ဒသေတိ = ပြ၏။ ဖွဲ့မက်လောက်အောင် သားမြတ်ကို မမြင့်တမြင် ပြခြင်းသည်လည်း မေတ္တာရှိကြောင်းပြသည်ဟုမှတ်။)

**၃၁။ ကစ္ဆံ** = ချိုင်းကြားကို သသေတိ = ပြ၏။ (လက်ရုံးရင်း, ိုင်းကြား စသည်တို့ကို မြှောက်ပင့်ပြခြင်းသည်လည်း မေတ္တာရှိ ကြောင်းပြသည်ဟုမှတ်။)

**၃၂။ နာဘိ** = ချက်ကို ဒသေတိ = ပြ၏။ (ဆီးစပ်ခုံရှိ ချက် သည်တို့ကို မက်အောင်ပြင်ခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၃၃။ အက္ခိ** = မျက်စိကို နိက္ခနတိ = မှိတ်၏။ (မိမိ၏ မျက်စိကို မှေးမှေးပြုလုပ်၍ပြခြင်း၊ မှိတ်၍ ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၃၄။ တမုံ** = မျက်မှောင်ကို ဥက္ခိပတိ = ချီ၏။ (ဝါ) မျက်စပစ် ၏။ (မျက်စိကလေး ခပ်မှေးမှေးနှင့် မျက်ခုံးကလေးကို ပင့်ချီ၍ပြ ခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၃၅။ ဩဋ္ဌံ** = နှုတ်ခမ်းကို ပလက္ခတိ = ကိုက်၏။ (အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းတို့ကို ကိုက်၍ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ကို ပြသည်ဟုမှတ်။)

**၃၆။ ဓိဝံ** = လျှာကို၊ နိလ္လာလေတိ = ထုတ်၏။ (လျှာကို ထုတ်၍ နှုတ်ခမ်းကို လျက်၍ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၃၇။ ဒုဿံ** = ခါးဝတ်ကို၊ မုဥ္စတိ = ကျွတ်ချင်ယောင်ပြုလုပ်၏။ (ထဘီကို မခိုင့်တရို့ ဝတ်ပြီး ကျွတ်ကျတော့မည့်ပုံ ပြုလုပ်ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟုမှတ်။)

**၃၈။ ဒုဿံ** = ခါးဝတ်ကို၊ ပဋိဗန္ဓတိ = ခဏခဏပြင်၍ ဝတ်၏။ (ထဘီကို ခဏခဏ ဝတ်ခြင်းသည်လည်း မေတ္တာရှိကြောင်းပြသည်ဟုမှတ်။)

**၃၉။ ကေသံ** = ဆံပင်ကို၊ မုဥ္စတိ = ဖြေ၏။ (ဆံပင်ကို ဖြေ၍ ပြခြင်းသည်လည်း မေတ္တာရှိကြောင်း ပြသည်ဟုမှတ်။)

**၄၀။ ကေသံ** = ဆံပင်ကို ဗန္ဓတိ = ပြုပြင်၍ထုံး၏။ (ဆံပင်ကို ပြင်၍ ဆံထုံးကို လှပစွာပြင်ပြီး ထုံးခြင်းသည်လည်း မေတ္တာရှိကြောင်းပြသည်ဟုမှတ်။)

(မိန်းမမာယာ ၄၀ ပြီး၏။)





အလှပဂေးမလေးတင်မြနွယ်ကလည်း မောင်ဝမ်းဇော်က သူ့အား ကြည့်ရှုနေတတ်သည်ကို သတိထားမိကာ သူ့ကို ကြည့်နေတုန်းပဲလားဟု ထင်ကာ မကြာခဏ ပြန်၍ ကြည့်မိလေ၏။

သို့နှင့်ပင် သူတို့နှစ်ဦးသည် အလှူကိစ္စ၊ အကျွေးအမွေးကိစ္စများကို ဂရုမထားနိုင်ဘဲ တစ်ဦးကိုတစ်ဦး အပြန်အလှန် ကြည့်နေကြခြင်းကိုသာ အာရုံစိုက်နေကြတော့သည်။

တစ်ချက်တစ်ချက်တွင် မောင်ဝမ်းဇော်က တင်မြနွယ်ကို ကြည့်နေသောအခိုက် တင်မြနွယ်က ပြန်ကြည့်သောအခါ မောင်ဝမ်းဇော်က သူ၏ မျက်နှာကို အကြည်လင်ထားကာ ပြုံးပြလိုက်ကာ ယောကျ်ားများ၏ မာယာ (၉)ပါးကို အသုံးချလိုက်လေ၏။

'ယောကျ်ားတို့မာယာ'ဟု အျွတ္တရကျမ်းများတွင် မတွေ့ရတတ်ပါဟု လောကီဝိဇ္ဇာဆရာကြီး မြစကြာမှ ပြောပြခဲ့ဖူးပါသည်။

ယောက်ျားတို့မာယာ (၉)ပါးကို လောကီပုဏ္ဏား ကျမ်းတွင်သာ ပြဆိုထားပြီး မှတ်သားမှုလွယ်ကူစေရန် မောင်ဝမ်း ဇော်တို့ လူပျိုကာလသားများအား အောက်ပါအတိုင်း ပြောပြ တတ်လေ၏။

"တို့များ ယောက်ျားတွေရဲ့ မာယာဆိုတာက ...

(၁) အမျိုးဂုဏ်ကို ပြတတ်ခြင်း၊

(၂) ပညာဂုဏ်ကို ပြတတ်ခြင်း၊

(၃) ပစ္စည်းဂုဏ်ကို ပြတတ်ခြင်း၊

(၄) ဝမ်းသာဝမ်းနည်း ပြုတတ်ခြင်း၊

(၅) အစဉ်မပြတ် နောက်ယောင်ခံခြင်း၊

(၆) အစားအသောက်လက်ဆောင်များပေးကမ်းခြင်း၊

(၇) မြှောက်စားချီးမွမ်းတတ်ခြင်း၊

(၈) အဝတ်အစား ပြောင်းလဲဝတ်ခြင်း၊

(၉) ကိုယ်ကာယတောင့်တင်း၊ ကျန်းမာခြင်းကို ပြတတ်ခြင်း တို့ပေါ့"

နံပါတ်(၁) အမျိုးဂုဏ်ဆိုတာက -

ကျွန်တော်တို့ဟာ အညတြမဟုတ်၊ အလွန်မြင့်သော မင်းစိုးရာဇာ၊ ကုန်သည် ပွဲစားမျိုးပါဟု အမျိုး၏ဂုဏ်ကို အမွှန်း တင်ပြောဆိုခြင်းပါပဲ။





နံပါတ်(၂) ပညာဂုဏ်ဆိုတာက -

ကျွန်တော့်ပညာက ဘီအေ၊ အမ်အေ၊ အိုင်စီအက် (ဒါမှမဟုတ်) မည်သည့်အတတ်ပညာမျိုး ပြောဆိုတတ်ခြင်းပါပဲ။

နံပါတ်(၃) ပစ္စည်းဂုဏ်ဆိုတာက -

ပစ္စည်းဥစ္စာကြွယ်ဝလျှင် ပစ္စည်းဥစ္စာကြွယ်ဝကြောင်း တို့ကို ပြောဆိုတတ်ခြင်း၊

နံပါတ်(၄) ဝမ်းသာဝမ်းနည်းဆိုတာက -

ဝမ်းသာသောအမူအရာ ဝမ်းနည်းသောအမူအရာကို ပြုလုပ်ပြတတ်၏။

နံပါတ်(၅) အစဉ်အပြတ် နောက်ယောင်ခံခြင်း-

ဆိုတာက မိမိ ကြိုက်နှစ်သက်တဲ့ မိန်းကလေးနောက် ကို နောက်ယောင်ခံလိုက်ခြင်း။

နံပါတ်(၆) လက်ဆောင်ပေးခြင်းဆိုတာက -

ကြိုက်နှစ်သက်တဲ့ မိန်းမကို အဝတ်အစားလက် ဆောင်များ ပေးတတ်ခြင်း။

နံပါတ်(၇) မြှောက်စားချီးမွမ်းခြင်းဆိုတာက တယ် ချောပါလား၊ တကယ်လှပါကလား စသဖြင့် မြှောက်ပင့်တတ်ခြင်း။

နံပါတ်(၈) အဝတ်အစား ပြောင်းတတ်ခြင်းဆိုတာက မက်လုံးရအောင် အဝတ်အစား သစ်သစ်လွင်လွင်တို့ကို ပြောင်းလဲ ဝတ်ဆင်ခြင်းပါပဲ။

နံပါတ်(၉) ကိုယ်ကာယတောင့်တင်းကျန်းမာခြင်းကို ပြတတ်ခြင်းဆိုတာက ...

သန့်ရှင်းပါတယ် အားရှိပါတယ် ဆိုတာတွေကို ယောက်ျားလေးတွေ မာယာလုပ်ကြခြင်းများအား ဖွင့်ဆိုရှင်းပြခဲ့ဖူးလေသည်။

မောင်ဝမ်းဖော်က ပြုံးပြသောအခါ တင်မြနွယ်က ပြန်လည်ပြုံးပြခြင်းကို အတိအလင်း လုပ်ပြသည်တော့ မဟုတ်။ မိန်းမလှလေး တင်မြနွယ်၏ မျက်နှာလေးမှာ အမြဲတစေ ပြုံးရွှင်ချိုနေသော အသွင်ကို ဆောင်နေခြင်းသာလျှင် ဖြစ်ပေတော့သည်။

ဤသို့ဖြင့် ရွာဦးဘုန်းကြီးကျောင်းပေါ်တွင် အကျွေးအမွေးကိစ္စများကား ပြီးဆုံးသွားလေပြီ။

လှူဖွယ်ဝတ္ထုပဒေသာပင်နှင့်တကွ ရွာသူရွာသားများကလည်း ပြည့်နှက်လျက် ကျောင်းကြီးအပေါ်ထပ်တွင် ရောက်ရှိနေတော့သည်။

ကျောင်းထိုင်ဘုန်းတော်ကြီးမှာလည်း တရားကိုဟောရန် အသင့်ရှိနေတော့သည်။

ရွာသူကြီးက ကျယ်လောင်သော အသံကြီးဖြင့် ကျောင်းအောက်ရှိ ရွာသူရွာသားများ တရားနာရန် ထပ်မံ၍ ဖိတ်ခေါ်လိုက်လေသည်။





တရားဟော၊ ရေစက်ချ၊ အမျှဝေ ကိစ္စများ၊ လှူဖွယ်ဝတ္ထုကိစ္စများကား ပြီးဆုံးသွားလေပြီ။ ရွာသူရွာသားအချို့လည်း ပြန်ကုန်ကြလေပြီ။

ထိုအခါ မောင်ဝမ်းဖော်က မိန်းမလှလေး တင်မြနွယ်ကို အလစ်မပေးဘဲ စောင့်ကြည့်ခဲ့၏။

ခဏကြာသောအခါ တင်မြနွယ်နှင့် မိန်းမဖော်တစ်ဦးသည် ကျောင်းပေါ်မှ ကျောင်းအောက်ကို ထ၍ ဆင်းသွားသဖြင့် မောင်ဝမ်းဖော်လည်း မသိမသာနှင့် လိုက်သွားမိလေသည်။

အပျိုချောမလေး တင်မြနွယ်တို့မှာ အဖော်များနှင့် တစုတဝေးတည်း အပျိုခေါင်း ဆရာမဒေါ်ခင်ထွေးမြင့်တို့နှင့်အတူ ကျောင်းတွင် ဆောင်ရွက်ဖွယ်ကိစ္စများပြီးမှ ပြန်ရမည်ဖြစ်သောကြောင့် မပြန်ခင် ကျောင်းအောက်သို့ အညောင်းပြေ ဆင်းလာခဲ့ခြင်းပင်ဖြစ်သည်။

ဘုန်းကြီးကျောင်းအောက်တွင်ကား၊ လူသူရှင်းလင်းနေပြီဖြစ်၏။ ကျောင်းပရဝုဏ်ဝန်းအတွင်းတွင်ရှိ ပန်းပင်များ၊ သစ်ပင်ငယ်ကလေးများမှာ သာယာစိုပြည်လျက် ရှိနေပေသည်။

ကျောင်းထိုင်ဘုန်းကြီးမှာ စိုက်ပျိုးမှု ဘက်တွင် ဝါသနာပါသည့်အလျောက် ကျောင်းဝန်းမြေရှိသရွေ့ တစ်နေရာမှ မလစ်လပ်အောင် သစ်ပင်များ၊ သီးပင်များကို စိုက်ပျိုးထား၏။

ထို့ကြောင့် ဥယျာဉ်ကလေး တစ်ခုသဖွယ် လှပသာယာလျက်ရှိသည်။

တင်မြနွယ်နှင့် မိန်းမဖော်တစ်ဦးသည် ကျောင်းအောက်မှတစ်ဆင့် ဥယျာဉ်ဘက်သို့ လျှောက်၍ ကြည့်ရှုနေကြသည်။

မောင်ဝမ်းဇော်တစ်ယောက် သူတို့နောက်မှ မယောင်မလည် လိုက်လာသည်ကို သူတို့ သတိမပြုမိကြသေးချေ။

အမှန်တကယ်မှာမူ မောင်ဝမ်းဇော်မှာ ထ၍ လိုက်လာရသော်လည်း သူ့ကိုယ်သူ ဘာလုပ်ရန် လိုက်လာသည်ဟု အဖြေမပေးနိုင်အောင် ဖြစ်နေသည်။

သို့သော် တဖြည်းဖြည်းနှင့် အကြံပေါက်လာလေပြီ။ ထိုအကြံမှာ တင်မြနွယ်အား လူရှင်းချိန် နှစ်ကိုယ်ကြား တွေ့ပါက လူပျိုစကား၊ ချစ်စကား၊ ကြိုက်စကားပြောမည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။

သူသည် သူတို့၏ ရွာသူအချောအလှ ရွာမျက်နှာဖုံး တင်မြနွယ်လေးကို ယခင်ကလည်း ယခုကဲ့သို့ အလှူအတန်းပြုတိုင်း ရွာထဲလမ်းလျှောက်ထွက်တိုင်း မြင်တွေ့မိ၏။

သို့သော် မည်သို့မှ စိတ်ထဲတွင် ဖောက်ပြန်မှု မရှိခဲ့ချေ။





အမှန်စင်စစ် မောင်ဝမ်းဇော်၏ စမုံမြစ်ရိုးကျွန်းပေါ်မှာ မြောတိုင်ခုတ်သွားပြီးနောက် ပြန်လာမှ သူ့တွင် ကာလသားဘဝ၊ လူပျိုတို့သဘာဝ ဆန့်ကျင်ဘက် မိန်းမကို စိတ်ကူးမိခြင်းဖြစ်၏။

အတိအကျ ဆိုရပါသော် မာယာညို့ချက်များနှင့် ချစ်အိပ်မက်ထဲတွင် မိန်းမလှလေးတစ်ဦးက သူမဟာ ဘဝဟောင်းက ချစ်သူရယ်ပါဟု ပြောဆိုခြင်းခံရသည့်အချိန်မှ စတင်၍ သိခဲ့ရ၏။

တစ်နည်းအားဖြင့် အိပ်ပျော်နေခဲ့သော အချစ်စိတ် အဖိုသဘာဝ စိတ်များကို နိုးကြားထကြွခဲ့လေသည်။

ထို့ကြောင့်ပင်လျှင် အလှူရှင်လောင်းလှည့်ပွဲတွင် စီတန်းလိုက်ပါလာသော မိန်းမပျိုကွမ်းတောင်ကိုင် ရွာသူမလေးများအား တစ်ဦးစီ တစ်ဦးစီ အချောအလှ ရွေးချယ်၍ ကြည့်မိသည်။

ပြီးတော့ မာယာညို့ချက်များနှင့် အိပ်မက်သခင်မလေးတို့ကို အလှချင်း ယှဉ်ကြည့်မိပြန်သည်။

ယခုဆိုလျှင် မောင်ဝမ်းဇော်သည် သူတို့ရွာဖြစ်သော ဆင်ငယ်ပြေးကုန်းရွာမှ အချောဆုံးအလှဆုံး အပျိုမလေး တင်မြနွယ်ကို ချစ်ခင်စွဲလမ်းနေခဲ့ပါပြီ။

ယခုပင်လျှင် လူရှင်းလျှင်ရှင်းသလိုပင် နှစ်ကိုယ်ကြား မေတ္တာချစ်စကားတွေ ပြောရန် အရဲစွန့်၍ ထလိုက်လာခဲ့ပါလေပြီ။

တင်မြနွယ်မှာ ရွာဦးကျောင်းဝန်းထဲမှ ပန်းဥယျာဉ်တို့၏ လှပပုံ၊ သာယာစိုပြည်ပုံများကို ကြည့်ကာ စိတ်ထဲတွင် အလိုလိုကြည်နူးရွှင်ပျော်လာလေသည်။

သူမနှင့် အဖော်ပါလာသော မိန်းမပျိုလေးဖြစ်သူ ချမ်းချမ်းမှာလည်း ကြည့်ရင်း ရှုရင်းနှင့်ပင် တင်မြနွယ် အနီးမှ ရှေ့သို့ ကျော်လွန်၍သွားသဖြင့် တင်မြနွယ်မှာ တစ်ဦးတည်း နောက်ကျန်ခဲ့လေသည်။

နောက်မှ လိုက်လာသော မောင်ဝမ်းဇော်သည် တင်မြနွယ် တစ်ယောက်တည်းကိုသာ တွေ့မြင်လိုက်ရသောအခါ အနီးသို့ ရောက်အောင် ခပ်သွက်သွက်ကလေး တိုးသွားလေတော့သည်။

သို့သော် မောင်ဝမ်းဇော်သည် တင်မြနွယ် အနီးသို့ ရောက်သောအခါ သူ့တစ်ကိုယ်လုံး တုန်လှုပ်နေတော့သည်။

မိန်းမပျိုလေး တင်မြနွယ်ကို လူပျိုစကား ပြောရမည်ကို မရဲမဝံ့အောင် ဖြစ်နေပြန်သည်။ အပျိုမလေး တင်မြနွယ်မှာ နောက်မှ မောင်ဝမ်းဇော် ရောက်နေသည်ကို မသိရှာသေးဘဲ





ဥယျာဉ်အတွင်းရှိ သစ်ပင်ပန်းမာလ်များကိုသာ စိတ်ဝင်တစား လိုက်လံကြည့်ရှုနေဆဲပင် ဖြစ်တော့သည်။

မောင်ဝမ်းဇော်ကမူ စိတ်ထဲ ချီတုံချတုံ ဖြစ်နေရသော်လည်း မိန်းမပျိုလေး တင်မြနွယ်နောက်မှနေ၍ တင်မြနွယ်၏ ချောမောလှပပုံ၊ ကိုယ်လုံးကိုယ်ပေါက် ဖြောင့်စင်းပုံ၊ အချိုးအစား ကျပုံများကို ခြေဆုံးခေါင်းဆုံး သိမ်းကျုံး၍ ကြည့်နေမိပါသည်။

ထို့ကြောင့် မောင်ဝမ်းဇော်မှာ ရာဂတဏှာစိတ်များ၏ ထကြွလာမှုကြောင့် ချွေးသီးချွေးပေါက်များပင် ကျလာ၏။ သို့ဖြစ်၍ သက်ပြင်းတစ်ချက်ကိုပင် မှုတ်ထုတ်လိုက်မိလေသည်။

ထို့နောက် ဖြစ်လိုရာဖြစ်စေတော့ဟု အရဲစွန့်ကာ ...

"တင် ... မြ ... နွယ်"

ဟု မတိုးမကျယ် တစ်လုံးချင်းပင် ခေါ်လိုက်မိသည်။

အပျိုဖျန်းမလေး တင်မြနွယ်မှာလည်း ရုတ်တရက် လန့်သွားကာ နောက်သို့ လှည့်ကြည့်လိုက်ရာ မောင်ဝမ်းဇော်ကို ရုတ်တရက် တွေ့လိုက်သဖြင့် ရင်ထဲမှာ တထိတ်ထိတ်နှင့် ကြောက်ရွံ့သွားလေသည်။

"နင် ဒီမှာ ဘာလာလုပ်နေတာလဲဟင်"

မောင်ဝမ်းဇော်က ဆက်၍ မေးလိုက်သည်။ အမှန်စင်စစ် တင်မြနွယ်သည် သူ့ထက်အသက်ငယ်သည်ဖြစ်၍ သူတို့

တော့သူတောင်သားတို့၏ ဘာဝအားဖြင့် 'နင်' ဟူသော စကားလုံးဖြင့် သုံးနှုန်းလိုက်ခြင်းပင်ဖြစ်သည်။

တင်မြနွယ်က မောင်ဝမ်းဇော်ကို ခြေဆုံးခေါင်းဆုံး ကြည့်လျက် မျက်စောင်းတစ်ချက် ထိုးလိုက်ပြီးလျှင် ...

"ဘာလုပ်နေတယ်ဆိုတာ မမြင်ဘူးလား"

"မြင်တော့ မြင်တာပေါ့ဟ၊ နင် ဒီမှာလာပြီး ဘာတွေ စိတ်ကျူးနေသလဲလို့"

တင်မြနွယ်မှာ ရုတ်တရက် မျက်နှာနီမြန်းသွားလေ၏။

"ဘာလုပ်လုပ် တော့အပူလား"

"နင်ကလည်းဟာ၊ စိတ်တိုလိုက်တာ"

တင်မြနွယ်က နှုတ်ခမ်းလေးစူလျက် တစ်ဖက်သို့ မျက်နှာကို လှည့်နေလိုက်၏။

"တင်မြနွယ်"

"ဘာလဲ"

"နင့်ကို ငါ ပြောစရာတစ်ခုရှိလို့ပါဟဲ့"

"ဘာလဲ ... ဘာပြောမှာလဲ"

တင်မြနွယ်မှာ ထိုသို့ ပြန်ပြောလိုက်ရသော်လည်း ရင်များ တဆတ်ဆတ် ခုန်နေတော့သည်။





ကျောင်းပေါ်တွင် သူတို့နှစ်ဦး အကြည့်ချင်း ဆုံကြ ပုံ၊ သူ့အား မောင်ဝမ်းဇော်က စိုက်ကြည့်နေပုံများကို သိရခြင်းဖြင့် မောင်ဝမ်းဇော်တစ်ယောက် ဘာပြောမည်ကို တင်မြနွယ်ကလည်း သိထားနှင့်လေပြီ။

သို့အတွက်ကြောင့်ပင် မောင်ဝမ်းဇော်အား မျက်နှာ သာမပေးဘဲ စိတ်တိုစွာနှင့် ပြန်၍ ပြောနေခြင်းပင် ဖြစ်သည်။

"ငါ တကယ်ပြောစရာရှိလို့ လိုက်လာတာပါဟ"

"ပြောစရာရှိရင် ပြောပါလား"

"ငါ ပြောရင် နင် စိတ်ဆိုးမှာလား"

တင်မြနွယ်သည် ပြုံးမဲ့မဲ့လုပ်ကာ ရှင်ပြောမှာတွေ ကျုပ် သိပါတယ် ဟူသော အမူအရာမျိုးကို လုပ်ပြနေလေသည်။

"ဒါကတော့ စိတ်ဆိုးစရာ ပြောရင်တော့ စိတ်ဆိုးရမှာပဲ တော့"

ဤတွင် မောင်ဝမ်းဇော်မှာလည်း ပြောရကောင်းနိုးနိုး မပြောကောင်းနိုးနိုးနှင့် စဉ်းစားနေလေသည်။

သူ ဖွင့်ပြောလိုက်လျှင် တင်မြနွယ်ဆိုသည့် ကောင်မလေးများ စိတ်ဆိုးသွားလေမလားဟူသည့် စိုးရိမ်စိတ်ကလည်း ဖြစ်သွားရပြန်သည်။

"ကဲ ... ပြောစရာရှိရင် ပြောပါ၊ သူများတွေ မြင်သွားရင် တစ်လွဲထင်နေဦးမယ်တော့၊ မပြောရင်လည်း ကျုပ် သွားတော့မလို့"

"နေပါဦးဟာ၊ ငါ ပြောစမ်းပါရစေဦး တင်မြနွယ်ရယ်"

"ပြော ... ပြော ... မပြောရင် ကျုပ် သွားတော့မယ်"

"တင်မြနွယ်ရယ် နင်ဟာလေ ငါတို့ရွာမှာဆိုရင် အချောဆုံးအလှဆုံးတစ်ယောက်ပဲ၊ နင့်လောက်လှတဲ့ ချောတဲ့သူ တို့ရွာမပြောနဲ့ တခြားရွာမှာတောင် ငါ မတွေ့ဖူးဘူး"

တင်မြနွယ်မှာ မောင်ဝမ်းဖော်၏ စကားကို မခိုးမခန့်ပင် ရယ်နေလိုက်သည်။

"အဲဒါ ဘာဖြစ်သလဲတော့၊ တော်က ကျုပ်ကို လာပြီး မြှောက်ပြောနေပြန်ပါပြီ၊ ချောတာလှတာ ဘာဖြစ်သလဲ၊ သူ့ကုသိုလ်နဲ့သူ ဖြစ်လာတာပေါ့"

"နင် ဘာဖြစ်လို့ ဒီလောက်တောင် ချောရ လှရတာလဲဟယ်"

"လှတာ တော့်အပူလား၊ ကျုပ်ဟာကျုပ် ချောတာ လှတာနဲ့ တော်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ တင်မြနွယ်ရယ်၊ နင်က သိပ်ပြီးလှ၊ သိပ်ပြီး ချောတော့ ငါ အခု နင့်ကို ကြိုက်နေပြီ တင်မြနွယ်၊ ဒါကြောင့် ရှင်လောင်းလှည့်တုန်းက တစ်လမ်းလုံး နင့်ကို





ငါ ကြည့်လာတာပဲ၊ ကျောင်းပေါ်ရောက်တော့လည်း နင် ချောလို့ လှလို့ နင့်ကို ငါ ကြည့်နေမိတယ်၊ အခုတော့ နင့်ကို ငါ မမြင်ရမနေနိုင်တော့ဘူး တင်မြနွယ်"

မောင်ဝမ်းဖော်က သူ၏ စိတ်ထဲတွင် ဖြစ်ပေါ်နေသမျှအတိုင်း တဲ့တိုးပင် ပြောချလိုက်လေသည်။

တိုအခါ တင်မြနွယ်တစ်ယောက်မှာ ရှက်ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းများဖြင့် တစ်ကိုယ်လုံး တုန်လှုပ်သွားတော့သည်။

ဘယ်ကဲ့သို့ ပြန်ပြောလိုက်ရမည်ကိုလည်း မသိအောင် ဖြစ်ကာ မျက်ရည်များ ကျလာလေ၏။

တင်မြနွယ်၏ တဖျပ်ဖျပ်နှင့် ခုန်နေသော ရွှေရင် ကလေးကို မောင်ဝမ်းဖော်က ငေးစိုက်ကြည့်လျက် ...

"တင်မြနွယ် ... ငါပြောတာ နင် စိတ်ဆိုးသွားသလား ဟင်"

တင်မြနွယ်က တစ်ခွန်းမှ ပြန်မပြောဘဲ ခေါင်းကြီး ငုံ့လျက် ရှိုက်နေသည်။

"ပြောစမ်းပါ တင်မြနွယ်ရယ်၊ နင့်ကို ငါပြောတာ စိတ်ဆိုးသွားသလား"

တင်မြနွယ်မှာ ရှိုက်ငိုလျက် ...

"တော် ... တော် ... တော်ဟာ မကောင်းဘူး၊ မကောင်းဘူး၊ ကျုပ်အသက်က ငယ်ငယ်လေးရှိသေးတယ်၊ တော် ပြော တာတွေ ကျုပ် နားမလည်ဘူး သွား ... သွားတော်၊ ကျုပ် နား မလာနဲ့"

ဟု ပြန်ပြောလိုက်လေသည်။

ထိုအခိုက်မှာ တင်မြနွယ်နှင့် အဖော်လိုက်လာသ မိန်းကလေးမလေး မိချမ်းချမ်းမှာ ပန်းပွင့်ကလေးတစ်ပွင့်က ခူးပြီး တင်မြနွယ်ထံ ပြန်လာလေ၏။

"သွားလေ ... မသွားသေးဘူးလား၊ တော် ကျုပ်က မဟုတ်တာတွေ လာပြောတယ်၊ ကျုပ် အမေကို ပြန်တို မယ်"

တင်မြနွယ်က ဒေါသသံကလေးပင် ပါလာသည်

မောင်ဝမ်းဖော်လည်း အဖော်မိန်းကလေး အနားသ သို့ ရောက်လာသည်နှင့် တင်မြနွယ်အနီးမှ ထွက်ခွာလာခဲ့လေတေ ၏။

တင်မြနွယ်က အဖော်မိန်းကလေး မိချမ်းချ မရိပ်မိစေရန် မျက်ရည်များကို ကမန်းကတန်း သုတ်၍ ဘာ မဖြစ်သလို နေလိုက်သည်။





ထိုအချိန်တွင် အိမ်သို့ ပြန်ကြရန် အပျိုကြီးက လှမ်းခေါ်သဖြင့် တင်မြနွယ်မှာ ကျောင်းပေါ်သို့ တက်လာခဲ့ကြ လေ၏။

ထို့ကြောင့် မောင်ဝမ်းဖော်မှာ စိတ်အညစ်ကြီးညစ် သွားလေသည်။

အစက သူသည် တင်မြနွယ်အား ချစ်စကား၊ ကြိုက်စကား ပြောလျှင် ဤသို့ ပြန်ပြောမည်ဟု မထင်မှတ်ခဲ့ ချေ။

သူ့အထင်နှင့် အမြင်ကို ကွာခြားနေသဖြင့် ဝမ်းနည်း နေတော့သည်။

သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေ၏။ သူ ပြော သောစကားများကို တင်မြနွယ် စိတ်ဆိုးသွားလေပြီ။

တင်မြနွယ်အား စိတ်ဆိုးပြေအောင် ပြန်မတောင်း ပန်မိသော သူ၏ ကိုယ်ကို ပြန်၍အပြစ်တင်နေမိသည်။

ထိုအချိန်တွင် မောင်ဝမ်းဖော်ဆီသို့ ကိုသာလှတစ် ယောက် စိတ်ဒေါင်းတောက်သည့် ပုံစံမျိုးဖြင့် ရောက်ရှိလာလေ ၏။

"ငါ့ညီ မောင်ဝမ်းဖော်ရယ်၊ မင်း ဘယ်သွားနေတာလဲ၊ ငါ မင်းကို လိုက်ရှာနေလိုက်ရတာ"

မောင်ဝမ်းဇော်က ကိုသာလှအား တစ်ချက်မော့ကြည့်ရုံသာ ကြည့်လိုက်ပြီး ခေါင်းငိုက်စိုက်ချ၍နေလေသည်။

ကိုသာလှက မောင်ဝမ်းဇော်၏ အမူအရာကြည့်ပြီး တစ်စုံတစ်ခု ဖြစ်နေပြီဟု အတတ်တွေးလိုက်ပြီး ထိတ်လန့်သွားသည်။ စမုံမြစ်ရိုးတောမှအပြန် သူ့ညီ မောင်ဝမ်းဇော်တွင် စိတ်ကယောင်ချောက်ချား ဖြစ်နေပြီဟု ဖခင်ဖြစ်သူက မှာကြားလိုက်သောကြောင့် ဖြစ်သည်။

"မောင်ဝမ်းဇော် ညီလေး မျက်နှာမသာမယာနဲ့ ဘာဖြစ်နေတာလဲကွယ်၊ အစ်ကိုကြီးကို ပြောစမ်းပါဦးကွယ်"

"ဘာမှ မဖြစ်ပါဘူး ကိုကြီးသာလှရယ်၊ ဒါပေမဲ့ ကျွန်တော် စိတ်မချမ်းသာတာတစ်ခု တွေ့နေလို့ပါ"

"ဘာတုံးကွယ့်၊ တောထဲ တောင်ထဲက ဟိုရက္ခစိုးမက လာနှောင့်ယှက်နေပြန်ပြီလားကွဲ့ ဟင်"

"ဘယ်က ရက္ခစိုးမ ဟုတ်ရမှာလဲ ကိုကြီးသာလှရယ်၊ ကျွန်တော့်ကို ဘယ်သူမှ လာပြီး မနှောင့်ယှက်ပါဘူး၊ ထိုင်ပါဦး ကိုကြီးသာလှရယ်၊ ကျွန်တော် ပြောပြပါ့မယ်"

ကိုသာလှမှာ မောင်ဝမ်းဇော် အနီး၌ ဝင်ထိုင်လိုက်လေသည်။





"ကျွန်တော်ကတော့ သူ့ကို ကြိုက်နေပြီ"

"ဘယ်သူ့တုံးကွ၊ သူဆိုတာ ဘယ်သူတုံး၊ အိပ်မက်ထဲက မိန်းမပျိုလေးကိုလား"

"တော်စမ်းပါ ကိုကြီးသာလှရယ်၊ အိပ်မက်ဆိုတာ အိပ်မက်ပဲဗျ၊ တကယ်ဖြစ်တာ မဟုတ်ဘူး၊ ကျွန်တော် အခုပြောနေတာက တင်မြနွယ်လေးကို ပြောနေတာပါ"

ကိုသာလှမှာ တင်မြနွယ်ဆိုသော နာမည်လေးကို ကြားလိုက်ရမှ စိတ်ထဲ အေးသွားလေသည်။

"အံမယ် ... အံမယ် ... ငါ့ညီက တင်မြနွယ်လေးကို ကြိုက်လို့လား၊ ဒါလေးများ စိတ်ညစ်နေရသလားကွ"

"ညစ်ရတယ်ဗျ၊ ညစ်ရတယ်၊ စောစောက ဟို ပန်းဥယျာဉ်တွေနားမှာ သူ့ကို ကျွန်တော်က သွားပြီး စကားပြောတယ်"

"ဘယ်လိုပြောသလဲ၊ မင်းက သူ့ကို ကြိုက်နေပြီလို့ ပြောသလား"

"အင်း ... ကျွန်တော်က တင်မြနွယ်ရယ် နင့်ကို ငါ ကြိုက်နေပြီလို့ ပြောတော့ သူက ကြိုက်တယ်လည်း မပြောဘူး၊ မကြိုက်ဘူးလည်း မပြောဘူး၊ ဘာမှ မပြောဘဲ ငိုနေတယ်၊ ပြီးတော့ ဒေါသကလေးနဲ့ သွား ... သွား ...

ဒါတွေလာမပြောနဲ့ဆိုပြီး နှင်လွှတ်တယ်၊ သူ့အမေကိုလည်း တိုင်မယ်တဲ့"

ကိုသာလှသည် ညီဖြစ်သူ မောင်ဝမ်းဇော်၏ စကားကို ကြားရသောအခါ မရယ်မိအောင် သတိထားလိုက်ရလေသည်။





## အချစ်ကြောင့် အိမ်ကျွင်းပုန်းရသူ

မောင်ဝမ်းဇော်က ကျောင်းပေါ်တွင် သူ့အား စိုက်ကြည့်သည်မှအစ ဥယျာဉ်ထဲ ဆင်းရောက်လာပြီး နှင်လွှတ်ပုံအထိ အဖြစ်အပျက်များကို နေ့ရှိသရွေ့၊ အချိန်ရှိသရွေ့ တင်မြနွယ်တစ်ယောက်မှာလည်း တွေးနေမိ၏။

ပထမသော် ကိုဝမ်းဇော်ဆိုသူ လူကြီးက သူမအား လူပျိုစကားပြောသည်ကို သူ့မိခင်ကြီး ဒေါ်ငွေညွန့်အား ပြန်ပြောရန် ကြံမိသေးသည်။

ထိုအကြံမှာလည်း လေထဲတွင် လွင့်ပါးပျောက်ကွယ်သွားသည်။

သူမ မျက်လုံးထဲတွင် မောင်ဝမ်းဇော်ကိုသာ တရေးရေး မြင်နေပေသည်။ တစ်ခါတစ်ရံ သူ့ခမျာ ငါ ပြောလွှတ်လိုက်တာ ဘယ်လိုနေရှာမလဲ၊ ရှက်များသွားသလားဟု ထင်မိပြန်သည်။

ထိုသို့ ထင်မိသည့်အခါတွင် သူ ပြောလိုက်ဆိုလိုက်မိသည်ကို မှားသည်ဟုလည်း အောက်မေ့မိပြန်လေသည်။

ဤတွင် တင်မြနွယ်၏ စိတ်နှလုံးမှာ တွန့်လှုပ်ချောက်ချားလျက် ရှိနေတော့၏။

ယနေ့တွင် တင်မြနွယ်ထံသို့ အပျိုကြီး ခင်စုရီ ရောက်ရှိလာလေသည်။

တင်မြနွယ်မှာ အလှူပြီး၍ ဘုန်းကြီးကျောင်းက ပြန်လာတည်းက အိမ်တွင်းကအိမ်ပြင် မထွက်ဘဲနေသဖြင့် အပျိုကြီး ခင်စုရီက လာရောက်သတင်းမေးမြန်းခြင်းပင် ဖြစ်ပေသည်။

အမှန်တကယ်လည်း တင်မြနွယ်မှာ အိမ်ရှေ့သို့ ထွက်မလာချေ။ အိမ်ခန်းအတွင်းတွင် ခေါင်းကိုက်သလို ဗိုက်နာသလိုနှင့် အိမ်က လူကြီးများကို အကြောင်းပြကာ အိပ်ရာထဲဝယ် တွေးချင်တိုင်း တွေးကာ အတွေးနယ်ချဲ့လျက်ရှိလေသည်။

အပျိုကြီးခင်စုရီက တင်မြနွယ် အိမ်ခန်းထဲသို့ ဝင်လာပြီးလျှင် ...

"ညီမလေး ဘာဖြစ်နေတာလဲ၊ နေမကောင်းလို့လား၊ လမ်းထွက်တာလည်း မတွေ့လို့ မမ လာမေးတာ"

တင်မြနွယ်သည် အပျိုကြီး မခင်စုရီ လာမေးသည်ကို ပို၍ ချောက်ချားနေသည်။





သူမနှင့် ကိုဝမ်းဇော်တို့အကြောင်းတွေများ အပျိုကြီး ခင်စုရီ သိသွားလေသလောဟု စိုးရိမ်မကင်းဖြစ်ခါ သူ့ကိုယ်သူ မလုံမလဲ စိတ်တွေပင် ဖြစ်နေပြန်၏။

"နေကောင်းပါတယ် မမခင်စုရီ"

"နေကောင်းရင် ဘာပြုလို့ အိမ်ခေါင်းထဲမှာ ကုပ်နေရသလဲ အေး အပြင်ထွက်ပြီး လမ်းလေးဘာလေး လျှောက်ပေါ့၊ အခု ရွာမှာ ညည်းအကြောင်း ပြောနေကြတယ် သိလား"

အပျိုကြီး ခင်စုရီ စကားကြောင့် တင်မြနွယ် ထိတ်လန့်သွားလေသည်။ သူ့ကို မောင်ဝမ်းဇော်က ဘုန်းကြီးကျောင်းဝင်းအတွင်း၌ လူပျိုစကား လိုက်ပြောသည့်ကို ရွာကလူတွေ သိသွားပြီလော။

ထိုအချိန်က ဘယ်သူမှ မမြင်ပေ။ မောင်ဝမ်းဇော်က သူ့အား စိတ်ဆိုးဆိုးနှင့် ရွာကလူတွေကို လျှောက်ပြောလေသလားဟု ချက်ချင်း တွေးလိုက်လေသည်။

"ဘာပြောသလဲဟင် မမခင်စုရီရယ်၊ ရွာထဲက လူတွေက ကျွန်မအကြောင်း ဘာပြောသလဲ"

ထို့ကြောင့်ပင် တင်မြနွယ်ဟူသော အပျိုမလေးက အငမ်းမရ ရှေ့တော်သလို မေးလိုက်ခြင်းဖြစ်၏။

အပျိုကြီးခင်စုရီကမူ ပြုံးရယ်၍သာ သူ့ကို ကြည့်နေသဖြင့် စိတ်များ ပို၍မလုံအောင် ဖြစ်နေတော့သည်။

"တခြားမဟုတ်ပါဘူးအေ၊ ရွာက လူတွေက ညည်းကို အာရုံထားနေတာကလားအေ့၊ ညည်းကို တစ်နေ့မမြင် တစ်နေ့ပြောကြတာပဲ၊ တင်မြနွယ်တစ်ယောက် အလှူပြီးတဲ့ နေ့ကစပြီး မတွေ့တော့ဘူး၊ ဘာများဖြစ်နေသလဲနဲ့၊ ငါ အခု ညည်းဆီလာတာတောင် ဝိုင်းမေးနေကြသေးတယ် တော့"

ထိုအခါကျမှပင် တင်မြနွယ်မှာ အလုံးကြီးကျသွားတော့သည်။ တော်ပါသေးရဲ့ဟုလည်း စိတ်မှ ရေရွတ်လိုက်မိသည်။

တကယ်တော့ ဤအပျိုကြီး ခင်စုရီသည် သူနှင့် ညီမဝမ်းကွဲတော်သူဖြစ်၏။

သို့အတွက်ကြောင့် အလှူနေ့က မောင်ဝမ်းဇော် ပြောခဲ့သော စကားများကို မခင်စုရီအား ပြန်ပြော၍ တိုင်ပင်ရလျှင် ကောင်းလေမလားဟု ကြံမိလေသည်။

ခင်စုရီသည် တင်မြနွယ်ဆိုသည့် မိန်းမပျိုလေးကို အကဲခတ်သည့်သဘောမျိုးနှင့် စေ့စေ့ကြည့်နေ၏။

ထိုအကြည့်ကိုပင် မိန်းမပျိုမလေး တင်မြနွယ်က မလုံချေ။

"မမခင်စုရီ ကျွန်မကို ကြည့်နေတာ အကြည့်ထူးလိုက်တာ တော်"





"အေး ... ကြည့်ဆိုရင် ညည်း ခု(၂)ရက် (၃)ရက်လောက် အတွင်းမှာ မျက်နှာချောင်ကျသွားတယ်အေ့၊ ညည်း မှန်မှန် ပြောစမ်း၊ ညည်း ဘာဖြစ်သလဲ"

မခင်စုရီသည် တင်မြနွယ်၏ နားနားဆီသို့ ကပ်၍ တီးတိုးစွာ မေးလိုက်ရာ တင်မြနွယ်က ပြုံးရယ်၍ ...

"မဟုတ်ပါဘူး မမခင်စုရီရဲ့"

တင်မြနွယ်က ဒါ့ပဲ ပြန်၍ ပြောလိုက်သည်။ ထို့နောက် ကိုဝမ်းဇော်က လူပျိုစကားလိုက်ပြောသည်ကို ဖွင့်ပြော ရကောင်းမကောင်း စဉ်းစားနေပြန်၏။

"ညည်းကို ကြည့်ရတာ ညည်း ဝမ်းထွင်းမှာ တစ်ခုခုဖြစ်ပြီ ငါ ထင်တယ် တင်မြနွယ်၊ ညည်း ဘာဖြစ်နေတယ်ဆိုတာ ငါ့ကို မှန်မှန်ပြောစမ်း"

"မမခင်စုရီကို ကျွန်မ စကားတစ်ခွန်း ပြောချင်တယ်၊ ကျွန်မ ပြောတဲ့စကား ဘယ်သူမှလဲ ပြန်မပြောပါနဲ့၊ အမေ့ကိုလည်း ပြန်မပြောပါနဲ့"

"အေး ... ငါ ထင်သားပဲ၊ ညည်းမှာ အကြောင်းတစ်ခုခု ရှိနေပြီဆိုတာ ငါ ဘယ်သူ့ကိုမှ မပြောပါဘူးအေ့၊ ပြောပါဦး"

"ဒီလို မမခင်စုရီရဲ့၊ အလှူနေ့တုန်းက ကျောင်းမှာ ကိုဝမ်းဇော်က လူပျိုစကား လိုက်ပြောတယ်"

"ဟင် ... ဟုတ်လား ... ညည်းက ဘယ်လိုပြန်ပြောလိုက်သလဲဟင်"

"ကျွန်မက ဘာမှ ပြန်မပြောလိုက်ပါဘူး၊ ဒါပေမဲ့ ဒီကိစ္စတွေမှာ ကျွန်မ ဘာမှ နားမလည်ဘူး၊ ကျွန်မ အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်လို့ ပြောလိုက်တယ်၊ ဒီလိုပြောတုန်း မမခင်စုရီတို့က လှမ်းခေါ်တာနဲ့ သူလည်း မြန်မြန်ထွက်သွားတယ်"

အပျိုကြီး ခင်စုရီသည် တင်မြနွယ်၏ စကားကို စဉ်းစားနေလေ၏။ အတန်ကြာစဉ်းစားပြီးသော် ...

"အဲဒါ ဘာဖြစ်သလဲအေ၊ ညည်းကကော သူ့ကို ..."

ခင်စုရီက စကားမဆုံးမီ တင်မြနွယ်က ပါးစပ်ကို လှမ်းပိတ်လိုက်သည်။

"နားထောင်ပါဦး မမခင်စုရီရဲ့၊ ကျွန်မက သူ့ကို ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမဲ့ သူ ကျွန်မကို လူပျိုစကားပြောတာ၊ ကျွန်မ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်၊ ဟိုတုန်းက ဝမ်းနည်းပြီး ဒေါသဖြစ်နေတယ်၊ ဒီကိစ္စကို ရွာက လူတွေများ သိသွားမလားဆိုပြီး ကျွန်မ ရှက်တာနဲ့ အိမ်ထဲမှာ ကုပ်နေတာပါပဲ"





အပျိုဖြန်းမလေး တင်မြနွယ်က သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသရွေ့ အမှန်အတိုင်း အပျိုကြီး ခင်စုရီအား ပြန်ပြောပြလိုက်သည်။ ဤတွင် အပျိုကြီးက ပြုံးရယ်နေလေသည်။

"အဲဒါ ငါက ဘာလုပ်ပေးရမလဲ ညီမလေး တင်မြနွယ်၊ တစ်ခုတော့ရှိတယ်၊ ညည်းမှာ တစ်စုံတစ်ခုဖြစ်ရင် ငါ့မှာလည်း တာဝန်ရှိတယ်၊ ဒီတော့ ညည်း သဘောအတိုင်းနဲ့ ဘာမဆို မလုပ်ရဘူးအေ့"

"အို ... မလုပ်ပါဘူး မမခင်စုရီရဲ့၊ ဒါကြောင့်လည်း ကျွန်မက ဘယ်သူဘယ်ဝါမှ ဖွင့်မပြောသေးတဲ့ ကိစ္စကို တိုင်ပင်ရတာပေါ့"

"အေး ... ငါလည်း ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောပါဘူး၊ တို့ရွာထဲကလည်း ဘယ်သူမှ မသိကြသေးပါဘူး၊ တကယ်လို့များ သိရင်လားအေ၊ တစ်ရွာလုံး မောင်းခတ်ကြေညာတာထက် ပြန့်နေမှာပေါ့၊ ညည်းလည်း ခါတိုင်းလို နေမြဲနေပါကွယ်"

အပျိုကြီးခင်စုရီသည် ဤသို့ဖြင့် မြီးကောင်ပေါက် အပျိုဖြန်းမလေးအရွယ် တင်မြနွယ်အား ဆုံးမစကားများ ပြောဆိုကာ ပြန်သွားလေ၏။

မောင်ဝမ်းဇော်တစ်ယောက်မှာလည်း တင်မြနွယ်အား ချစ်စကားပြောပြီးချိန်မှစ၍ တမှိုင်မှိုင် တတွေတွေနှင့် ဖြစ်နေလေသည်။

သူ ပြောလိုက်သော စကားများကို မိန်းမပျိုလေး တင်မြနွယ် စိတ်ဆိုးသွားပြီး သူ့အမေ ဒေါ်ငွေညွန့်ကြီးကို ပြန်တိုင်နေပြီလော။ ရွာထဲတွင် ထိုသတင်းများ ပြန့်နှံ့နေပြီလော ဟု ထင်နေပေသည်။

စင်စစ် တင်မြနွယ်က သူ့အမေ ပြန်တိုင်ပြီး သူ့အမေက မိမိ ဖခင်ကြီးထံ လာရောက်တိုင်ကြားမည်ကို ရှက်ကြောက်ကြီး ဖြစ်နေပေသည်။

တကယ်တွင်တော့ သူသည် တင်မြနွယ်ကို ပြီးခဲ့သော အလှူပွဲမှစ၍ ချစ်ကြိုက်စိတ်များ ပေါ်လာခဲ့ရပါ၏။





ကျောင်းကြီးပေါ်တွင် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကြည့်၍ အကြည့်ချင်း ဆုံခဲ့ကြ၏။ ပြီးနောက် နှစ်ယောက်ချင်း ကျောင်းအောက်ဥယျာဉ်ထဲတွင် တွေ့ဆုံခွင့်ရလိုက်ပြီး သူ ချစ်ကြိုက်နေပြီဖြစ်ကြောင်း ဖွင့်ပြောခဲ့၏။

သို့သော် တင်မြနွယ်က သူ့စကားကို လက်သင့်မခံဘဲ စိတ်ဆိုးသွားသည်။ ထိုအချက်ကို သူက အပြန်အလှန် တွေးမိပြန်သောအခါ မစူးစမ်းမဆင်ခြင်ဘဲ အပြောအဆို မြန်တတ်သော သူ၏ အပြစ်ကို သူ ပြန်၍ နောင်တရမိလေ၏။

ယင်းသို့ နောင်တရနေသည်အမျှ အချောအလှမလေး တင်မြနွယ်အပေါ်တွင် သူ၏ မေတ္တာမှာ ဒီရေတက်သည့်ပမာ တိုး၍သာ လာလေတော့သည်။

မည်သို့ပင်ဖြစ်စေ သူသည် ကမ္ဘာကျော်စာရေးဆရာ တစ်ဦးဖြစ်သော 'အော်စကာဝိုင်းဒ်' ဆိုသူ၏ အဆိုအမိန့်က သူ့ ခေါင်းထဲတွင် စွဲနေလျက်ရှိသည်။

ထိုအဆိုမှာ ...

သင်သည် မိန်းမတစ်ယောက်ကို တွေ့ပါက သူမမှာ လှပချောမောသူဖြစ်လျှင် ချစ်စကား ကြိုက်စကားပြောပြီး လူပျိုလှည့် ပါ။ အကယ်၍ သူမက ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း သူဖြစ်ပါမူ တခြားတစ်ယောက်ဆီ သွား၍ လူပျိုလှည့်ပါလေတဲ့။

ကဲ ... အခုတော့ တင်မြနွယ်ကိုသာ တွေ့ရလျှင် သူ မှားပါပြီဟု ပြေး၍ တောင်းပန်ချင်စိတ်ပင် ဖြစ်ပေါ်လာမိတော့သည်။

ဤတွင် မောင်ဝမ်းဇော်၏ အတွေးထဲတွင် သူမသည် ဘဝဟောင်းက ချစ်သူပါဟု ထူးဆန်းစွာ အိပ်မက်မြင်မက်ခဲ့ပုံများကိုလည်း သတိရမိလိုက်ပြန်သည်။

ဤကဲ့သို့ မောင်ဝမ်းဇော်တစ်ယောက်တည်း ထိုင်ကာ အတွေးယာဉ်ကြောတွင် နစ်မျောနေစဉ် အစ်ကိုကြီးဖြစ်သူ ကိုသာလှ ရောက်လာလေသည်။ လူပျိုကြီး ကိုသာလှကတော့ သူ့ညီ တစ်ယောက် အချစ်ဟူသော ဒိန်းတလိန်းနတ် ဖမ်းစားထားပြီကို သိရှိနေသဖြင့် ဖြေသိမ့်စကား ဆိုလိုက်ပြန်သည်။

"ညီလေး ဝမ်းဇော်ရာ ဒီလောက်လည်း စိတ်ဆင်းရဲမခံပါနဲ့ကွာ၊ မင်းက ယောကျ်ားပါ၊ တင်မြနွယ် ဆိုတဲ့ ကောင်မလေးဟာ ဒီရွာက ဘယ်မှ ထွက်ပြေးမသွားပါဘူး၊ အားမလျှော့ပါနဲ့ကွာ၊ ညီလေးက အခုလို မျက်နှာမသာ မယာနဲ့နေတော့ အဘမြင်ရင် စိတ်မကောင်းဖြစ်နေပါဦးမယ် ကွာ"

ကိုကြီးသာလှက အားပေးစကား ပြောသည်ကို မောင်ဝမ်းဇော် တစ်ယောက်လည်း ငြိမ်သက်စွာပင် နားထောင်နေရှာသည်။





"ကောင်းပါပြီ ကိုကြီးသာလှ၊ ကျွန်တော် စိတ်မညစ်တော့ပါဘူး၊ ဒါပေမဲ့ တင်မြနွယ်ကို ကျွန်တော် တွေ့ချင်တယ်၊ ကိုကြီးသာလှက တွေ့အောင်လုပ်ပေးရမယ်"

ကိုသာလှက တဟားဟား ရယ်မောလျက် ...

"အေး ... တွေ့ချင်ရင် တွေ့ရမှာပေါ့ကွာ၊ တွေ့တော့ မင်းက ဘာလုပ်မှာလဲ"

ဟု မေးလိုက်၏။

"သူ့ကို တွေ့ရင်လား ... အင်း ... ဟိုကျောင်းမှာ ပြောခဲ့ ဆိုခဲ့တာတွေ စိတ်မဆိုးပါနဲ့လို့ တောင်းပန်မှာပေါ့"

ကိုသာလှက ရယ်မောလိုက်ပြန်သည်။

"ငါ့ညီရယ် ... မင်းက တကယ်လည်း ရိုးသားတာကိုး၊ မတောင်းပန်ရဘူးကွယ့်၊ ရှေ့တိုးပြီးပြောရတယ်၊ တင်မြနွယ် ရယ် နင့်ကို ငါ သိပ်ချစ်တာပဲဟယ် ...

ဆိုပြီး ဟောဒီလို လက်ကလေးကိုဆွဲ"

ကိုသာလှက မောင့်ဝမ်းဇော်၏ လက်တစ်ဖက်ကို ဆွဲခါ ဟန်အမူအရာနှင့် သင်ပေးလိုက်သည်။

"ဟာ ... ဘယ်ဖြစ်မလဲ ကိုကြီးသာလှရဲ့၊ သူက သိပ်စိတ် ဆိုးသွားမှာပေါ့ဗျ"

"အိုကွာ… လူပျိုက အပျိုကို လက်ဆွဲပြီး ချစ်စကာ
ကြိုက်စကားပြောတာ စိတ်ဆိုးစရာ မဟုတ်ပါဘူး၊
မကြိုက်ရင် မကြိုက်ဘူးလို့ ပြန်ပြောရုံရှိတာပေါ့၊
စိတ်မညစ်နေနဲ့၊ ငါ ပြောတဲ့အတိုင်းသာလုပ်၊ ယောက်ျ
ဆိုတာ အရှုံးမရှိပါဘူးကွာ၊ မမြတ်ချင်တောင် အရင်းတေ
မရှုံးဘူးကွ မှတ်ထား"

"ဘယ်လိုလဲဗျ၊ ကိုကြီးသာလှ စကားက ကျွန်တော်တေ
နားမရှင်းပါဘူး"

"ဒီလိုလေကွာ၊ ညီလေးနဲ့ အခု တင်မြနွယ် ဆိုတဲ့ ကောင်
လေးဟာ ဘာတော်သလဲ"

"ဘာမှ မတော်ဘူးလေ"

"တကယ်လို့ ချစ်ကြိုက်လို့ ညားသွားရင်ကော ဘာတေ
တယ် ပြောကြမလဲ"

"လင်မယားတော်တယ်လို့ ခေါ်ကြတာပေါ့ ကိုကြီးသာလှ

"ဒါပေါ့ကွာ၊ မရှုံးဘူးဆိုတာ ကောင်မလေးက ပြန်မ
လည်း နဂိုကမှ ဘာမှ မတော်တဲ့အတွက် အရှုံးမရှိ
တကယ်လို့ ကောင်မလေးက ပြန်ချစ်ရင် လင်မယားဘ
ရောက်သွားကြပြီ၊ ဒီလောက်ရင်းတဲ့အမျိုး ရှိဦးမတဲ့လာ
ဒီတော့ မင်း မြတ်တာပဲပေါ့ကွ"





မောင်ဝမ်းဇော်မှာ ကိုကြီးသာလှ ပြောပြသော အားပေးစကားများ၊ သာဓကပေး ဥပမာပေးများကို သဘောကျခဲ့သော်လည်း ဤမျှ ရဲဝံ့သူ မဟုတ်သဖြင့် ဆုပ်လည်းရှူး စားလည်းရှူး ရတော့ကိန်းမျိုး ဆိုက်နေလေသည်။

နောက်ဆုံး ဘယ်လိုပဲဖြစ်ဖြစ် ချစ်မိသည့်နောက်မှတော့ မထူးတော့ဘူးဟု ဆုံးဖြတ်ကာ တင်မြနွယ်နှင့် တွေ့ရန် အချိန်ကို စောင့်မျှော်၍သာ နေလိုက်လေ၏။

သို့ဖြင့် သာယာသော တစ်နေ့သ၌ ညနေခင်းအချိန်တွင်ဖြစ်သည်။ ပုစွန်ဆီရောင်ထနေသော တိမ်တောင်တိမ်တိုက်တို့မှာကား ကောင်းကင်ပြင်ကြီးတစ်ခုလုံးတွင် တောက်ပလျက်နေပေသည်။

ထိုအချိန်မျိုးမှာ တောရွာမလေး၏ သဘာဝအလှကို အစွမ်းကုန် ပြသလျက်ရှိသော အချိန်ပင်ဖြစ်သည်။

ဆင်ငယ်ပြေးကုန်းရွာရှိ မိန်းမများမှာ အပျို၊ အအို မရွေး ထိုအချိန်တွင် ရေအိုးကိုယ်စီဖြင့် ရေကန်သို့ ရေခပ်ထွက်ကြရလေသည်။

အထူးသဖြင့် မိန်းမပျိုလေးများမှာ ညနေခင်း ကျရောက်တိုင်း ရေသယ်၊ ရေခပ်ကြသည်မှာ တပျော်တပါးကြီးပင် ဖြစ်သည်။

ရေကန်၌ မိန်းကလေးချင်း ဆုံစည်းကြသည့်အခါ တွင် ရွာတွင်း၌ ဖြစ်ပေါ်နေသော သတင်းထူး သတင်းဆန်းများကို လည်း တစ်ယောက်နှင့်တစ်ယောက် ပြောဆိုကြ၏။

အတင်းအဖျင်းကိုလည်း ပြောဆိုကြ၏။ ဤသည်မှာ သူတို့၏ သဘာဝဓလေ့တစ်ခုပင် ဖြစ်နေပေသည်။

လူပျိုကာလသားတို့ကလည်း ကာလသားဘာဝ ရေကန်မနီးမဝေးမှသော်လည်းကောင်း၊ လမ်းခုလတ်မှသော်လည်း၊ ပုလွေတိုများ၊ ဘင်ဂျို၊ မယ်ဒလင်များဖြင့် တီးမှုတ်ရင်း မိန်းကလေး များကို ပိုးပန်းကြပေသည်။

အပျိုချောမလေး တင်မြနွယ်သည် နှစ်ရက် သုံးရက် ခန့် အိမ်တွင်းအောင်းနေပြီးနောက် ထိုနေ့ညနေတွင် အများမိန်းက လေးများနည်းတူ ရေအိုးတစ်လုံးနှင့် ရေခပ်ဆင်းလာလေသည်။

တင်မြနွယ်ကို မြင်လျှင် မိန်းမဖော်များက ဝိုင်းခေါ် ပြောနှုတ်ဆက်ကြ၏။

မနာလိုသူများတချို့ကတော့ မေးငေါ့၍ အတင်းပြော ဆိုကြ၊ ပြောင်လှောင်ကြ၏။

တင်မြနွယ်လေးကမူ မည်သူ့ကိုမျှ ဗွေမယူ၊ မည်သို့ မျှလည်း သဘောမပြောင်း၊ စိတ်သဘောထားကောင်းသူလေးပီပီ မိန်းမဖော်များကို တွေ့တိုင်း မြင်တိုင်း ပြုံးချိုသော မျက်နှာထား ကိုသာ ပြလျက်ရှိပေသည်။





ထိုနေ့အဖို့တွင် မောင်ဝမ်းဇော်သည် ချစ်ရသူ တင်မြနွယ်နှင့် တွေ့ဆုံရန် စောစီးစွာကပင် ရေကန်နှင့် မနီးမဝေး ရှိ သရက်ပင်ကြီးအောက်သို့ ရောက်ရှိနေပေသည်။

,ထိုသစ်ပင်ကြီးမှာ ရေခပ်သွားလာကြသော မိန်းက လေးများအဖို့ ရေကန်နှင့် လမ်းဆုံကျရာ နေရာလည်း ဖြစ်ပေတော့ သည်။

မောင်ဝမ်းဇော်က တင်မြနွယ်ကို တွေ့ရလျှင် ပြော ဆိုရမည့် စကားများကို ကြိုတင်စဉ်းစားထား၏။

ဤသို့ လာရောက်စောင့်ဆိုင်းနေရသည်ကိုပင် သူ့ စိတ်က မရဲလှပေ။ တခြားသူများ မြင်တွေ့သွားပါက သူ့အား ဘယ်ကဲ့သို့ထင်သွားကြမည် စသည်ကိုလည်း တွေးတောနေမိသည်။

သို့ရာတွင် ကံအားလျော်စွာ သူ လာရောက်ချောင်း မြောင်းနေသည်ကို မည်သူမျှ မတွေ့ရချေ။

သူသည် ရေကန်ဆီသို့လည်းကောင်း၊ တင်မြနွယ်တို့ နေအိမ်ဘက်သို့လည်းကောင်း တမျှော်မျှော်နှင့် ကြည့်နေမိသည်။

တစ်ခဏကြာသော် တင်မြနွယ် တစ်ယောက် ရေအိုး ရွက်လျက် ရေကန်ဆီမှ လာနေသည်ကို တွေ့ရလေသည်။

မောင်ဝမ်းဇော် စိတ်ထဲတွင် ချက်ချင်း ဝမ်းမြောက် သွား၏။ ထို့ပြင် တင်မြနွယ်၏ မျက်နှာကိုပင် မကြည့်ရဲမကြည့် ဝံ့သလို ဖြစ်သွားပြန်သည်။

တင်မြနွယ်ကို ဘယ်လိုစ၍ ခေါ်ရမယ်၊ စကားပြောရမည်ကိုပင် မေ့နေပြန်သည်။

တင်မြနွယ်က တစ်ဦးတည်းတော့ မဟုတ်။ သူနှင့် အဖော်နှစ်ဦးမှာလည်း ရေအိုးကိုယ်စီ ရွက်လာသဖြင့် မောင်ဝမ်းဇော် တစ်ယောက် စိတ်အပျက်ကြီးပျက်သွားမိတော့သည်။ ထို့ကြောင့် အဖော်မိန်းကလေးနှစ်ဦးကိုလည်း စိတ်ထဲမှ ဒေါသနှင့် ရေရွတ်မိတော့သည်။

သို့ရာတွင် တင်မြနွယ်နှင့် အဖော်မိန်းကလေးနှစ်ဦးသည် သစ်ပင်ကြီးနားအရောက်တွင် လမ်းခွဲသွားသဖြင့် မောင်ဝမ်းဇော်က အားတက်သွားလေသည်။ သူသည်လည်း တင်မြနွယ် မမြင်အောင် သရက်ပင်လုံးနှင့် သူ့ကိုယ်သူ ကွယ်နေလိုက်၏။

သို့ဖြင့် တင်မြနွယ်သည် သရက်ပင်ကြီးအောက်သို့ ရောက်ရှိလာလေပြီ။ ထိုအခါ မောင်ဝမ်းဇော်က ရုတ်တရက် သစ်ပင်ကွယ်မှ ထွက်လိုက်ရာ ...

တင်မြနွယ်တစ်ယောက် မောင်ဝမ်းဇော်ကို မြင်လိုက်သည်နှင့် ရုတ်တရက် ထိတ်လန့်တုန်လှုပ်ကာ ထူပူသွားပြီး ရေအိုးကို ခေါင်းပေါ်မှ ကျမကွဲရန်ပင် မနည်းထိန်းထားလိုက်ရလေသည်။





သူ၏ ရှေ့ခြေလှမ်းများသည် ရှေ့သို့ပင် ဆက်မလှမ်းနိုင်ရှာတော့ဘဲ တန့်သွားလေသည်။ ဤတွင် မောင်ဝမ်းဇော်က တင်မြနွယ် အနီးသို့ တိုးသွားလျက် ...

"တင်မြနွယ်ရယ်"

"ဘာတုံးတော့"

အပျိုရိုင်းမလေး တင်မြနွယ်က တုန်တုန်ယင်ယင်နှင့် ထူးလိုက်ပါသည်။ သူမမှာ အသားများလည်း တဆတ်ဆတ် တုန်နေ၍ ဘဝင်အသည်းကလည်း တဖျပ်ဖျပ် ခုန်နေတော့သည်။

"နင် စိတ်ဆိုးသွားသလားဟင်"

မောင်ဝမ်းဇော်က လှိုက်လှဲသောအသံနှင့် မေးလိုက်သည်။

"တော် ကျုပ်ကို ဘာပြောဦးမလို့လဲ၊ ကျုပ် သွားမယ်၊ တော်ကြာ ရွာကလူတွေ တောင်ပြော မြောက်ပြော ပြောနေဦးမယ်လေ"

တင်မြနွယ်က မောင်ဝမ်းဇော်၏ အမေးကို မဖြေဘဲ သွားတော့မည့်ဟန် ပြင်နေလေ၏။

"နေပါဦး တင်မြနွယ်ရယ်၊ နင် ငါ့ကို စိတ်ဆိုးရင်လည်း နင် ကျေနပ်အောင် ငါ တောင်းပန်ချင်လို့ ခုလို လာစောင့်နေရတာပါဟယ်"

မောင်ဝမ်းဇော်က ဆက်၍ ပြောလိုက်သည်။

ဤသို့သော လမ်းမကြောင်းတွင် တင်မြနွယ်နှင့် သူတို့ နှစ်ယောက်တည်း စကားပြောဆိုနေခြင်းကို ရွာသူရွာသားများ ဖြစ်စေ၊ ရေခပ်လာသော မိန်းမတွေများထဲကဖြစ်စေ တွေ့သွားပါက အမှန်ပင်။

၎င်းတို့ သတင်းမှာ တစ်ရွာလုံး ပြန့်နှံ့သွားမည် ဖြစ်၍ တွေး၍ စိုးရိမ်မိလေသည်။

သူ့မှာ တင်မြနွယ်ကို စကားပြောရင်း သူ့မျက်လုံးများက ကျီးကန်းတောင်းမှောက် ဘေးပတ်ဝန်းကျင်ကို ကြည့်ရှုမိလေသည်။

"တောင်းပန်မနေပါနဲ့တော်၊ ကြားလူတွေမြင်ရင် တစ်မျိုးထင်နေပါလိမ့်မယ်၊ ကျုပ် သွားမယ်"

"နေပါဦး တင်မြနွယ်ရဲ့၊ ငါ ပြောချင်တဲ့ စကားလေးကို ပြောလိုက်ပါရစေ၊ လူတွေ မြင်မှာစိုးရင် ဟိုနားသွားပြောမယ် ... လာ ... လာ"

မောင်ဝမ်းဇော်က တင်မြနွယ် ခေါင်းပေါ်က ရေအိုးကို လှမ်းယူလိုက်ပြီးလျှင် တင်မြနွယ်အား သရက်ပင်ကြီးအနောက် ဘက် ချုံကွယ်ရာသို့ ခေါ်သွားလေသည်။





တင်မြနွယ်မှာ ရုတ်တရက် အံ့အားသင့်နေရာမှ မောင်ဝမ်းဇော်က ရေအိုးကို ချပြီးနောက် တင်မြနွယ်ကို ရေအိုး အနီးတွင် အထိုင်ခိုင်းလိုက်သည်။

"ကိုဝမ်းဇော် ... တော် ကျုပ်ကို ဘာပြောဦးမလို့လဲ၊ ပြောစရာရှိတာ မြန်မြန်ပြော၊ တော်ကြာ ကျုပ် အိမ်က စိတ်ပူနေမယ်"

မောင်ဝမ်းဇော်က တင်မြနွယ်အနီးတွင် ထိုင်လိုက် ခါ ...

"ဟိုတစ်နေ့က ကျောင်းမှာ ငါ ပြောတဲ့စကား နှင် စိတ် ဆိုးသလား တင်မြနွယ်"

တင်မြနွယ်က နှုတ်ခမ်းစူလျက် စိတ်ဆိုးသည့် အမူအရာကို ပြနေပေသည်။

"စိတ်မဆိုးပါနဲ့ တင်မြနွယ်ရယ်၊ နင့်ကို ငါ ချစ်လွန်းလို့ မနေနိုင်လို့ ဖွင့်ပြောတာပါ၊ နင့်ကိုတော့ ငါ သိပ်ချစ်နေပြီ တင်မြနွယ်၊ အဲဒီ နင့်ကို ချစ်တဲ့စိတ်နဲ့ ငါ့မှာ မစားနိုင် မအိပ်နိုင် ..."

မောင်ဝမ်းဇော်၏ စကားမဆုံးမီ တင်မြနွယ်က ...

"ဒီမယ် ကိုဝမ်းဇော်၊ ကျုပ်လေ အခု တော်ပြောတာတွေ ဘာမှ နားမလည်သေးဘူး၊ ကျုပ် အသက်ဟာလည်း

ငယ်သေးတယ် သိလား၊ တော့်ဟာတော် မစားနိုင်တာ ကျုပ် အပူလား၊ ကျုပ်နဲ့ ဘာဆိုင်သလဲ"

ဟု ဒေါသံလေးနှင့် ရန်တွေ့သလို ပြောလိုက်သည်။

"တင်မြနွယ်ရယ် ငါကတော့ နင့်ကို ချစ်လွန်းလို့ ကြိုက်လွန်းလို့ မမြင်ရ မနေနိုင်အောင် ဖြစ်နေပြီ၊ နင်ကတော့ ငါ့ကို ပြောရက်လိုက်တာ ဆိုရက်လိုက်တာ"

"ကဲ ... အချိန်မရှိဘူး ကိုဝမ်းဇော်၊ ကျုပ် သွားမယ်၊ ကျုပ် အိမ်က မျှော်လှတော့မယ်"

တင်မြနွယ်က ပုဆိုးခေါင်းဖုကလေးကို လက်မှ ခွေရင်း သွားရန် ဟန်ပြင်နေလေသည်။

"ဒီမယ် တင်မြနွယ် ... ငါ တစ်ခု မေးစမ်းပါရစေ ဟယ်၊ နင့်ကို ငါချစ်သလို နင်က ငါ့ကို ပြန်မချစ်ဘူးလား ဟင်"

"ကြည့်စမ်း ... တော်ဟာ ပြောရင်း ကဲ့ကဲ့လာပြီ၊ ကျုပ် အသက် ငယ်သေးတယ်တော့၊ ဒါတွေ နားမလည်ဘူးဆို နေမှ"

တင်မြနွယ်က ထိုသို့ ပြန်ပြောလိုက်သောအခါ မောင်ဝမ်းဇော်တွင် ရုတ်တရက် အကြံတစ်ခု ပေါ်လာလေသည်။





ထိုအကြံမှာ အခြားမဟုတ်၊ အိမ်တွန်းက သူ့အစ်ကို ကိုသာလှက ပြောပြသောအတိုင်းပင် တင်မြနွယ်အား လက်ဆွဲ စကားပြောရန်၊ ချစ်ရေးဆိုရန်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် မောင်ဝမ်းဇော်က တင်မြနွယ်၏ လက်ကလေးတစ်ဖက်ကို ရုတ်တရက် ဆွဲကိုင်လိုက်လေတော့သည်။

"အို ... ဒါ ဘာလုပ်တာလဲ ကိုဝမ်းဇော်၊ လွှတ် ... လွှတ်"

တင်မြနွယ်က အတင်းရုန်းဖယ်ကာ ဒေါသနှင့် ပြောလိုက်သည်။

"ငါ ချစ်လွန်းလို့ပါ တင့်မြနွယ်၊ နင့်ကို ငါ ချစ်သလို ငါ့ကို ပြန်ချစ်ပါဟယ်"

မောင်ဝမ်းဇော်က တင်မြနွယ် လက်ကလေးကို မလွှတ်ရုံသာမက ကိုယ်လုံးလေးကိုလည်း ဆွဲဖက်လိုက်သည်။

"လွှတ် ... လွှတ် ... ကျုပ်ကို လွှတ်၊ ကျုပ် တော့်ကို မချစ်ဘူး"

တင်မြနွယ်သည် မောင်ဝမ်းဇော်၏ ရင်အုပ်ကို လက်သီးနှင့် တအားကုန် ထုရိုက်လျက် ပြောလေသည်။

မောင်ဝမ်းဇော်က မလွှတ်တော့ပေ။ တင်မြနွယ် အလစ်တွင် ပါးကလေးနှစ်ဖက်ကိုလည်း နမ်းဖြစ်အောင် နမ်းပစ် လိုက်သည်။

"ငါ ချစ်လို့ပါ တင်မြနွယ်ရယ်၊ ချစ်လို့ပါ"

"ဖယ် ... ဖယ် ... ကျုပ် အော်လိုက်မယ်"

"အော်ရင် နင် အရှက်ကွဲမှာပေါ့ တင်မြနွယ်"

ဤသို့ဖြင့် အပျိုဖြန်းမလေး တင်မြနွယ်မှာ မောင်ဝမ်းဇော်၏ ရင်ခွင်ထဲ၌ တရှုံ့ရှုံ့နှင့် ငိုရှိုက်နေလေတော့သည်။

"ငါ ချစ်လွန်းလို့ ဒီလို လုပ်မိတာပါ တင်မြနွယ်၊ နင် စိတ်ဆိုးရင် ငါ ခံပါ့မယ်၊ နင် ဘာလုပ်လုပ် ငါ ခံပါ့မယ်"

"တော် ... တော် ... ဘာကောင်းတဲ့လူလဲ၊ တော် ကျုပ်ကို ဖက်နမ်းတာ ကျုပ် အမေ ပြန်တိုင်မယ်"

မောင်ဝမ်းဇော်က တင်မြနွယ်ကို ဖက်လျက် ...

"ဒီမယ် တင်မြနွယ်၊ ဒါတွေဟာ မိဘကို ပြန်မတိုင်ရဘူးဟဲ့၊ ငါက နင့်ကို တမင်စော်ကားတာမှ မဟုတ်တာဘဲ၊ နင့်ကို ချစ်လွန်းအားကြီးလို့ ပြုမိပါတယ် ဆိုနေမှဟယ်"

"ဘာလဲ ... တော်ချစ်တာက သူများသားသမီးကို အတင်း ဖက်နမ်းတာလား"

"ချစ်မိတော့လည်း ပြုမိတာပေါ့ဟယ်"

တင်မြနွယ်မှာ ရှိုက်ငိုနေဆဲပင်ဖြစ်သည်။

"မငိုပါနဲ့ တင်မြနွယ်ရယ်၊ တိတ်ပါတော့"

"ငိုမယ် ... ငိုမယ်၊ ဟစ်ပြီးတော့ ငိုလိုက်မယ်"





"တင်မြနွယ် ... နင် ငါ့ကို မချစ်သေးဘူးလားဟင်၊ ချစ်လိုက်စမ်းပါ တင်မြနွယ်ရယ်"

"သွား ... သွား ... မချစ်ဘူး ... သွား၊ သူများကို အားရ အောင်ဖက်နမ်းပြီးမှ"

မောင်ဝမ်းဇော်က တင်မြနွယ် မျက်လုံးအိမ်မှ မျက်ရည်စလေးများကို အသာအယာ သုတ်ပေးလိုက်သည်။ ပြေလျော့ကျနေသော နဖူးဆံစလေးများကိုလည်း အသာအယာ သုတ်ပေးလိုက်သည်။ တင်မြနွယ်ကမူ ငြိမ်သက်လျက် ခံနေရှာသည်။

သို့ဖြင့် တင်မြနွယ်မှာ အငိုတိတ်သွားလေပြီ။ မောင်ဝမ်းဇော် ရင်ခွင်ထဲမှ ထကာ ရေစွက်လာသော ခေါင်းဖုက လေးကို ကိုင်ကာ ရေအိုးကလေးကို စိုက်ကြည့်နေသည်။

"ငါ့ကို ချစ်တယ် မဟုတ်လား တင်မြနွယ်"

တင်မြနွယ်က ဘာမှ ပြန်မပြော။ ရေအိုးကလေးကိုသာ ငေးစိုက်၍ ကြည့်နေသည်။

"ငါ မေးနေတာ ဖြေစမ်းပါ တင်မြနွယ်ရဲ့၊ ငါ့ကို ချစ်တယ်မဟုတ်လားဟင်"

တင်မြနွယ်၏ ပခုံးလေးနှစ်ဖက်ကို မောင်ဝမ်းဇော်က ဆွဲကိုင်လှုပ်ရှားရင်း မေးလိုက်ပြန်သည်။

တင်မြနွယ်က မတုန်မလှုပ်။ သူ့ရှေ့က ရေအိုးကလေးကိုသာ ကြည့်ရင်း ငေးမောနေသည်။

"ပြောစမ်းပါ တင်မြနွယ်ရယ်၊ ဟောဒီပါးစပ်လေးက ချစ်တယ်လို့ ပြောလိုက်စမ်းပါ"

မောင်ဝမ်းဇော်က တင်မြနွယ်၏ မေးကလေးကို ဆွဲရင်း မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

"ပြောလေ တင်မြနွယ်"

"ကျုပ် ဘာမှ မပြောတတ်ဘူး၊ ပြီးတော့ ကျုပ် ရင်ထဲမှာ ဘာဖြစ်နေမှန်း မသိဘူး၊ တော် ကျုပ်ကို ဖက်နမ်းတာ ကျုပ် ဝမ်းထဲက ဝမ်းနည်းသလို ငိုချင်သလိုကြီးပဲ၊ ဘာဖြစ်မှန်းမသိဘူး"

"အဲဒါ ချစ်တယ် ကြိုက်တယ် ဆိုတာပေါ့ တင်မြနွယ်ရဲ့၊ ချစ်တယ်ဆိုတာလေ ငါ ပြောပြမယ် နားထောင်၊ ဝမ်းနည်းတာ၊ ဝမ်းသာတာ၊ သနားတာ၊ ငိုချင်တာတွေ ရောပြီး စိတ်ထဲမှာ ဖြစ်နေတာ သိရဲ့လား၊ အဲဒါတွေ ဖြစ်နေရင် အိပ်ချင်စိတ်လည်း မရှိဘူး၊ စားချင်စိတ်လည်း မရှိဘူး သိရဲ့လား၊ နင့် စိတ်ထဲမှာ ဖြစ်နေသလို ငါ့စိတ်ထဲမှာလည်း နင့်ကို ချစ်တဲ့နေ့ကစပြီး ဖြစ်နေတယ် သိလား"





တင်မြနွယ်က ထိုစကားကို ကြားလျှင် ချစ်တယ် ကြိုက်တယ်ဆိုသည်မှာ ဝမ်းထဲက ဒီလိုပါကလားဟု သဘောပေါက်မိလေ၏။

သူသည် မွေးကတည်းက ဤကဲ့သို့ ဝေဒနာမျိုးကို မခံစားဘူးချေ။ ငယ်ငယ်က သူ့အား မိဘများက ရိုက်ဆုံးမသည့်အခါ ဟစ်အော်ငိုခဲ့ဖူး၏။ တစ်ခါတစ်ရံ မိဘများကို စိတ်ကောက်ခဲ့ဖူး၏။ ထိုကဲ့သို့သော ဝေဒနာတစ်မျိုးကို ခံစားနေမိသည်။

"ပြောပါ တင်မြနွယ်၊ အခု နင် ငါ့ကို ချစ်နေပြီ မဟုတ်လား"

ဤအချိန်တွင်တော့ တင်မြနွယ်က မောင်ဝမ်းဇော်ကို ကြောင်၍ ကြည့်နေမိလိုက်သည်။ သူ ဘာကို ပြန်ပြောရမည်ကို မသိအောင် ဖြစ်နေသည်။

"ပြောစမ်းပါဟ၊ ဟောဒီပါးစပ်ကလေးက"

"မသိဘူး ... မသိဘူး ... ကျုပ်ဝမ်းထဲက ဘာဖြစ်မှန်း မသိဘူး၊ တော့်ကိုတော့ ချစ်တယ်လည်း မပြောချင်ဘူး၊ ဘယ်လိုမှ မပြောချင်ဘူး၊ တော်နဲ့ တွေ့ရတာ ရင်ထဲမှာ လှပ်လှပ် လှပ်လှပ်နဲ့ အသည်းထဲမှာလည်း ယားကျိကျိနဲ့"

"ဟဲ့ ... တင်မြနွယ် ... အချစ်ဆိုတာ ဒီလိုပဲတဲ့ဟ၊ ငါ သူများပြောတာ ကြားဖူးတယ်၊ ငါလည်း တစ်ခါမှ ဒီလို

မဖြစ်ဖူးဘူး၊ ငါ့မှာလည်း နင် ပြောသလို ဖြစ်နေရတယ် တင်မြနွယ်"

"တော်ပါတော့ ကိုဝမ်းဇော်ရယ်၊ အချိန်လည်း သိပ်မ တော့ဘူး၊ ကျုပ်ကို ရေအိုးပင့်ပေး၊ ကျုပ် သွားတော့မယ်"

"အေး ... သွားတာပေါ့ဟာ၊ ဒါပေမဲ့ နင့်ပါးစပ်ကလေးက ငါ့ကို ချစ်တယ်ဆိုတာ ပြောခဲ့စမ်းပါဦး"

မောင်ဝမ်းဇော်က ပြောပြောဆိုဆို တင်မြနွယ်အာ ဖက်၍ နမ်းလိုက်တော့မည်အလုပ်တွင် ...

"တော်စမ်းပါ၊ ဖယ်ပါတော့"

ဟု တင်မြနွယ်က မောင်ဝမ်းဇော်၏ ရင်အုပ်ကြီးကို တွန်းလွှတ်လိုက်ပြီးလျှင် မခို့တရို့အမူအရာနှင့် ပြုံးလိုက်ပြီး ရေအိုးကို ရွက်ရန် ခေါင်းဖုအဝတ်ကို ခေါင်းပေါ်သို့ ကောက်တ လိုက်လေသည်။

ဤတွင် မောင်ဝမ်းဇော်ကလည်း တင်မြနွယ်၏ ပါးကလေးကို မနာမကျင် သူ့လက်ကလေးနှင့် ဆွဲလိမ်လိုက်သည်။

ပြီးတော့မှ တင်မြနွယ် ခေါင်းပေါ်သို့ ရေအိုးကို ပင့်ပေးလိုက်သည်။

"ကိုဝမ်းဇော်ကြီးနော်၊ တော်နဲ့ ကျုပ်နဲ့ ခုလို တွေ့ကြတာ ဟိုပြော ဒီပြော လျှောက်မပြောနဲ့ သိလား၊ တော်ကြာ ..."





"အမယ်လေး မပြောပါဘူးတဲ့ တင်မြနွယ်ရယ်၊ စိတ်ချပါ၊ ဘုရားစူးရစေရဲ့၊ ငါ ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူးဟာ"

"ကဲ ... ဒီလိုဆို ကျုပ် သွားပြီ"

တင်မြနွယ်သည် ရေအိုးကလေးကို ရွက်ခါ မောင်ဝမ်း ာ်အား နှုတ်ဆက်သည့်အကြည့်ဖြင့် 'မူ'၍ ကြည့်လိုက် ပြီးလျှင် က်သွားလေတော့သည်။

မောင်ဝမ်းဇော် တစ်ယောက်မှာမူ သရက်ပင်ကြီး အောက်မှနေ၍ တင်မြနွယ်လေး၏ ချောမောလှပပြေပြစ်သော ယ်ကာယကို မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့ တည်း။

ထိုနေ့တွင် မောင်ဝမ်းဇော်တစ်ယောက်အဖို့ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်၍မဆုံးတော့ချေ။

သူ့အကြံစီ သူ့ရည်ရွယ်ချက်မှာ ထ,မြောက်အောင်မြင်သွားခဲ့ပေပြီ။

တင်မြနွယ်နှင့် တွေ့ဆုံခွင့်ရခဲ့ကြပြီး အိမ်ပြန်ရောက်လာသည်နှင့် အူမြူးကာ သီချင်းတကြော်ကြော်နှင့် ဖြစ်နေပေတော့သည်။

ကိုသာလှကပင် မောင်ဝမ်းဇော်၏ အရိပ်အခြည်အမူအရာကို ကြည့်လျက် အံ့သြနေမိတော့သည်။

"ဟ ... ငါ့ညီ ဝမ်းဇော်၊ မင်းကို ကြည့်ရတာ တယ်ပြီးအူမြူးနေပါကလား"

ကိုသာလှက အံ့သြနေရုံမကတော့ဘဲ ထုတ်ဖော်၍ပင်မေးလိုက်လေသည်။





"အူမြူးဆိုရင် မြူးချိန်တန်တော့ မြူးရတာပေါ့ ကိုကြီးသာလှရယ်"

မောင်ဝမ်းဇော်က ခပ်တည်တည်နှင့် သူ့အစ်ကိုအားပြန်ပြောလိုက်သည်။

ဟန်ပန်အမူအရာမှာ ...

"ဝမ်းဇော်ကွ ဝမ်းဇော်၊ ဝမ်းဇော်တို့ ကြံလိုက်ရင် ဘယ်သူခံနိုင်မလဲ"

ဟူသော အောင်ပွဲရစစ်သူကြီး၏ အမူအရာမျိုးပင်ဖြစ်နေပေတော့သည်။

"အေးလေကွယ်၊ ငါ့ကိုလည်း အကျိုးအကြောင်းလေးဘာလေး ပြောစမ်းပါဦးကွယ့်၊ အစ်ကိုပါရောပြီး ဝမ်းသာရအောင်"

မောင်ဝမ်းဇော်က 'သူနှင့် တင်မြနွယ်တို့ ဖြစ်ပျက်တွေ့ကြုံပြောဆိုခဲ့ရသော စကားများကို သူ့အစ်ကိုသာလှအားပြန်ပြောရန် ဆုံးဖြတ်လိုက်သည်။

ဤသို့ ဆုံးဖြတ်လိုက်ရာတွင် ချစ်ရသူ တင်မြနွယ်လေးက နောက်ဆုံးမှာကြားလိုက်သော ...

"ကိုဝမ်းဇော်ကြီးနော် တော်နဲ့ ကျုပ်နဲ့ ခုလို တွေ့ကြတာတွေ ဟိုပြော ဒီပြော လျှောက်မပြောနဲ့သိလား"

ဆိုသော စကားများကို နားထဲတွင် ကြားယောင်လာလေသည်။

"ကိုကြီးသာလှရေ ကျွန်တော့်မှာ ဝမ်းသာစရာအကြောင်း ရှိနေပြီဗျ၊ ဒါပေမဲ့ ကိုကြီးသာလှက ဘယ်သူ့မှ မပြောပါဘူးလို့ ဝန်ခံရင် ကျွန်တော် ပြောပြပါ့မယ်"

"အံမယ် ဝမ်းဖော်ရယ်၊ မင်းနဲ့ ငါနဲ့က ညီအစ်ကိုပါကွာ၊ ငါက မင်းအတွက် ထိခိုက်မဲ့စကားဆိုရင် ဘယ်သူ့လျှောက်ပြောရမှာလဲ"

"ကျွန်တော့် အတွက်တော့ မဟုတ်ပါဘူး ကိုကြီးသာလှရဲ့၊ သူကလေးအတွက်ပါ"

"အလို သူကလေးတွေ ဘာတွေတောင် ဖြစ်နေမှကိုး၊ ဒီလိုဆို မင်းကောင်မလေး တင်မြနွယ်နဲ့ တွေ့ခဲ့ပြီ မဟုတ်လား၊ ငါ ပြောသလို လုပ်ရဲ့လားကွ"

"ကိုကြီးသာလှ ညီပဲဗျာ၊ ဘယ်နေမလဲဗျ ... ဟဲ ... ဟဲ"

မောင်ဝမ်းဖော်သည် သူနှင့် တင်မြနွယ်တို့ ရေကန်နှင့် မနီးမဝေးရှိ သရက်ပင်ကြီးနောက်တွင် တွေ့ကြုံဖြစ်ပျက်ခဲ့သမျှ အကြောင်းများကို တစ်လုံးမကျန် ပြောပြလေရာ ...

ကိုသာလှမှာ သူ့ညီ၏ စကားများကို ကျေနပ်နှစ်သိမ့်စွာနှင့် နားထောင်နေသည်။





"ဒါပေမဲ့ ကိုကြီးသာလှရာ၊ သူနဲ့ ကျွန်တော်နဲ့ နောက်ဆုံး ပြောဆိုသွားတဲ့အထိ သူက ကျွန်တော့်ကို ချစ်ပါတယ် ကြိုက်ပါတယ် ဆိုတာကလေးကို ပြောမသွားသေးဘူးဗျ"

"ဩော် ... ငါ့ညီရယ်၊ မင်းမှာလည်း တယ်ပြီး နုံတာ အ,တာကိုး၊ တစ်သက်လုံး မသေမချင်း မှတ်ထားကွယ့်၊ မိန်းကလေးဆိုတာ ဘယ်တော့မှ ယောကျ်ားကလေးကို ချစ်တယ် ကြိုက်တယ်လို့ ဖွင့်မပြောဘူး၊ ယောကျ်ားကလေးက အကဲကိုသိရတယ်၊ အခု မင်းကိစ္စမှာ မင်းပြောသလောက်ဆိုရင် တင်မြနွယ်ကလေးဟာ မင်းအပေါ်မှာ မေတ္တာရှိသွားပြီကွယ့်"

"ဟုတ်ပါတယ် ကိုကြီးသာလှရယ်၊ ကျွန်တော်လည်း ဒါလောက်တော့ မညံ့သေးပါဘူး၊ ဒါကြောင့် ဝမ်းသာနေတာဗျ၊ ကျွန်တော်ရဲ့ ရှေးရေစက်ကုသိုလ်ကြောင့်ပဲ နေမှာပေါ့ဗျာ၊ ရွာထဲက သူ့ကို ဝိုင်းပိုးနေတဲ့သူတွေထဲမှာ ကျွန်တော် တစ်ယောက် လက်မထောင်ပြနိုင်ပြီပေါ့ဗျာ ဟား ... ဟား ... ဟား"

သို့ဖြင့် ညနေအချိန်သို့ ရောက်ရှိလာလေပြီ။ မောင်ဝမ်းဇော်တစ်ယောက်မှာ ဝမ်းသာလုံးဆို့နေသဖြင့် ညနေက အဖြစ်အပျက်များကို အပြန်ပြန်အလှန်လှန် စဉ်းစားရင်း အိပ်မပျော်နိုင်ဘဲ ရှိနေလေ၏။

သူ့ဘေးက အိပ်နေသော ကိုသာလှမှာကား နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျလျက် ရှိလေသည်။

သန်းခေါင်းကျော် အချိန်သို့ ရောက်မှပင် မောင်ဝမ်းဇော်မှာ မှေးကနဲ အိပ်ပျော်သွားလေ၏။

ထိုအခိုက်တွင် ရွာထဲမှ ခွေးအူသံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။ တစ်ရွာလုံးမှာ အိပ်မောကျနေသဖြင့် ခွေးအူသံများကို မကြားဘဲ ရှိလေသည်။

ခွေးအူသံများမှာ တစ်စတစ်စနှင့် မောင်ဝမ်းဇော်တို့ အိမ်အနီးတွင် ရောက်လာသောအခါ ဆူညံနေတော့သည်။





ထိုအချိန်၌ လှပသော မိန်းမပျိုကလေးတစ်ဦးနှင့် နောက်မှ ပါလာသော မျောက်ကြီးတစ်ကောင်သည် မောင်ဝမ်းဇော်တို့အိမ် တံစက်မြိတ်သို့ ရောက်ရှိနေသည်ကို မည်သူမျှ မသိနိုင် မမြင်နိုင်ကြချေ။

မိန်းမပျိုလေးသည် သူနှင့် အတူပါလာသော မျောက်ကြီးလိုလို သတ္တဝါကြီးအား အိမ်ဝ၌ စောင့်နေစေပြီးလျှင် သူကမူ အိမ်အတွင်းသို့ ဝင်လာလေသည်။

မောင်ဝမ်းဇော်နှင့် ကိုသာလှတို့ ညီအစ်ကိုနှစ်ယောက်မှာ အိပ်မောကျနေလျက် ရှိနေ၏။

မိန်းမပျိုသည် သူ၏ လက်နှစ်ဖက်နှင့် အိပ်ပျော်နေသော မောင်ဝမ်းဇော်၏ ကိုယ်ကို သပ်လိုက်သည်။

ထိုခဏ၌ မောင်ဝမ်းဇော်မှာ အိပ်ရာမှ နိုးသူကဲ့သို့ ထထိုင်လိုက်လေသည်။

မိန်းမပျိုကမူ စကားတစ်လုံးမှ မပြော၊ မောင်ဝမ်းဇော်ကိုသာ လက်ယပ်ခေါ်လျက် အိမ်အပြင်သို့ ထွက် သွားလေသည်။

မောင်ဝမ်းဇော်ကလည်း မိန်းမပျိုခေါ်သည့်နောက်သို့ ထ၍ လိုက်သွားလေသည်။

မိန်းမပျိုသည် မောင်ဝမ်းဇော်ကို ခေါ်၍ အိမ်နှင့် မနီးမဝေးရှိ ကုက္ကိုပင်ကြီးနောက်သို့ ထ၍ လိုက်သွားရလေ၏။

မိန်းမပျိုနှင့် ပါလာသော မျောက်လိုလို အကောင်ကြီးမှာ မောင်ဝမ်းဖော်၏ နောက်မှ တင်းပုတ်ကြီးကို ကိုင်ဆောင်ထမ်းလျက် ဟာနုမာန်မျောက်ကြီးနှင့် တူပေသည်။

ကုက္ကိုပင်ကြီးအောက် ရောက်သောအခါ ထိုမိန်းမပျိုက မောင်ဝမ်းဖော်၏ မျက်နှာကို လက်ဝါးနှင့် သပ်လိုက်ပြန်သည်။

ထိုအခါ မောင်ဝမ်းဖော်တစ်ယောက်မှာ အိပ်မက်မှယောင်၍ လမ်းလျှောက်နေရသူကဲ့သို့သာ ဖြစ်နေရာ လန့်နိုးလာကာ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

အိပ်မက်ထဲက မိန်းမပျိုကို သေချာစွာ မြင်တွေ့ရပြန်သဖြင့် ရုတ်တရက် တုန်လှုပ်သွားစေသည်။

ထုံးစံအတိုင်း ဓာတ်ပြားဟောင်းကြီးကို ပြန်ကြားရပြန်တော့သည်။

"ကိုသိခ်ရယ် ... ရှင်ဟာ တကယ် ရက်စက်တဲ့ လူပဲ၊ ရှင်ဟာ ကျွန်မအပေါ်မှာ လုံးလုံးကိုမှ မသနားတော့ဘူးလားဟင်"

မိန်းမပျိုက မျက်ရည်စက်လေးကို ပဝါကလေးနှင့် သုတ်ခါ ပြောလိုက်သည်။

မောင်ဝမ်းဖော်ကမူ မိန်းမပျိုကို ထူးဆန်းစွာနှင့် ငေးကြည့်နေမိပြန်သည်။





"ကျွန်မကတော့ ရှင့်ကို စောင့်မျှော်လာခဲ့တာ အနှစ်နှစ်အလလအချိန်တွေ နှောင်းခဲ့ပါပြီ၊ ရှင်ကတော့ ကျွန်မကို နည်းနည်းမှ သတိမရတဲ့အပြင် ချစ်သူအသစ် တွေ့လို့ ပျော်နေတယ်ပေါ့လေ"

"ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို အနှောင့်အယှက် ခဏခဏ ပေးနေရသလဲ၊ ခင်ဗျားပြောတဲ့ ကိုသိခ်ဆိုတာ ကျွန်တော် မဟုတ်ဘူး"

မောင်ဝမ်းဖော်က ထိုသို့ပင် ပြန်ပြောလိုက်ရာ မိန်းမပျိုမှာ ဒေါသထွက်လာလေတော့သည်။

"ကိုသိခ်ရယ် ... ရှင်ဟာ တော်တော်ရက်စက်တာပဲ၊ ကျွန်မဟာ နန်းဉမ္မာလေ၊ ရှင် မမှတ်မိတော့ဘူးလား၊ နန်းဉမ္မာ ... နန်းဉမ္မာ ... ကျွန်မဟာ ရှင့်မိန်းမ နန်းဉမ္မာတဲ့ သိပြီလားဟင်"

"နန်းဉမ္မာ ဟုတ်လား၊ ကျွန်တော့်မှာ မိန်းမဆိုတာလည်း မရှိဘူး၊ နန်းဉမ္မာ ဆိုတာလည်း မသိဘူး"

မောင်ဝမ်းဖော်က ခေါင်းခါ၍ ငြင်းနေသည်။

"အခုဘဝမှာ ရှင် မသိပေမဲ့ ဟိုဘဝတုန်းက ရှင်က ကျွန်မရဲ့ လင် ကိုသိခ်ပါပဲ"

"ကောင်းပါပြီ၊ ဟိုဘဝတုန်းက ခင်ဗျားနဲ့ ကျွန်တော်ဟာ လင်မယားဖြစ်ချင်ဖြစ်ခဲ့ပေမဲ့ ဒီဘဝမှာ ခင်ဗျားနဲ့ ကျွန်တော်ဟာ ဘာမှ မဆိုင်တော့ဘူး၊ ဒါကြောင့် ကျွန်တော့်ကို အနှောင့်အယှက် မပေးပါနဲ့တော့"

"ဘာမှ မဆိုင်ဘူး ဟုတ်လား၊ ရှင်ကတော့ ရက်ရက်စက်စက် ပြောရက်ပြီပေါ့ ကိုသိန်းရယ်၊ ရှင် ကျွန်မကို မချစ်တော့ဘူးလား"

"မချစ်နိုင်တော့ဘူး၊ ကျွန်တော့်မှာ ချစ်သူရှိနေပြီ၊ ခင်ဗျားနဲ့ ကျွန်တော်က ဘဝခြားနေပါပြီ၊ ကျွန်တော့်ဟာ ကျွန်တော် အေးအေးနေပါရစေတော့"

"ရှင် တကယ်ရက်စက်တာလားဟင်၊ ရှင့်ကို ဘယ်သူက ချစ်တာမှ ကျွန်မ မကြည်ဖြူနိုင်ဘူး၊ ရှင့်တို့ချစ်ခြင်းကို ကျွန်မ ရတဲ့နည်းနဲ့ ခွဲရလိမ့်မယ်၊ ရှင်ကတောင် ရက်စက်သေးတာ၊ ကျွန်မကလည်း ရက်စက်ပြရမှာပေါ့ ကိုသိန်းရယ်၊ ကိုင်း ... ရှင့် နောက်မှာ ဘယ်သူလဲ ကြည့်လိုက်စမ်း"

နန်းဥမ္မာဟူသော မိန်းမပျိုက ထိုသို့ပြောပြီးလျှင် မောင်ဝမ်းဇော်၏ နောက်သို့ လက်ညှိုးထိုးပြလိုက်လေသည်။





မောင်ဝမ်းဇော်က လှည့်ကြည့်လိုက်ရာ ကြောက်မက်ဖွယ်ရာကောင်းသော ဟာနုမာန်မျောက်ကြီးက ဆူးများ ချွန်တက်နေသော တင်းပုတ်ကြီး ကိုင်ထားခြင်းကို တွေ့ရလေသည်။

ထိုသတ္တဝါကောင်ကြီးက ရှေ့သို့ တစ်လှမ်းချင်းတိုး၍ လာသဖြင့် မောင်ဝမ်းဇော်က ထိတ်လန့်ကြောက်ရွံ့စွာနှင့် အော်ဟစ်လိုက်သည်။

မောင်ဝမ်းဇော်၏ အော်ဟစ်သံမှာ ဆူညံစွာ ထွက်ပေါ်လာခဲ့သည်။

"အမယ်လေး ... တင်းပုတ်ကြီးနဲ့ ကြောက်စရာကြီးဗျို့ လုပ်ကြပါဦး"

သူ၏ အော်ဟစ်သံကြောင့် သူ့ဖခင် ဦးတင်အုန်းနှင့်တကွ အစ်ကိုကြီးသာလှတို့ပါ အိပ်စက်ပျော်နေကြရာမှ လန့်၍နိုးလာကြသည်။

"ဟဲ့ ... ဟဲ့ ... လူကလေးဝမ်းဇော် ... ဝမ်းဇော် ဘာဖြစ်တာလဲ"

ဟု ဖခင်ကြီးနှင့် အစ်ကိုကြီး ဖြစ်သူတို့မှာ မောင်ဝမ်းဇော်အား ဝိုင်းဝန်းဖက်လျက် စိုးရိမ်စွာနှင့် မေးနေလေသည်။

"ဆူးတွေပါတဲ့ တင်းပုတ်ကြီးနဲ့ ကျွန်တော့်ကို သတ်တေ
မှာဗျ"

"လူကလေး မောင်ဝမ်းဇော်၊ သတိထားပါဦးကွယ်၊ ဘ
ကောင်မှ မရှိပါဘူးကွယ့်၊ မင်း အိပ်မက်မက်နေတာပါ

မောင်ဝမ်းဇော်က မျက်လုံးဖွင့်ကြည့်လိုက်ရာ သ
ဖခင်ကြီး ဦးတင်အုန်းနှင့် သူ့အစ်ကိုကြီးသာလှတို့ကို တွေ့ရတေ
မှ အကြောက်အနည်းငယ် ပြေသွားတော့သည်။

"ဟုတ်တယ် ... အိပ်မက် အဖေရ၊ အိပ်မက်ထဲမှ
ဟိုမိန်းမက လာခေါ်ပြန်တယ်၊ ပြီးတော့ သူ့နောက်က
ပါလာတဲ့ ကြောက်စရာကောင်းတဲ့ ဟာနုမာန်မျောက်ကြ
တစ်ကောင်ကို တင်းပုတ်ကြီးနဲ့ အထုခိုင်းတယ်ဗျ"

"မကြောက်နဲ့ လူကလေး၊ မကြောက်နဲ့၊ ပက်လက်လှ
အိပ်မိရင် လူတိုင်းဟာ အခုလို ဘီလူးစီး ခံရတာမျိုး
ထမင်းလုံးတစ္ဆေအခြောက်ခံရတာမျိုးတွေ ဖြစ်တတ်ကြတယ်
မဟုတ်လား၊ အိပ်မက်ထဲမှာ ပြေးချင်တိုင်းပြေးမရ၊ အော်ချင်
တိုင်းလည်း အော်မရနဲ့၊ ဝူးဝူးဝါးဝါးကြီး ဖြစ်နေတာ
ပြေးရပြန်ပြီဆိုရင်လည်း ဖတ်ဖတ်မောအောင် ပြေးလိုက်ရ
တာတွေက တကယ်တော့ မိမိအစွဲအလမ်းနဲ့ စိတ်ကြောင့်





ဖြစ်ပေါ်လာရတာတွေပါကွယ်၊ ကဲ ... ကဲ ... ကိုယ့်စိတ်
အစွဲအလမ်းတွေ ပျောက်သွားအောင် ဘုရားစင်ရှေ့မှာ
ရှိခိုးလိုက်ပေါ့"

ထိုအခါ မောင်ဝမ်းဇော်တစ်ယောက် ဘုရားကို
ထ၍ ရှိခိုးပြီး ပြန်အိပ်လိုက်သောအခါ အနှောင့်အယှက် မရှိဘဲ
အိပ်ပျော်သွားလေတော့သတည်း။

တင်မြနွယ် တစ်ယောက်မှာလည်း ညနေက မောင်ဝမ်းဇော်နှင့် သရက်ပင်ကြီးအောက် ချုံနောက်ထဲ တွေ့ခဲ့ရပုံများကို မမေ့ပျောက်နိုင်သေးဘဲ ညဥ့်နက်ချိန်များမှ အိပ်ပျော်သွားသည်။

နန်းဥမ္မာ ဟူသော မိန်းမပျိုသည် သူ၏ အစောင့်ဟာနုမာန်မျောက်ကြီးနှင့်အတူ ဆင်ငယ်ပြေးကုန်းရွာ အရှေ့ပိုင်းရှိ တင်မြနွယ်တို့အိမ်ထဲသို့ ဝင်သွားပြန်လေ၏။

နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေသော တင်မြနွယ်အနီးသို့ ရောက်သောအခါ တင်မြနွယ်အား ဒေါသစိတ်တို့ဖြင့် ကြည့်လိုက်ပြီးနောက် သူ့လက်များနှင့် သပ်လိုက်သည်။

ထို့နောက် တင်မြနွယ်သည် အိပ်ရာမှ နိုးလာပြီး နန်းဥမ္မာ ဆိုသည့် မိန်းမပျိုကို ကြည့်လိုက်သည်။

နန်းဥမ္မာက ဘာမှ မပြောသေး၊ ခက်ထန်သော အမူအရာနှင့် တင်မြနွယ်အား သူ့နောက်သို့ လိုက်ရန် လက်ယပ်ခေါ်တော့သည်။





တင်မြနွယ်ကလည်း အိပ်ရာမှ အသာအယာ ထကာ
[န]န်းဥမ္မာခေါ်သည့် နောက်သို့ လိုက်ပါသွားသည်။ ဟာနုမာန်မျောက်[ကြီး]ကြီးမှာလည်း တင်မြနွယ်၏ နောက်နားက လိုက်ပါလာတော့[သ]သည်။

ထိုအချိန်၌ တင်မြနွယ်တို့ အိမ်တစ်ဝိုက်တွင် ခွေး[များ]များမှာ ဆူညံနေအောင် အူနေကြလေရာ အင်မတန်ပင် ကြောက်[လန့်]ဖွယ်ရာ ကောင်းလှပေတော့သည်။

နန်းဥမ္မာသည် တင်မြနွယ်အား အိမ်ဝိုင်းထဲက [သရက်]ပင်ကြီး တစ်ပင်အောက်သို့ ရောက်သောအခါ တင်မြနွယ်၏ [နဖူ]းနှာကို လက်ဝါးနှင့် တစ်ဖန် သပ်လိုက်ပြန်သည်။

ထိုအခါ တင်မြနွယ်မှာ သတိရလာသူပမာနှင့် မိမိ[ရှေ့]တွင် ရောက်ရှိနေသည့် နန်းဥမ္မာကို အံ့သြစွာနှင့် ကြည့်နေလိုက်[သ]သည်။

ဤတွင် နန်းဥမ္မာဆိုသော မိန်းမပျိုက မခို့တရို့[အ]မူအရာနှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ...

"တင်မြနွယ် ... တင်မြနွယ်နဲ့ ဒီဆင်ငယ်ပြေးကုန်းရွာ တစ်ရွာလုံးမှာ ညည်းဟာ အချောဆုံး အလှဆုံးဆိုပြီး နာမည်ကြီးလှပါကလားဟင်"

"ကျုပ် ကုသိုလ်နဲ့ ကျုပ်ချောတာ ဘာဖြစ်လဲ"

တင်မြနွယ်ကလည်း သူ့ရှေ့တွင် သူ တစ်
မမြင်ဘူးသော မိန်းမတစ်ယောက်က သူ့အား ပြောင်လှောင်သ
နေသည်ကို မခံမရပ်နိုင်ဘဲ ရှိကာ ပြန်၍ ရန်တွေ့လိုက်သည်

“အေး ... ဒီလောက် ကုသိုလ်ကောင်းလို့ ချောပါ
လှပါရက်နဲ့ သူများ အချစ်ကိုမှ ညည်းက လုယူရက်
တယ်အေ”

တင်မြနွယ်မှာ ထိုစကားကို ကြားလျှင်ပင် မခံမ
နိုင်အောင် ဆတ်ဆတ်ခါ နာသွားလေသည်။

“ရှင် ဘယ်သူလဲ၊ ရှင့်ကို ကျုပ် မသိဘူး၊ ရှင် ဘ
ကျုပ်ကို စော်ကားနေတာလဲ၊ ရှင်က ဘာလဲ”

“ဟဲ ... ဟဲ ... တင်မြနွယ်ရယ်၊ ညည်းက ရုပ်ကလေး
သလောက် ရန်တွေ့လည်း တယ်ကောင်းပါလား၊
ဘယ်သူဆိုတာ ညည်း မသိသေးဘူးလားဟင်၊ တစ်
မဟုတ်ဘူး၊ ညည်းနဲ့ အခုချစ်ကြိုက်နေတဲ့ ကိုသိန်း
မိန်းမပေါ့”

တင်မြနွယ်မှာ ပို၍ပင် ဒေါသပွသွားလေတော့သ

“ရှင် အရူးလား၊ ရှင် ပြောတာတွေ ကျုပ် နားမလည်
ဘယ်က ကိုသိန်းလဲ၊ ရှင် ထွက်သွားပါ”

“ကိုသိန်းကို ညည်းက တကယ်မသိဘူးလားဟင်”





ဟု ပြောကာ စဉ်းစားမိလိုက်သေးသည်။

“ဩော် ... ကိုသိန်း ... ကိုသိန်း ... ရှင့်ချစ်သူကိုတော့
သနားပါရဲ့၊ ဒါပေမဲ့ ရှင်က ရက်စက်လို့သာ ကျွန်မကလည်း
ရက်စက်ရတာပါ ...

ဟော့ ... တင်မြနွယ် ညည်း မသိဘူးဆိုတာ မဖြစ်
နိုင်ဘူး၊ ရေခပ်သွားတုန်းက သရက်ပင်ကြီး အကွယ်မှာ
ညည်းကို ဖက်နမ်းသွားတဲ့ လူဟာလေ၊ မှတ်မိပလား၊
အဲဒါ ငါ့လင် ... ငါ့လင်”

ထိုကဲ့သို့ မျက်နှာစိမ်း မိန်းမပျိုက ပိုင်ပိုင်နိုင်နိုင်
ပြောလိုက်ရာ တင်မြနွယ်မှာ ဒေါသဖြစ်နေရာမှ တွေဝေသွားတော့
သည်။

အတိအကျပင် ပြောလာသဖြင့် ရှက်လည်းရှက်၊
ဒေါသလည်းထွက်လာသောကြောင့် ...

“ရှင် ဘယ်သူလဲ ... ရှင့်ကို ဒီရွာမှာ တစ်ခါမှ မတွေ့ဖူး
ဘူး၊ ရှင်ပြောတဲ့ ကိုသိန်းဆိုတဲ့ လူဟာလည်း ကျုပ်တို့
ဒီရွာထဲမှာ မရှိဘူး၊ သွား ... သွား ... ကျုပ်ကို ဘယ်လို
အစားထဲကများ မှတ်သလဲ”

နန်းဥမ္မာဆိုသည့် မိန်းမပျိုသည်လည်း ဟက်ဟက်
ပက်ပက်နှင့် မခိုးမခန့်ရယ်မောလိုက်ပြီးနောက် ...

"ကဲ ... တင်မြနွယ် ညည်းက ကိုသိန်းကို မသိသေးရင် လက်တွေ့ပြရသေးတာပေါ့၊ ဟိုမှာကြည့်စမ်း ... ဘယ်သူလဲ"

တင်မြနွယ်သည် မျက်နှာစိမ်း မိန်းမပျို၏ လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သည်။ ထိုမျက်နှာစိမ်း မိန်းမပျိုနှင့် အတူပါလာဟန်တူသော ကြီးမားသည့် မျောက်ကြီးမှာ တင်မြနွယ် ကြည့်ရင်း ကြည့်ရင်းနှင့် မျက်စိရှေ့မှောက်မှာတင် ကိုဝမ်းဇော် အဖြစ်နှင့် တွေ့မြင်လိုက်ရလေတော့၏။

"ဟင် ... ကိုဝမ်းဇော် ... ကိုဝမ်းဇော်"

"ဘယ်က ကိုဝမ်းဇော်လဲ၊ ဒါ ကိုဝမ်းဇော် မဟုတ်ဘူး၊ ကိုသိန်း၊ ညည်းနဲ့ ဘာမှ မဆိုင်ဘူး၊ ငါ့လင်ကို ညည်း မခေါ်ပါနဲ့"

တင်မြနွယ်၏ အသည်းထဲတွင် အပ်နှင့် ဆွလိုက်သကဲ့သို့ နာကျင်သွားလေသည်။

ကိုဝမ်းဇော်အသွင် ဖန်တီးထားသော မျောက်ကြီးသည် တင်မြနွယ်အား မသိသလို လုပ်ကာ မျက်နှာစိမ်း မိန်းမပျိုထံသို့ ကပ်ရောက်သွားလေသည်။

"ဟဲ့ ... ကောင်မ တင်မြနွယ်၊ တွေ့ရဲ့လား၊ ဒါ ညည်း ချစ်သူ ကိုဝမ်းဇော် မဟုတ်ဘူး၊ ငါ့ချစ်သူ ကိုသိန်း၊ ငါ ဘယ်သူဘယ်ဝါလဲ ဆိုတာ သိချင်သေးလား၊ နန်းဥမ္မာ





ဆိုတာ ငါပဲ၊ ကိုသိန်းဆိုတာ နန်းဥမ္မာရဲ့အချစ်၊ ဟိုဘဝတုန်းက ချစ်သူဟောင်း၊ ညည်း နောက်ဆို ငါ့အချစ်ကို လာလုရင် ညည်းကို လူ့ဘဝမှာ အရှင်မထားတော့ဘူး"

နန်းဥမ္မာက ဒေါပါပါနှင့် ပြောဆိုလိုက်ရာ တင်မြနွယ်သည် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ရောပြွန်းခါ မျက်ရည်များ ကျလာလေတော့သည်။

"ကိုဝမ်းဇော် ... ကိုဝမ်းဇော် ... တော်ဟာ တကယ်တော်တဲ့ လူကြီးပဲ၊ တော်ပြောတော့တစ်မျိုး၊ အခုတော့ တစ်မျိုး၊ တော်ဟာ ကျုပ်အပေါ်မှာ မှိုချိုးမျှစ်ချိုး ကြံစည်ရက်လေခြင်း ကိုဝမ်းဇော်ရယ်"

တင်မြနွယ်သည် မျက်နှာစိမ်းမိန်းမပျိုအနီး၌ ကပ်နေသော မျောက်ကြီးအား မောင်ဝမ်းဇော် အမှတ်ဖြင့် ပြောဆို ငိုယိုနေပေတော့သည်။

နန်းဥမ္မာမှာ တင်မြနွယ် ငိုယိုနေသည်ကို သဘောကျစွာ ရယ်မောနေ၏။

ဟား ... ဟား ... ဟား ...

ဟီး ... ဟီး ... ဟီး ...

"ဟဲ့ တင်မြနွယ် ... တင်မြနွယ်၊ ဟဲ့ ... သမီးလေး ဘာဖြစ်လို့ ငိုနေရတာလဲကွယ်"

တင်မြနွယ်၏ မိခင်သည် သမီးဖြစ်သူအား လှုပ်နိုး နေတော့၏။ တင်မြနွယ်မှာကား မျက်လုံးမဖွင့်ဘဲ ရှိုက်ကြီးတငင်ငင် လုပ်၍ ငိုကြွေးနေလေသည်။

"ဟဲ့ ... သမီး တင်မြနွယ် ထစမ်း၊ သမီး ဘာဖြစ်နေတာ တုံး၊ မေးလို့လဲ မရပါလား"

မိခင်ကြီးဖြစ်သူက စိုးရိမ်တကြီးနှင့် အိပ်ရာထဲမှ တင်မြနွယ်ကို လှုပ်နှိုးနေသည်။ ခဏအကြာတွင် တင်မြနွယ်မှာ သတိရလာပြီး မျက်လုံးဖွင့်ကြည့်ရာ သူ့အား စိုးရိမ်စိတ်ကြီးစွာ နှင့် ကြည့်နေသော မိခင်ကြီးကို တွေ့ရသည်။

"သမီးလေး အမေ့ကို ပြောစမ်းပါဦး၊ ဘာဖြစ်လို့ ငိုနေရ သလဲဟင်"

"အိပ်မက် အမေရဲ့၊ အိပ်မက်ကြောင့်"

"ဘာအိပ်မက်တွေ မက်လို့တုံး"

တကယ်တော့ တင်မြနွယ်မှာ အိပ်မက်အကြောင်း ဖြစ်ကြောင်းကုန်စင်ကို ပြောရမှာ ခက်နေသည်။

သူ့အိပ်မက်အကြောင်းကို အမှန်ပြောပြလိုက်လျှင် သူနှင့် ကိုဝမ်းဇော်တို့အကြောင်း အစုံအလင်ကို မိခင်ကြီးဖြစ်သူ သိသွားလိမ့်မည်ဖြစ်၍ အမှန်အတိုင်း မပြောဘဲ လိုးလွဲကာ ပြော လိုက်ရလေသည်။





"အိပ်မက်ထဲမှာ နန်းဥမ္မာဆိုတဲ့ မိန်းမတစ်ယောက်က ကျွန်မကို လာခေါ်တယ် အမေရဲ့၊ ဆီးပင်ကြီးတစ်ပင် အောက် ရောက်သွားတော့ ကျွန်မကို ခြောက်လှန့်ပြီး ကြိမ်းလိုက် မောင်းလိုက်နဲ့ လုပ်နေတယ်၊ ဒါနဲ့ ကျွန်မက ကြောက်လန့်ပြီး ငိုနေမိတာပါ"

နန်းဥမ္မာဟူသော နာမည်ကို ကြားလိုက်သည်နှင့် တင်မြနွယ်၏ မိခင်ကြီးမှာ မျက်နှာပျက်သွားလေသည်။

သို့သော် သမီး စိတ်မကောင်းဖြစ်မည်စိုးသဖြင့် ...

"သွေးလေ ချောက်ချားလို့ မက်တာပါ သမီးရယ်၊ ကဲ ... ဘုရားလေး ဘာလေး ရှိခိုးပြီး အိပ်လိုက်၊ ဘာမှ ကြောက် စရာမလိုပါဘူး"

တင်မြနွယ်၏ မိခင်ကြီးသည် တင်မြနွယ်အား ချော့မော့နှစ်သိမ့်ရှာသည်။

တင်မြနွယ်မှာ မိခင်စကား နားထောင်ကာ ဘုရား ထရှိခိုးပြီးလျှင် ပြန်အိပ်သော်လည်း အိပ်၍ကား မရတော့ချေ။

နောက်တစ်နေ့ နံနက်မိုးလင်းချိန်သို့ပင် ရောက်လာ လေပြီ။

တင်မြနွယ် တစ်ယောက်မှာ ညက မြင်မက်သော အိပ်မက်ကြောင့် ထိတ်လန့်တုန်လှုပ်နေရ၏။

"သမီးရယ် ... သမီးကို ကြည့်ရတာ ခုထက်ထိ ကြောက်လန့်နေတုန်းပါလား၊ ဒါတွေကို မေ့ပစ်လိုက်ပါကွယ်"

တင်မြနွယ်၏ မိခင်က တင်မြနွယ်အား ချော့မော့ ပြော်ရှာသည်။

တင်မြနွယ်မှာ မျက်နှာမသာမယာ ဖြစ်နေရာက ...

"ကြောက်လို့ လန့်လို့တော့ မဟုတ်ပါဘူး အမေရယ်၊ ဒါပေမဲ့ အိပ်မက်ထဲက ပြောသွားတဲ့ မိန်းမက သူ့ကိုယ်သူ နန်းဥမ္မာလို့ ပြောသွားတယ် အမေရဲ့၊ ဒီနန်းဥမ္မာဆိုတာ အမေ ကြားဖူးသလား"

တင်မြနွယ်က နန်းဥမ္မာ ဟူသော အမည်ကို သူ့မိခင်အား မေးနေသည်။

မိခင်ဖြစ်သူမှာ ထိုအမည်ကို ကြားသည်နှင့် မျက်နှာပျက်လျက် သမီးအား မရိပ်မိစေလိုဟန်ဖြင့် မျက်နှာကို ချက်ချင်းပင် ပြင်လိုက်လေသည်။

"ကြံကြံဖန်ဖန် သမီးရယ်၊ ဘယ်က နန်းဥမ္မာလဲ၊ အမေဖြင့် တစ်ခါမှ မကြားဖူးပါဘူး သမီးလေး တင်မြနွယ်ရယ်၊ သမီးကလည်း တွေ့ကရာတွေ မေးမနေပါနဲ့ကွယ်"

"တွေ့ကရာ ပေါက်ကရ ပြောတာ မဟုတ်ပါဘူး အမေရဲ့၊ အိပ်မက်ထဲက မိန်းမက ပြောသွားတာပဲလေ".





"အိပ်မက်ဆိုတာ ဒီလိုပဲပေါ့ သမီးရယ်၊ ဒါတွေထည့်မတွေးပါနဲ့၊ ဘုရားတရားကိုသာ အောက်မေ့ပြီး နေ့တိုင်း ရှိခိုးအိပ်၊ ဘာမှ မဖြစ်နိုင်ပါဘူး"

တင်မြနွယ်က သူ့အမေအား မေးမရသဖြင့် ငြိမ်နေလိုက်ရသည်။

သူ့အဖြစ်အပျက်များမှာ လူသိမခံဝံ့သဖြင့် အိပ်မက်အကြောင်း အလုံးအစုံ ပြောလိုက်ပါက မောင်ဝမ်းဖော်နှင့် သူနှင့် ချစ်ကြိုက်နေသည့် ကိစ္စများ ပါနေမည်ဖြစ်၍ မြိုနေလိုက်ရလေသည်။

တင်မြနွယ်၏ မိခင်ကြီး ဒေါ်ငွေညွန့်မှာ သူ့သမီးထံမှ ထွက်ခွာလာပြီး တင်မြနွယ်၏ ဖခင်ဖြစ်သူ ဦးပိန်ထံ သွားရောက်တိုင်ပင်ရလေ၏။

"တော့်သမီး ညက ဘာဖြစ်တယ်ဆိုတာ သိလား"

တင်မြနွယ်၏ ဖခင်ကြီး ဦးပိန်သည် သူ့ဇနီးမေးခွန်းကြောင့် ထိတ်ပျာသွားလေသည်။

"ဟင် ... ဘာတုံး၊ ဘာဖြစ်သလဲ၊ ငါ့သမီး ညက ဘာဖြစ်သလဲ၊ အခု ဘယ်မလဲ"

"အမယ်လေး ... တော်က အခုမှ အထိတ်တလန့် ဖြစ်နေရပြန်ပြီ"

"ဟဲ့ … ပြောစမ်းပါဟဲ့ မြန်မြန်၊ ညက ဖြစ်တာ ငါ့ကို အခုမှ လာပြောရသလားဟင်၊ ဘယ်သူ့နဲ့"

စကားမဆုံးခင် အဘိုးကြီး ဦးပိန်အား အမယ်ကြီး ဒေါ်ငွေညွှန့်က ပါးစပ်ကို လှမ်းပိတ်လိုက်သည်။

တိုးတိုးပြောရန်လည်း လက်ဖြင့် ပြလိုက်သည်။ ဤတွင် ဦးပိန်မှာ မျက်လုံး ကျွတ်ထွက်မတတ် ပြူးကျယ်သွားလေ၏။

"တိုးတိုးမေးပါတော့၊ သမီးလေး တင်မြနွယ် ကြားသွားပါဦးမယ်၊ တော့်သမီးလေး ညက အိပ်ရာထဲမှာ အိပ်မက်တွေ မက်ပြီး လန့်ငိုနေတယ်တော့"

"ဟော … ဘာအိပ်မက်တဲ့၊ ညက ငါ့ကို ဘာဖြစ်လို့ မပြောသလဲ၊ သေစရာရှိရင် အသက်တောင် မီမှာ မဟုတ်ဘူး ကွ"

"တော်ကလဲရှင် ရန်တွေ့မနေပါနဲ့၊ တော် အိပ်ပျက်မှာစိုးလို့ မနိုးဘဲ ထားတာ"

"ကဲ … ရှိစေတော့၊ မင်း ပြောမှာသာ မြန်မြန် ပြောစမ်းပါကွ"

ဒေါ်ငွေညွှန့်သည် ပြောရန် ဟန်ပြင်ပြီးမှ မပြောဝံ့သလိုလို ကြောက်ရွံ့နေသလိုလို အမူအရာဖြစ်နေသဖြင့် …

"ဟေ့ မယ်ငွေညွှန့်၊ ပြောမဲ့စကားကို ခပ်မြန်မြန်ပြောစမ်းပါကွ"





ဟု ယောက်ျားဖြစ်သူ ဦးပိန်က မာန်လိုက်လေသည်။

"တော့် သမီးရဲ့ အိပ်မက်က ကြောက်စရာကြီးတော့၊ နန်းဥမ္မာတဲ့ … နန်းဥမ္မာတဲ့"

"ဘာဖြစ်သလဲဟ၊ သေသေချာချာ ရေရေလည်လည် ပြောစမ်းပါ"

"တိုးတိုးပြောပါတော့၊ အဲဒီ နန်းဥမ္မာက တော့်သမီး တင်မြနွယ်ကို ခေါ်ပြီး ခြောက်လှန့်သတဲ့၊ အဲဒါကိုလန့်ပြီး ငိုနေတာတဲ့"

အဘိုးကြီးဦးပိန်သည် သူ့မိန်းမကြီး ဒေါ်ငွေညွှန့်၏ စကားကို စဉ်းစားနေလေသည်။ ပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါနေလေသည်။

"အဲဒါ တယ်ထူးဆန်းတယ်ကွယ့်၊ နန်းဥမ္မာအကြောင်း မပြောနဲ့၊ နန်းဥမ္မာဆိုတဲ့ အမည်ကိုတောင် ငါတို့သမီး တင်မြနွယ်ဟာ မသိနိုင်ရှာပါဘူး၊ ဧကန္တ နန်းဥမ္မာဟာ အကြောင်းတစ်ခုနဲ့ သမီးလေး တင်မြနွယ်ကို ရန်ရှာနေပြီနဲ့ တူတယ်ကွယ့်"

"ဟုတ်တယ် ဦးပိန်ရဲ့၊ ကျုပ်လည်း ဒီအတိုင်းပဲ ထင်တယ်၊ သမီးလေး တင်မြနွယ်က နန်းဥမ္မာဆိုတာ ဘယ်သူလဲ၊ ဘာလဲနဲ့ ကျုပ်ကိုတောင် မေးနေတယ်၊ ကျုပ်က

သူ့ကိုတောင် မပြောဘူး၊ အဲဒါ အခု တော်နဲ့ လာပြီး တိုင်ပင်ရတာပဲ"

"ခက်တယ် မယ်ငွေညွှန့်ရယ်၊ နန်းဥမ္မာဆိုတာ တော်ရဲ့ တန်ရုံဟာမျိုး မဟုတ်ဘူး၊ တစ်ချိန်က ဟိုးလေး တကြော်ကြော် ဖြစ်ခဲ့ပြီး ထက်ထက်မြက်မြက် ရှိခဲ့တဲ့ မိန်းမတစ်ယောက်လို့ ကြားခဲ့ဖူးတယ်"

"ဒီလိုဆိုရင်လည်း ကျွန်းပိုင်အရှင်ကြီးကို တောင်းပန်ရင် မကောင်းဘူးလားတော်"

ဦးပိန်မှာ ခေါင်းကိုသာ တွင်တွင်ကြီး ခါယမ်းနေပေသည်။

"မဖြစ်ဘူး မယ်ငွေညွှန့်၊ အရှင်ကြီး တောင်းပန်လို့ အရှင်ကြီးနဲ့ ဆိုင်တာ မဟုတ်ဘူး"

"တော်က မဆိုင်ဘူး မပြောနဲ့၊ အရှင်ကြီးကို တင်မြှောက်ပ,သရင် အရှင်ကြီးက စောင်မစောင့်ရှောက်မှာပါတော်"

"မယ်ငွေညွှန့်ရယ်၊ မင်းမသိပါဘူးကွယ်၊ တို့ဟာ အရှင်ကြီးကိုလည်း တင်မြှောက်ပ,သလေ့မရှိဘူးကွယ်၊ ခုခါမှ အရေးကြုံမှ တင်မြှောက်ပ,သမယ်ဆိုရင် တို့အပေါ် ပိုပြီး စိတ်ဆိုးနေဦးမယ် သိလား"

"ဒါဖြင့် ဘယ်လို လုပ်ကြမတုံး ကိုပိန်ရယ်၊ နန်းဥမ္မာက ဘာကြောင့်များ သမီးလေး တင်မြနွယ်ကို လာပြီး ခြောက်





လှန့်ပြရတာလဲ မသိပါဘူး၊ ကျုပ်တို့ သမီးလေးဟာလည်း နန်းဥမ္မာနဲ့ သက်ဆိုင်တဲ့နေရာဒေသကိုလည်း တစ်ခါမှ သွားတာ မဟုတ်ဘဲနဲ့တော်"

"အေး ... အဲဒါ ငါလည်း စဉ်းစားလို့ မရအောင် ဖြစ်နေတယ် မယ်ငွေညွှန့်ရဲ့၊ ဒီတော့ ဘာအနှောင့်အယှက်လဲဆိုတာသိရင် သေသေချာချာ လုပ်ရကိုင်ရ လွယ်တာပေါ့ကွယ်၊ မိန်းကလေး မိန်းမရွယ်ဖြစ်တော့ သူတို့ ဘာတွေများ အမှားလုပ်ထားမှန်း မသိဘူး၊ ဒီတော့ ခင်စုရီကို ခေါ်ပြီး အကျိုးအကြောင်း မေးခိုင်းရင် နေရာကျလိမ့်ထင်တယ်"

"ဟုတ်တယ် ... ကျုပ် မေးနေတာထက် ဒီကောင်မလေး ခင်စုရီကို မေးခိုင်းရင် ပိုသိမယ်၊ သူတို့ချင်းက သွားဖော်လာဖက်တွေ ဖြစ်နေတယ် မဟုတ်လား"

"အင်း ... ဒီကိစ္စ အေးအေးဆေးဆေး နေလို့တော့ မဖြစ်ဘူး မငွေညွှန့်ရေ၊ ငါ ရွာဦးကျောင်းက ဆရာတော်ဘုရားထံ သွားပြီး လျှောက်ထားကြည့်ပါဦးမယ်ဟာ"

တင်မြနွယ်၏ ဖခင် ဦးပိန်သည် စိတ်လက်မသာမယာဖြင့် ဤသို့ ပြောဆိုခါ ရွာဦးဘုန်းတော်ကြီးကျောင်းဘက်သို့ ထွက်ခွာသွားလေတော့၏။

မောင်ဝမ်းဇော်မှာလည်း နန်းဥမ္မာ၏ အိပ်မက်ကြောင့် စိတ်မချမ်းမသာ ဖြစ်နေရလေသည်။

"လူကလေး ဘာတွေ ဒါလောက်တောင် တွေးပြီး စိတ်မကောင်းဖြစ်နေတာတုံးကွယ်"

ဖခင်ကြီး ဦးတင်အုန်းက သားဖြစ်သူအား ကရုဏာနှင့် မေးလိုက်၏။

မောင်ဝမ်းဇော်မှာ မိမိ၏ အဖြစ်အပျက်များကို ဖခင်ကြီးအား ဖွင့်ပြောရန် ဆုံးဖြတ်လိုက်လေသည်။

"အိပ်မက်ထဲက အကြောင်းပေါ့ အဘရယ်"

ဖခင်ကြီး ဦးတင်အုန်းမှာ သားငယ်ဖြစ်သူ၏ မျက်နှာကို ကြည့်လျက် သက်ပြင်းကြီးချလိုက်လေပြီ။

"အိပ်မက်ထဲက ကျွန်တော် မကြာခဏ တွေ့ရတဲ့ မိန်းမပျိုက ကျွန်တော့်ကို အကြီးအကျယ် အနှောင့်အယှက် ပေးနေပြီ





အဖေရယ်၊ ကျွန်တော်ဟာ ဘဝဟောင်းက သူ့ချစ်သူကိုသိခ်ပါဆိုပြီး ကျွန်တော့်ကို သူနဲ့ အတူနေဖို့ချည်း လာလာပြောနေတယ်၊ ဒါတွင် မကသေးဘူး အဖေရဲ့၊ ဟိုရွာအရှေ့ပိုင်းက ဘကြီးဦးပိန်သမီး တင်မြနွယ်နဲ့ ကျွန်တော်နဲ့ တစ်ဦးကိုတစ်ဦး မေတ္တာရှိနေကြတာကို အဲဒီ အိပ်မက်ထဲက မိန်းမပျိုက သိသွားပြီး ကျွန်တော်တို့ ချစ်ခြင်းကို လိုက်ခွဲမယ် ပြောနေတော့တာပါပဲ အဖေရယ်"

ဤသို့ပင် မောင်ဝမ်းဇော်က သူနှင့် တင်မြနွယ်တို့ မေတ္တာရှိနေကြောင်းကို ဖခင်ကြီးအား ဖွင့်ပြောလိုက်လေတော့သည်။

"အေး ... လူကလေးတို့ လူငယ်ဘာဝ ကလေးချင်း မေတ္တာမျှကြတာကို အဘအနေနဲ့တော့ မကန့်ကွက် မတားဆီးပါဘူးကွယ်၊ ဒါပေမဲ့ ငါ့သားကို လိုက်နှောင့်ယှက်နေတဲ့ အိပ်မက်ထဲက မိန်းမပျိုအတွက်ကတော့ စိတ်မအေးစရာ ဖြစ်နေတယ်"

"ဟုတ်တယ် အဖေရဲ့၊ ဒီမိန်းမပျိုက သူ့ကိုယ်သူ ဘဝဟောင်းကအမည် နန်းဥမ္မာဆိုပြီး ပြောနေသေးတယ်၊ အခု ကျွန်တော်နဲ့ ချစ်နေတဲ့ တင်မြနွယ်လေးနဲ့ ကျွန်တော့်ကိုလည်း မကွဲကွဲအောင် ခွဲလိမ့်မယ် အဖေရဲ့၊ ဒီတော့

ကျွန်တော်နဲ့ ဘကြီးဦးပိန် သမီး တင်မြနွယ်တို့ကို မြန်မြန်နေရာကျအောင် လူကြီးချင်း နားဖောက်ပေးပါတော့ဗျာ"

မောင်ဝမ်းဇော်က ရှေ့ရေးကို တွေး၍ ပူပန်ကာ ချစ်ရသူ တင်မြနွယ်ကို တောင်းပေးရန် ဖခင်ကြီးအား ပူဆာတော့သည်။

"အေး ... ငါ့သား ပြောတာကို အဖေတို့ လူကြီးဝတ္တရားအတိုင်း တောင်းရမ်းပေးဖို့ကတော့ ဝန်မလေးပါဘူး၊ ဒါပေမဲ့ ကလေးမလေးကကော ငါ့သားကို မေတ္တာရှိနေတာ အမှန်ပဲလားကွယ်"

ဖခင်ဖြစ်သူ ဦးတင်အုန်းက မဝံ့မရဲနှင့် ပြန်မေးနေသည်။ မေးမည်ဆိုလည်း မေးထိုက်ပါသည်။ တင်မြနွယ်ဆိုသည်က ဤရွာမှာ အချောအလှစာရင်းတွင် ထိပ်ကပြေးနေခြင်းကိုလည်း လူကြီးများပေမဲ့ သဘောပေါက်နေကြလေသည်။

"သူနဲ့ ကျွန်တော်ဟာ တစ်ဖက်သတ်ချစ်တာတို့၊ အုံပုံးချစ်နေကြတာ မဟုတ်ပါဘူး၊ အပြန်အလှန် မေတ္တာမျှပြီးနေကြပါပြီ အဖေရယ်"

"အေး ... အေး ... ဒီလိုဆို ငါ့သားကိစ္စ ဘာမှ မပူနဲ့၊ အိပ်မက်ထဲက အကြောင်းတွေကိုလည်း တွေးပြီး စိတ်မချမ်းမသာ ဖြစ်မနေနဲ့ကွယ့်၊ ငါ့သားလေးအတွက် မဖြစ်





ဖြစ်အောင် မိဘတို့ ဝတ္တရားနဲ့အညီ အဖေ ကြိုးဆောင်ပါတော့မယ်ကွယ်"

ထိုကဲ့သို့ ဖခင်ကြီး ဦးတင်အုန်းက ပြောလိုက်သောအခါ မောင်ဝမ်းဇော်တစ်ယောက်မှာ အကြီးအကျယ် ဝမ်းသာသွားလေသည်။

တင်မြနွယ်၏ ဖခင် ဦးပိန်တစ်ယောက်မှာလည်း သမီးလေးဖြစ်သူအတွက် ရတက်မအေးနိုင်ဘဲ ရှိလေရာ ဆင်ငယ် ပြေးကုန်းရွာရှိ ဆရာတော် ဦးစရိယ သီတင်းသုံးနေရာ ရွာဦး ကျောင်းဆီသို့ လျှောက်ထားရန် ရောက်ခဲ့လေသည်။

ကျောင်းသို့ ရောက်လျှင် ဆရာတော် ဦးစရိယနှင့် အဆင့်သင့်ပင် တွေ့ရသဖြင့် သမီးလေးဖြစ်သူ တင်မြနွယ် တစ် ယောက် မနေ့ညက အိပ်မက် မက်ခဲ့ပုံအကြောင်းများကို စုံလင် စွာပင် လျှောက်ထားလိုက်လေသည်။

"အိပ်မက်ဆိုတာကလည်း အတွေးရခက်တယ် ဒကာကြီး ရဲ့၊ အိပ်ပျော်နေသူတစ်ယောက်မှာ သိမှု (Consciousness) ဆိုတာ လုံး၀ (ဒါမှမဟုတ်) တစ်စိတ်တစ်ဒေသ ကင်းမဲ့သွားတာမျိုး မဟုတ်လား၊ ဒီတော့ လူတိုင်းဟာ အိပ်မက် ဘာကြောင့် မက်ရသလဲဆိုတာ စုံစမ်းကြည့်ဖူး





ကြတယ်ဆိုတာ သိပ်ရှားပါတယ်၊ တချို့ကလည်း အခုလိုပဲ လွယ်လွယ်ကူကူနဲ့ နတ်ဒေ၀ါတွေက အိပ်မက်ပေးလို့ မက်တယ်လို့ ယူဆကြတယ်၊ ဒါကတော့ ၀ိဇ္ဇာပိုင်းဆိုင်ရာ စိတ်၀င်စားတဲ့ သူတွေပေါ့၊ တချို့သိပ္ပံသမားဆန်ဆန် လူတွေကတော့ အိပ်မက် မက်တယ်ဆိုတာ အစာမကြေ အစားအစာ စားခဲ့မိတာကြောင့် ညအိပ်ပျော်နေစဉ်မှာ မက်တယ်လို့ ယူဆကြပြန်တယ် ဒကာကြီးရဲ့"

"တင်ပါ့ ဘုရား၊ တပည့်တော်အဖို့တော့ ကိုယ် မက်တာ မဟုတ်ပေမဲ့ သားသမီးတစ်ယောက် ကြောက်လန့်အော်တယ် ဆိုတာမျိုးကြောင့် အခုလို အကြံဉာဏ် ဗဟုသုတကို သိချင်လို့ပါပဲ ဘုရား"

"ကောင်းပြီ ဒကာကြီး၊ ကျုပ်တို့ ဘုန်းကြီးတွေဆိုတာ ဒီဘက်ခေတ်မှာ သံဃာ့တက္ကသိုလ်တွေမှာ တက်ရောက်ပြီး ပါဠိစာတင်မကဘူး အင်္ဂလိပ်စာ အင်္ဂလိပ်စကားကိုတောင် သင်ယူနေကြရပြီဆိုတော့ ခေတ်မီကုန်ပြီပေါ့ဗျာ၊ ကဲ ... ဒီတော့ ဘုန်းကြီး ရန်ကုန်ကြွသွားတုန်းက ဇီ၀ိတဒါန သံဃာ့ဆေးရုံက မေ့ဆေးဆရာ၀န်ကြီးတစ်ယောက် အိပ်မက်နဲ့ ပတ်သက်တဲ့အကြောင်း ပြောပြခဲ့ဘူးတာလေးကို သတိရလိုက်မိသေးတယ် ဒကာကြီး ဦးပိန်ရာ"

ထိုအခါ ဦးပိန်တစ်ယောက်မှာလည်း သိလိုဇောနှင့် ပျာပျာသလဲ လျှောက်တင်လိုက်ရလေတော့သည်။

ထို့ကြောင့် ဆရာတော်ဦးစရိယကလည်း အောက်ပါ အတိုင်းပင် ဒကာကြီးဦးပိန်ကို ပြောပြလိုက်လေတော့၏။

"မေ့ဆေးဆရာဝန်ကြီးက မောင်မောင်ဆိုတဲ့ လူငယ်လေး တစ်ယောက်ကို မေ့ဆေးထိုးပေးပြီး အိပ်ပျော်သွားချိန်မှာ ဒီသူငယ် မောင်မောင်ဟာ သူ့ချစ်သူ မမအကြောင်းကို တတွတ်တွတ်နဲ့ ပြောနေတော့သတဲ့ဗျ၊ နိုးနေစဉ်တုန်းက တော့ မောင်မောင်ဟာ ဣန္ဒြေသိက္ခာတွေ စောင့်စည်းထား ပြီး သူ့ချစ်သူအကြောင်း မပြောခဲ့ဘူး၊ မေ့ပြီး အိပ်ပျော် သွားမှ ပြောတာဆိုတော့ မေ့ဆေးကြောင့် ပြောတယ်ဆိုတာ မထင်ရှားဘူးလားဗျာ"

"တင်ပါ ထင်ရှားနေပါတယ် ဘုရား"

"ဒါပေမဲ့ တစ်ခု စဉ်းစားရမှာက မေ့ဆေးထက် အခုလို အိပ်ပျော်မသွားမီမှာ သူ့ချစ်သူအကြောင်းကို စဉ်းစားစိတ် ကူးနေတာကြောင့်လည်း ဖြစ်ပါတယ်၊ လူတိုင်းဟာ နိုးနေ ချိန်မှာ ကိုယ့်စိတ်ကို ထိန်းထားမှာ ဖြစ်သော်လည်း အိပ် ပျော်နေစဉ်မှာတော့ ထိန်းမထားတော့ဘူး၊ စိတ်ကို အံမြှောင် အဖွဲ့တွေထဲက လွှတ်ပေးလိုက်တာကြောင့် မိမိဘာဝ ဖြစ်စဉ် အတွေ့အကြုံ အဖြစ်အပျက်များနဲ့ ဆက်စပ်နေတတ်ပါ





သတဲ့၊ ဒါကြောင့် ဒကာကြီးရေ တောရွာတွေမှာ ရုပ်ရည်လေး သန့်သန့်ပြန့်ပြန့် တွေ့ရတယ်ဆိုရင်ပဲ ဥစ္စာစောင့်သိုက်က လာတယ်လို့ ပြောကြဆိုကြတာတွေ ကြားဖူးကြတယ် မဟုတ်လားဗျာ"

"တင်ပါ့ဘုရား"

"ခေတ်တွေ၊ စနစ်တွေ ပြောင်းကုန်ပြီဗျ၊ ရှေးအယူအဆ ဟောင်း တွေကို လက်ခံမယုံကြည်ချင်ပါနဲ့တော့ ဒကာကြီး တို့ရာ၊ ဒီနန်းဥမ္မာဆိုတဲ့ ဓာတ်မင်းသမီးတစ်ယောက်ဟာ လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော်လောက်တုန်းက ဘုန်းကြီးပျံပွဲ မှာ ပွဲကရင်း သွေးတိုးရောဂါကြောင့် ဦးနှောက်ကြောပြတ် ပြီး ရုတ်တရက် သေဆုံးသွားခဲ့ရတယ်ဆိုတာကတော့ တကယ့်အမှန်အကန် ဖြစ်ရပ်တွေရှယ်ပါ၊ ဒါပေမဲ့ ဒီဓာတ် မင်းသမီး နန်းဥမ္မာ မင်းသမီးလေး သေဆုံးရတာကိုပဲ စမုံမြစ်ရိုးကျွန်းက သိုက်နန်းရှင်ကပဲ လာခေါ်သလိုလို ကောလာဟလတွေ လွှင့်ထုတ်ခဲ့ကြတာ၊ ခုခေတ် လူတွေက ဒီနေ့ထိ ယုံကြည်နေကြတုန်းကိုးဗျ"

ကျောင်းထိုင်ဆရာတော် ဦးစရိယမှ မောသွားဟန် ဖြင့် ကွမ်းအစ်ဘူးထဲမှ ကွမ်း၊ ထုံး၊ ကွမ်းသီးတို့ဖြင့် ကွမ်းယာနေလေ သည်။

ထို့နောက် ...

"ကဲ ... ဒကာကြီး ဦးပိန်၊ အိပ်မက်ထဲမှာ နန်းဥမ္မာဆိုတဲ့ အမည်နဲ့ ဒကာကြီး သမီးကို အိပ်မက်ပေးတယ်ဆိုတော့ တကယ့် ဥစ္စာစောင့်မ နန်းဥမ္မာကပဲ လူယောင်ဖန်ဆင်းပြီး အိပ်မက်လာပေးသယောင်ယောင် ထင်မနေဘူးလားဗျာ"

"မှန်ပါတယ် ဘုရား၊ တပည့်တော်လည်း ဒီအချက်ကိုပဲ စဉ်းစားမိပါတယ် ဘုရား"

"ကဲ ... ဒီလိုဆို ဒကာကြီး ဦးပိန်ကပဲ နန်းဥမ္မာနဲ့ ပတ်သက်တဲ့အကြောင်း သူ ပြော ငါပြောနဲ့ ကြားဖူးနားဝ ရှိထားတာလေးတွေ ပြောပြစမ်းပါဦး၊ ယုတ္တိတန်တာ မတန်တာတွေ ဘေးဖယ်ထားလိုက်ပေါ့ဗျာ"

ရွာဦးကျောင်းဆရာတော် ဦးစရိယက ဒကာကြီး ဦးပိန်အား မေးလိုက်သည်။

ဤတွင် ဦးပိန်က မိမိ ကြားဖူးသော နန်းဥမ္မာ၏ အကြောင်းကို ပြောပြလေသည်။

"နန်းဥမ္မာ ဆိုတာကို ဟိုး လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က ဒီရွာဘုန်းကြီးပျံပွဲကို (ယောဉ်ကြူး) လာကတဲ့ မန္တလေးက ဇာတ်မင်းသမီးလေး နန်းဥမ္မာကို လိပ်ပြာနုတ်ယူသွားတဲ့ အမည်တူ ဥစ္စာစောင့်မ နန်းဥမ္မာ ဆိုတာပါပဲ။ အဲဒီ နန်းဥမ္မာ ဥစ္စာစောင့်မဟာ စမုံမြစ်ရိုး





ကျွန်းတစ်ဖက်ကမ်းမှာရှိတဲ့ မျောက်တစ်ရာ ဘုရားသိုက်မှာ ဥစ္စာစောင့်ရသတဲ့ ဘုရား၊ နန်းဥမ္မာဟာ ဥစ္စာစောင့်ဆိုပေမဲ့လို့ သူက တခြားဥစ္စာစောင့်တွေထက် ပိုပြီး ထက်မြက်တယ်၊ သူ့ကို အရှင်ကြီးတွေက အမြဲ ကူညီတယ်လို့ ပြောသံကြားဖူးတယ် ဘုရား၊ တစ်ခါတုန်းက စမုံမြစ်ရိုးကျွန်းပေါ်ကို တောတက်သွားတဲ့ လူတွေ၊ ထင်းခုတ်သွားတဲ့လူတွေဟာ တောတွင်းတစ်နေရာဆီက ဘုရားဆည်းလည်းသံနဲ့ ကြေးစည်သံတွေ ကြားကြရသတဲ့၊ တချို့များ မိန်းမလှလှလေးတွေနဲ့ သိုက်စောင့်တွေတောင် မြင်တွေ့ကြရသတဲ့"

ဒကာကြီး ဦးပိန်က အားရပါးရနှင့် သူ ကြားဖူးနားဝ ရှိခဲ့သော လွန်ခဲ့သည့် အနှစ် ၂၀ ကျော်လောက်က နန်းဥမ္မာ မင်းသမီးနှင့် မျောက်တစ်ရာစောင့်ကြပ်ခဲ့နေသော ဘုရားသိုက်အကြောင်းကို ကျောင်းထိုင်ဘုန်းကြီးအား ပြောပြနေခြင်းပင်ဖြစ်သည်။

"ကဲ ... ဒီလိုဆိုရင် ဒကာကြီး ဦးပိန်ကို ဘုန်းကြီး မေးကြည့်ပါဦးမယ်"

"မေးပါ ဘုရား"

"အဲဒီ စမုံမြစ်ရိုးကျွန်းပေါ်က မျောက်တစ်ရာဘုရားသိုက်ကို ဒကာကြီး ရောက်ဖူးသလား၊ နန်းဥမ္မာဆိုတဲ့ ဥစ္စာစောင့်မကိုကော မြင်တွေ့ဖူးသလားဟင်"

"အလိုလေးလေး ရောက်ဖူးရုံနေနေသာသာ အဲဒီဘက်ကို အပေါ့အပါးတောင် မစွန့်ဝံ့ပါဘူး ဘုရား၊ ဒီတော့ နန်းဥမ္မာဥစ္စာစောင့်မကိုလည်း တပည့်တော် တစ်ခါမှ မကြုံတွေ့ခဲ့ရဖူးပါဘူး ဘုရား"

"ဒီလို မိမိ ကိုယ်တိုင် မတွေ့မကြုံတာမျိုးကို ယုံမနေပါနဲ့ ဒကာကြီးတို့ရယ်၊ ဂေါတမဘုရားရှင် လက်ထက်တုန်းက ကာလာပုဏ္ဏားရွာမှာ ကျမ်းဂန်ထဲပါတယ်ဆိုပြီးတော့လည်း မယုံနဲ့၊ သူပြော ငါပြောနဲ့လည်း မယုံနဲ့၊ ဆရာသမားက ပြောတယ်ဆိုလည်း မယုံနဲ့၊ ငါ ဘုရား ဟောခဲ့တယ်ဆိုရင် လည်း မယုံနဲ့၊ မိမိ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချင့်ချိန်ချိန် စဉ်းစားပြီးမှ ယုံလို့ပြောခဲ့ဖူးတယ် ဒကာကြီးရေ"

"တင်ပါ့ ဘုရား၊ ဒါပေမဲ့ ဒီရွာမှာက တပည့်တော်တို့ မိသားစုမှာတင် အခုလို ဖြစ်ပေါ်ခံစားနေရတာ မဟုတ်ပါဘူး၊ ရွာလယ်ပိုင်းက ဦးတင်အုန်းရဲ့သား မောင်ဝမ်းဖော်ကိုလည်း နန်းဥမ္မာ နာမည်ကို ပြောဆိုသုံးစွဲပြီး အိပ်မက်ပေးတယ်လို့ ပြောတယ် ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ရွာထဲက လူတွေကတော့ ဒီမောင်ဝမ်းဖော်ဟာလည်း ဥစ္စာစောင့်အဆက်အနွယ်လို့ ပြောသံတွေ ကြားပါတယ်"





"အဲဒါကြောင့် တပည့်တော်မှာတော့ ကိုယ့်သမီးလေးအတွက် စိုးရိမ်နေရတာပါဘုရား၊ တော်တော်ကြာ သူတို့က လိပ်ပြာ နှုတ်မှာတို့၊ သိုက်ကို ပြန်ခေါ်မှာတို့ ဆိုတာတွေ ဖြစ်ရင် တပည့်တော်တော့ မတွေးဝံ့တော့ပါဘူး ဘုရား"

"ကဲ ... ဒီလောက်တောင် ခင်ဗျားတို့က ဥစ္စာစောင့်တွေ၊ အစွဲတွေတို့ နန်းဥမ္မာတို့ဆိုတာတွေကို အရိုးစွဲအောင် ယုံနေပြီဆိုရင်တော့ ဘုန်းကြီးအနေနဲ့ အကြံပေးရရင် အထက်ဂိုဏ်းဆရာသမားကောင်း အစစ်အမှန်ကို ရှာဖွေပြီး စောစောစီးစီးကုသရင် တောင်းလိမ့်မယ်ဗျာ"

"မှန်ပါဘုရား၊ ဒါကို တပည့်တော် စဉ်းစားမိပါတယ်၊ ဆရာသမားဆိုရင်လည်း သီလသမာဓိ ပြည့်ဝပြီး အာဏာ စက်ပြင်းပြင်းနဲ့ တကယ်နိုင်နင်းတဲ့ ဆရာကြီးမှသာ ဖြစ်မယ် ဘုရား"

ထို့ကြောင့် ရွာဦးကျောင်းဆရာတော် ဦးစရိယမှာ အချိန်အနည်းငယ်ကြာအောင် စဉ်းစားနေပေသည်။

"အင်း ... ဆရာကောင်းဆိုတာက ခဲယဉ်းသားပဲ ဒကာကြီး၊ ဆရာတု ဆရာယောင်တွေ ပေါတဲ့ခေတ်မှာ တကယ်တော်တဲ့ ဆရာတွေ ရှားတယ်၊ ဒါပေမဲ့ အားမငယ်ပါနဲ့၊ ဘုန်းကြီးနဲ့ သိကျွမ်းတဲ့ ဆရာကြီးတစ်ဦးတော့ ရှိတယ်၊ ဒါပေမဲ့

သူနေတာက လူသူနဲ့ဝေးတဲ့ တောတောင်တွေထဲမှာ အမိဋ္ဌာန်ဝင်နေတယ်”

“ဘယ်မှာနေတယ်ဆိုတာသာ မိန့်ကြားပါဘုရား၊ တပည့်တော်တို့ ရအောင်ရှာပင့်ပါ့မယ်”

ကျောင်းထိုင်ဘုန်းကြီးသည် သားသမီးအတွက် သောကမီးတောက်လောင်နေရှာသော ဦးပိန်အား ကိုယ်ချင်းစာနာစိတ်နှင့် ကြည့်ရှုနေလေသည်။

“ဒါလောက်လည်း ပူပန်မနေပါနဲ့ဦး ဒကာကြီးရယ်၊ ဒကာကြီးသမီးမှာ အိပ်မက်ထဲမြင်မက်ရုံလေး ရှိသေးတာပါ၊ အတန်ကြာရင် မေ့မေ့ပျောက်ပျောက်နဲ့ ပြီးသွားမှာပါပဲ၊ အခုလို အိပ်မက်မြင်မက်ရုံကလေးနဲ့ ဆရာတွေ ပင့်ပြီး နှိမ်နင်းမယ်ဆိုရင် ဒကာကြီးအလွန် ဖြစ်နေဦးမယ်၊ သတိလည်းထားပါဦး”

“တပည့်တော်ကတော့ ပူပန်စိုးရိမ်လွန်းလို့ပါ ဘုရား၊ ပြီးတော့လည်း နန်းဥမ္မာဆိုတဲ့ ရက္ခစိုးမဟာ သူ သဘောမကျတဲ့သူမှန်ရင် မညှာမတာ လုပ်တတ်တယ်ဘုရား၊ တပည့်တော် ငယ်ငယ်တုန်းက တစ်ခါကြားဖူးတယ်၊ တောကို သစ်ခုတ်သွားတဲ့ လူနှစ်ယောက်ဟာ မျောက်တစ်ရာစောင့်ရတဲ့ ဘုရားနား အသွားမှာ အပေါ့အပါး သွားမိလို့





‘အိမ်အရောက်မှာ သေစေရမယ်’လို့ ကြိမ်းဝါးလိုက်တယ်ဘုရား၊ အဲဒီ လူနှစ်ယောက်ဟာ ရွာလည်းရောက်ရော ကယောင်ကတမ်းတွေ ပြောဆိုပြီး ရူးသေကြတယ် ဘုရား၊ အဲဒီက စပြီး မျောက်တစ်ရာစောင့်ဘုရားနဲ့ ရက္ခစိုးမနန်းဥမ္မာ ဆိုရင် ကြောက်ရွံ့နေကြတယ်၊ စမုံမြစ်ရိုးကျွန်းပေါ်ကို တော်တော်တန်တန်လူ သွားဝံ့ခဲ့တာ မဟုတ်ဘူးဘုရား”

“အင်း … ဒီတုန်းက ဘုန်းကြီးလည်း ဒီသတင်းကို သန့်သန့်ကြားလိုက်ပါရဲ့၊ အဲဒီ အချိန်ကာလက နွေရာသီကြီးဆိုတော့ တစ်နေကုန် ထင်းခုတ်နေရလို့ ချွေးတွေစိုစိုရွှဲနေ မယ်၊ အဲဒီ ချွေးသံတွေနဲ့ ပူပြင်းလှတဲ့ နေအရှိန်တွေကြားထဲ စမုံမြစ်ကို ဖြတ်ကူးလာကြတယ်ဆိုတော့ အပူရှပ်သွားတာမျိုးလည်း ဖြစ်နိုင်တာပဲ ဒကာကြီး၊ ဥပမာနေ့လယ်ခင်း နေပူထဲက ပြန်အလာ ခြေထောက်ရေတန်းဆေးလို့ မူးတယ်မူးတယ်ဆိုပြီး သေသွားတဲ့လူက တကယ့်သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်ကြီးနော်၊ အပူရှပ်တာတို့ လေဖြတ်တာမျိုးဆိုတာတွေက သန်သန်မာမာလူကောင်း တွေကနေ သေသွားကြတာကိုပဲ ပြုစားတာလို့ ထင်ရာမြင်ရာ စွတ်ပြောကြတယ် မဟုတ်လား”

"တစ်ဖက်က ပြန်တွေးကြည့်မယ်ဆိုရင်လည်း မှန်ပါတယ် ဘုရား၊ အစ္စ တပည့်တော် သမီးလေး တင်မြနွယ်မှာလည်း ဒီလို အိပ်မက်လောက်နဲ့ ပြီးသွားရင် တော်ပါသေးရဲ့ ဘုရား၊ တော်နေကြ ဒီထက် ပိုဆိုးလာမှာ စိုးရိမ်လို့ပါ ဘုရား"

"ကောင်းပြီ ဒကာကြီး၊ ခုနေ တစ်ခါနှစ်ခါလောက်တော့ အခြေအနေ စောင့်ကြည့်နေစေချင်ပါတယ်၊ ဒီထက်ဆိုး လာမယ် အနှောင့်အယှက် ပေးလာမယ်ဆိုရင် ဘုန်းကြီး လည်း မခံဘူး၊ အထက်ဂိုဏ်းဆရာကြီး မြစကြာကို တွေ့ အောင်ရှာဖွေပြီး အကျိုးအကြောင်း ပြောပြနှိမ်နင်းခိုင်းပါ့ မယ် ဒကာကြီး"

ဤသို့ဖြင့် ဆင်ငယ်ပြေးကုန်းရွာမှ ကွမ်းတောင်ကိုင် အချောအလှမလေး တင်မြနွယ်၏ ဖခင်ကြီးဖြစ်သူ ဦးပိန်မှာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ဦးစရိယထံမှ ပြန်လာခဲ့လေသတည်း။





ရွာအလယ်ပိုင်းရှိ မောင်ဝမ်းဖော်၏ ဖခင်ကြီး ဦးတင်အုန်းမှာလည်း သားအတွက် ရတက်မအေးအောင်ပင် ဖြစ်နေပေသည်။

သို့အတွက် သူ့သားပူဆာသည့်အတိုင်းပင် ရွာအရှေ့ ပိုင်းရှိ ဦးပိန်၏သမီး တင်မြနွယ်နှင့် သူ့သားဖြစ်သူ မောင်ဝမ်းဖော် အား ပေးစားဖို့ လူကြီးချင်း စကားပြောဆိုရန် ထွက်လာခဲ့လေ၏။

အဆင့်သင့်ပင် အိမ်ဦးခန်းရှေ့ရှိ အိမ်ကပြင်တွင် ဦးတင်အုန်းနှင့် ဦးပိန်တို့နှစ်ဦး တွေ့ဆုံခဲ့ကြလေပြီ။

သူတို့မှာ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်းကြီးဖော် ဖြစ်ကြသဖြင့် သားရေး သမီးရေးတွင်လည်း ပြောရဲဆိုရဲ ရှိကြသည်။

သို့ရာတွင် ဦးတင်အုန်းသည် မိမိသားနှင့် ဦးပိန်၏ သမီး တင်မြနွယ်တို့အား ပေးစားရန် စကားကို မပြောသေးဘဲ အခြားစကားများကိုသာ ပြောဆိုနေကြသေး၏။

"ဦးပိန် ရောက်လာတာ အဆင်သင့်လိုက်တာဗျာ၊ ကျုပ်လည်း ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲ"

ဦးပိန်က ဦးတင်အုန်းအား ရင်းနှီးစွာပင် စကားပြောလိုက်လေ၏။

"ဘယ်လို ကိစ္စအတွက် ကျုပ်နဲ့ တွေ့ချင်တာလဲ ဦးပိန်ရဲ့"

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ကျုပ် သမီးကလေး တင်မြနွယ် ကိစ္စပါပဲ"

တင်မြနွယ်ကိစ္စဟု ပြောလိုက်သောအခါ ဦးတင်အုန်းမှာ အံ့အားသင့်သွားလေသည်။

"အင်း ... ဆိုစမ်းပါဦးဗျာ"

"ကျုပ်တော့ အတော်ပဲ စိတ်ဆင်းရဲနေပြီဗျာ၊ ပြီးတော့လည်း စိုးရိမ်စရာ ဖြစ်နေတယ်၊ ကျုပ်က ကျုပ်သမီးအကြောင်း မပြောခင် ခင်ဗျားသားအကြောင်း အရင်မေးချင်တယ်ဗျာ ဦးတင်အုန်း"

"ဪ ... ကျုပ်သားအကြောင်း သိချင်လို့လား၊ မေးပါဗျာ ... မေးပါ"

"ခင်ဗျားသား မောင်ဝမ်းဖော်မှာ ရက္ခစိုးမအစွဲရှိတယ် မဟုတ်လား"





ထိုကဲ့သို့ ဦးပိန်က ပြောလိုက်သောအခါ ဦးတင်အုန်းမှာ မျက်နှာပျက်သွားလေသည်။ ၎င်းနောက် မျက်နှာကို ပြင်ထားလိုက်ပြီး ...

"ရက္ခစိုးစောင့် အစွဲရယ်လို့တော့ မဟုတ်ပါဘူး ဦးပိန်ရယ်၊ ဒါပေမဲ့ အိပ်မက်ထဲမှာ နန်းဥမ္မာဆိုတဲ့ မိန်းမတစ်ယောက်က မကြာခဏ အိပ်မက်လာလာပေးနေသတဲ့ဗျာ"

"အင်း ... အဲဒါပဲ ဦးတင်အုန်း၊ ခင်ဗျားသား မောင်ဝမ်းဖော် ဖြစ်သလိုပဲ ကျုပ်သမီးလေး တင်မြနွယ်ကို မိန်းမပျိုတစ်ယောက်က ညတွေမှာ လာပြီး အိပ်မက်ပေးတယ်၊ ပြီးတော့လည်း ခြောက်လှန့်ထားသေးတယ်ဗျ"

"ဟင်"

ဦးတင်အုန်းမှာ အံ့အားသင့်သွားလေတော့သည်။

"ဟုတ်တယ် ဦးတင်အုန်း၊ မနေ့ကပဲ ဒီအကြောင်းတွေကို ရွာဦးကျောင်းဆရာတော်ဘုရားနဲ့ သွားရောက်တိုင်ပင်ခဲ့ရသေးတယ်ဗျာ"

"အင်း ... ကျုပ်သား မောင်ဝမ်းဖော်ကိုလည်း တစ်နေ့ညက လာရောက် နှောင့်ယှက်တယ်တဲ့ဗျ၊ ညကြီး အချိန်မတော်မှာ အိပ်မက် မက်ပြီး လန့်အော်လို့ ကျုပ်တို့လည်း မအိပ်ရဘဲ လန့်နိုးကုန်ကြတယ်"

"ဟော"

ဦးပိန်မှာလည်း အံ့အားသင့်သွားပြန်လေသည်။

"ဘယ်ညကလဲ၊ တစ်နေ့ညကပဲ အင်း တိုက်ဆိုင်လိုက်တာ
ဗျာ၊ ကေန္တ ခင်ဗျားသားကို နှောင့်ယှက်တဲ့ အိပ်မက်ထဲက
မိန်းမပျိုနဲ့ ကျုပ်သမီးကို နှောင့်ယှက်တဲ့သူဟာ တစ်ဦးတည်း
တစ်ယောက်တည်း ဖြစ်ရမယ်ဗျ၊ အော် ... ဒါထက် အရေး
ကြီးဆုံးစကားပြောဖို့ မေ့နေလိုက်တာ၊ ကျုပ် သမီးကိုလေ
အဲဒီ မိန်းမပျိုက သူ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ
ပြောသွားတယ်ဗျ"

"ဘယ်သူတဲ့လဲဟင်"

"နန်းဥမ္မာတဲ့ ဦးပိန်ရေ၊ နန်းဥမ္မာတဲ့"

"နန်းဥမ္မာ"

ဦးတင်အုန်းက နာမည်ကို ထုတ်ဖော်၍ ရေရွတ်လိုက်
လေသည်။

"ဟုတ်တယ် နန်းဥမ္မာတဲ့"

"နန်းဥမ္မာဆိုတာ မျောက်တစ်ရာ"

"ဟုတ်တယ် ... ဟုတ်တယ် ... အဲဒီ မျောက်တစ်ရာစော
တဲ့ ရက္ခစိုးမပေါ့၊ သိပ်ကြမ်းတယ်ဆိုပဲ"





"ဟိုတုန်းကတော့ ကြားဖူးနားဝ ရှိလိုက်ပါရဲ့ဗျာ၊ ရက္ခစိုးမ
ဆိုတာကလည်း အရှင်ကြီးတွေလို ကြမ်းတမ်းတယ်၊ အမှား
အယွင်း မခံဘူး မဟုတ်လား"

"ဟုတ်တာပေါ့ ဦးတင်အုန်းရယ်၊ လွန်ခဲ့တဲ့ နှစ်တွေမှာ
ကျုပ်တို့ ရွာထဲက ထင်းခုတ်သွားတဲ့ လူနှစ်ယောက် ရုတ်
တရက်ကြီး ရူးသေသွားတာ၊ ခင်ဗျား မမှတ်မိဘူးလား"

"မှတ်မိတာပေါ့ဗျာ၊ ကျုပ်တို့မှ ကာလသားပေါက်အရွယ်
တောင် မရောက်ကြသေးဘူး မဟုတ်လား၊ အခု ကျုပ်သား
ကို လာပြီး ခေါ်နေတဲ့ နန်းဥမ္မာက အိပ်မက်ထဲမှာ
ကိုသိခ်ဳ ...ကိုသိခ်ဳနဲ့ ခေါ်ပြီး သူ့ဘဝဟောင်းက ခင်ပွန်းလို့
တစ်ပြောတည်း ပြောနေစာယ်"

"အလို ... ဒီထိအောင်ပဲလားဗျာ"

ဦးပိန်မှာ အံ့အားသင့်သွားလေသည်။

"သူကသာ လာလာပြီး နှောင့်ယှက်နေတာဗျ၊ ကျုပ်သားက
ဘာမှ မသိဘူး၊ သူ့ကို အိပ်မက်ပေးတိုင်း စိတ်အနှောင့်
အယှက် တွေ့ရလို့ စိတ်ဆင်းရဲရတာပါဗျာ"

ဤတွင် ဦးတင်အုန်းသည် သူ့သားမောင်ဝမ်းဖော်
င့် ဦးပိန်၏သမီး တင်မြနွယ်တို့အား ပေးစားရန် စကားပြော
တ့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

"အခု ကျုပ် လာခဲ့ရတာလည်း ဒီကိစ္စကြောင့် လာခဲ့ရတာ
ပါပဲ ဦးပိန်၊ လာရတဲ့ကိစ္စကလည်း သိပ်ပြီး တိုက်ဆိုင်
နေလွန်းလို့ ကျုပ်ဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေရတာ
ပါဗျာ"

"ဘယ်လိုအရေးကိစ္စလဲ ဦးတင်အုန်းရ"

"သားရေး သမီးရေး ကိစ္စပေါ့ ဦးပိန်"

"သားရေး သမီးရေး ကိစ္စဆိုတာက ဘာကိုဆိုလိုတာလဲ
ဦးတင်အုန်းရ"

"ဒီလိုဗျ ... ကျုပ်ရဲ့သားက မနေ့က သူ့ရဲ့ အိပ်မက်
အကြောင်းတွေ ကျုပ်ကို အလုံးစုံ ပြန်ပြောပြတယ်၊ သူ
ဦးပိန်သမီးနဲ့ လူငယ်တွေဘာသာဘာဝ မေတ္တာရှိနေကြ
သတဲ့။ အဲဒီလို မေတ္တာရှိနေတာ သူ့ကို ခဏခဏ
လာလာပြီး အိပ်မက်ပေးနေတဲ့ နန်းဥမ္မာက သိလို့ အဲ
ညကပဲ အိပ်မက်လာပေးတယ်၊ ခါတိုင်းလို အိပ်မက်ပေး
တင် မကဘူး၊ ကျုပ်သား်နဲ့ ခင်ဗျားသမီး မေတ္တာရှိနေတာ
ခွဲမယ်လို့ ကြိမ်းသတဲ့၊ ကျုပ်သားကလည်း အိပ်မက်ထဲ
သူ့ကို ပြန်ပြီး ပြောဆိုတာပေါ့၊ အဲဒီမှာ သူနဲ့အတူ ပါလ
တဲ့ ဟာနုမာန်မျောက်ကောင်ကြီးက ဆူးတင်းပုတ်ကြီး





ထုမယ်လို့ ခြောက်လှန့်တော့တာပါပဲ၊ အချိန်မတော်
သန်းခေါင်လောက်ကြီးမှာ ကျုပ်သားဟာ လန့်အော်တော့
တာပါပဲ ...

အဲဒီလို လန့်ဖျပ်ပြီးတဲ့နောက် ကျုပ်သားက ခုနက
ပြောတဲ့အတိုင်း ကျုပ်ကို ပြန်ပြောပြပြီး တင်မြနွယ်ကိုလည်း
အဲဒီမိန်းမ နန်းဥမ္မာ သွားနှောင့်ယှက်လိမ့်မယ်လို့တောင်
ပြောသေးတယ်၊ အဲဒီ ကိစ္စတွေအတွက် ကျုပ် အကြံတစ်ခု
ရလို့ ခင်ဗျားဆီ လာခဲ့ရတာပဲ ဦးပိန်၊ ဒီကျတော့
ခင်ဗျားသမီးလည်း ကျုပ်သားပြောတဲ့အတိုင်း နန်းဥမ္မာ
ဆိုတဲ့ မိန်းမက လာပြီး နှောင့်ယှက်နေတယ်ဆိုတာ
ကြားရတာပါပဲ"

ဦးပိန်မှာ ဦးတင်အုန်း၏ စကားကို စိတ်ဝင်စားစွာ
နားထောင်နေလေသည်။

"အဲဒီတော့ ကျုပ်သားကို နှောင့်ယှက်တဲ့ နန်းဥမ္မာ ဟာ
ခင်ဗျားသမီးကို နှောင့်ယှက်တဲ့ နန်းဥမ္မာနဲ့ တစ်ယောက်
တည်း ဖြစ်ရမယ် ဦးပိန်"

"ဟုတ်ပါလိမ့်မယ် ဦးတင်အုန်း"

"ဟုတ်လိမ့်မယ် မပြောနဲ့၊ ဟုတ်ကိုဟုတ်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမတုံးဗျ"

ဦးပိန်က မေးသဖြင့် ဦးတင်အုန်းကလည်း အောက်ပါအတိုင်း လိုရင်းကိုသာ ပြောလိုက်လေသည်။

"ကျုပ်သားနဲ့ ခင်ဗျားသမီးကို ပေးစားလိုက်ကြရင် ဒီကိစ္စ အေးသွားမယ်လို့ ယူဆတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ စကားပြောရအောင် ကျုပ် အခု လာခဲ့ရတာပါပဲ"

ဤတွင် ဦးပိန်မှာ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်စွာနေရင်းက သူ့သမီးကိစ္စကို လေးနက်စွာ စဉ်းစားတွေးတောနေသည်။

ဦးပိန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။ သူ့စိတ်ထဲတွင် သူ့သမီးအား အိမ်ထောင်ချရေးထက် နန်းဥမ္မာရန်က လွတ်ကင်းရေးကိုသာ လမ်းစရှာဖွေနေခြင်းသာဖြစ်သည်။

ဦးတင်အုန်းသားနှင့် သူ့သမီးတို့ လူငယ်သဘာဝ ချစ်ကြိုက်မိသည့်အတွက်ကြောင့်သာ သူ့သမီးတွင် ယခုကဲ့သို့ နန်းဥမ္မာက ခြိမ်းခြောက်လှန့်ခြင်းကို ခံနေရခြင်းသာ ဖြစ်ပေသည်။

အကယ်၍ ၎င်းတို့ လူငယ်ဘာဝ ကင်းကင်းရှင်းရှင်း ဖြစ်ကြလျှင် ဤသို့ နှောင့်ယှက်လိမ့်မည် မဟုတ်ဟု တွေးထင်မိလေ၏။





"ကျုပ် တစ်ခုပြောမယ် ဦးတင်အုန်း၊ အခုကိစ္စမှာ အရင်တုန်းက ကျုပ်သမီးလေးမှာ နန်းဥမ္မာနဲ့ ပတ်သက်တဲ့ အကြောင်း မရှိတာ အမှန်ပဲ၊ ခင်ဗျားသားနဲ့ လူငယ်ဘာဝ မိုက်မှားမိကြလို့သာ အနှောင့်အယှက်တွေ တွေ့လာရတာပဲ၊ ဒီတော့ ကျုပ်ကတော့ ဒီလိုပေးစားကြမဲ့အစား သူတို့ လူငယ်ချင်း ကင်းကင်းရှင်းရှင်း ပြတ်ပြတ်သားသား နေကြရင် ကောင်းလိမ့်မယ် ထင်တယ်ဗျာ"

ထိုစကားကို ကြားလိုက်ရသောအခါ ဦးတင်အုန်းမှာ မျက်နှာပျက်သွားလေသည်။ သို့ရာတွင် မျက်နှာကို ပြင်လျက် ...

"သမီးရှင် ဦးပိန်ဘက်က ကြည့်မယ်ဆိုရင်တော့ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့ ဦးပိန်ရယ်၊ ဒါပေမဲ့ သူတို့ လူငယ်ချင်းက"

"သူတို့ လူငယ်ချင်းဆိုပေမဲ့ ကျုပ်သမီးကို ကျုပ်ရအောင် ဆုံးမရမှာပဲ ဦးတင်အုန်း"

ဦးပိန်က သမီးရှင်ပီပီ ပြတ်ပြတ်တောင်းတောင်း ပြောလိုက်လေသည်။

"ဒါကတော့ ကျုပ်တို့ လူကြီးတွေက ဝတ္တရားရှိတဲ့အတိုင်း ပြောရဆိုရတာပဲ ဦးပိန်ရဲ့၊ ဒါမှ မပေးစားချင်လည်း သဘောအတိုင်းပေါ့၊ ကျုပ် အကြံကတော့ သူတို့ချင်း ကိစ္စပြီးရင် အနှောင့်အယှက် မရှိဘူး၊ ကျုပ်သားမှာလည်း

အနှောင့်အယှက် အပေးမခံရဘူးဆိုရင် ကျုပ်က မငြင်းပယ်ပါဘူး၊ သူတို့ကလေးချင်း မေတ္တာမျှမယ်ဆိုရင် ကျုပ် ပေးစားမှာပါပဲ"

အထက်ပါအတိုင်း လူကြီးနှစ်ဦး ပြောဆိုနေသော စကားများကို တင်မြနွယ်မှာ အိပ်ခန်းတွင်းမှ ချောင်းမြောင်းနားထောင်နေရာ နောက်ဆုံး၌ သူ့ဖခင်၏ မပေးစားနိုင်ဘူးဟူသော စကားကို ကြားလိုက်ရသည်နှင့်ပင် ကျိတ်၍ ငိုကြွေးနေတော့သည်။

ထိုအချိန်တွင် လက်ထောက်အပျိုခေါင်းဖြစ်သူ အပျိုကြီးခင်စုရီ ရောက်ရှိလာသဖြင့် ဦးတင်အုန်းမှာလည်း နှုတ်ဆက်ခါ ပြန်သွားလေသည်။

ခင်စုရီမှာ ဦးပိန်၏ မသာမယာသော မျက်နှာထားကို မြင်၍လည်းကောင်း၊ မောင်ဝမ်းဇော်၏ အဖေ ဦးတင်အုန်း ထွက်သွားသည်ကို မြင်၍လည်းကောင်း သားရေးသမီးရေးကိစ္စပင် ဖြစ်ရမည်ဟု တထစ်ချ မှတ်ယူလိုက်လေသည်။

"ဟဲ့ ... ခင်စုရီရေ ... နင့်ကိုတောင် အခေါ်လွှတ်ခိုင်းဦးမလို့၊ ရောက်လာပြီဆိုတော့ အလောတော်သွားတာပေါ့ကွယ်"

"ဟုတ်ကဲ့ ဦးလေးပိန်၊ ဘာများပါလိမ့်"

"နင်နဲ့ တိုင်ပင်စရာကိစ္စ ရှိလို့ပေါ့"





ဦးပိန်က အပျိုကြီး ခင်စုရီအား လှမ်းပြောလိုက်ရာ ခင်စုရီမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ဦးပိန်အနီးသို့ လာရောက်ထိုင်လေသည်။

ဦးပိန်က အိမ်အတွင်းသို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး ခပ်တိုးတိုးလေသံဖြင့် ...

"ခင်စုရီရယ် ... တို့မှာတော့ အရေးအကြောင်းတစ်ခု ပေါ်နေပြီကွယ့်"

"ဘယ်လိုအရေးများလဲ ဦးလေးရဲ့"

"နင့်ညီမ တင်မြနွယ် ကိစ္စပေါ့ကွယ်"

ထိုစကားကြောင့် ခင်စုရီမှာ မျက်လုံးပြူးသွားသည်။

"တစ်နေ့က တင်မြနွယ် အိပ်မက်မက်ပြီး လန့်ငိုတဲ့ အကြောင်း နင် ကြားပြီပလား"

"မနက်က အရီးငွေညွန့် လာပြောလို့ ကြားပြီးပါပြီ ဦးလေး"

"အေးဟဲ့ ... အိပ်မက်ကလည်း မရိုးဘူး၊ လူကလည်း မရိုးဘူးဆိုသလို ဖြစ်နေကြပြီကွယ့်"

ခင်စုရီက ငြိမ်သက်စွာ နားထောင်နေ၏။

"နင့်ညီမ တင်မြနွယ်ကို နန်းဥမ္မာဆိုတဲ့ ရက္ခစိုးမက နှောင့်ယှက်နေပြီကွယ့်၊ အဲဒီလို နှောင့်ယှက်တာဟာလည်း

ဦးတင်အုန်းသား မောင်ဝမ်းဖော်နဲ့ သူတို့ လူငယ်ချင်းဘာဝ ချစ်ကြိုက်နေကြလို့တဲ့ကွယ်၊ ဒါကိုလည်း အခု ဦးတင်အုန်း လာပြောမှ ငါလည်း သိရတယ်၊ ဦးတင်အုန်းသား မောင်ဝမ်းဖော်ကို အဲဒီ ရက္ခစိုးမတစ်ယောက်က ခဏခဏ အိပ်မက်လာပေးပြီး ခေါ်ခေါ်နေတယ်ဆိုတာ နင်တို့လည်း သိကြမှာပေါ့"

"ရွာထဲက ကြားမိပါတယ် ဦးလေး"

"အေး ... အဲဒါ တခြားမဟုတ်ဘူး၊ နန်းဥမ္မာဆိုတာပဲ၊ ဦးတင်အုန်းသားနဲ့ နောက်ဘဝတုန်းက အဆက်အသွယ် ရှိတယ်ဆိုပြီး လာလာခေါ်နေတာကွယ့်၊ သမီးလေး တင်မြနွယ်နဲ့ ဒီ ဦးတင်အုန်းသား မောင်ဝမ်းဖော်တို့ လူငယ်ချင်း ချစ်ကြိုက်နေတယ်ဆိုတာကို နန်းဥမ္မာက သိသွားလို့ အခု တင်မြနွယ်ကိုပါ လာနှောင့်ယှက်တာကွယ့်၊ ဒီတော့ ဦးတင်အုန်းက ကိစ္စအေးအောင်ဆိုပြီး သူ့သားနဲ့ တင်မြနွယ်ကို ပေးစားဖို့ လာပြောတယ်၊ ငါကလည်း သူ့သားနဲ့ တင်မြနွယ်သာ ပြတ်သွားမယ်ဆိုရင် ဒီ နန်းဥမ္မာ က နှောင့်ယှက်မှာ မဟုတ်ဘူးဆိုပြီး မပေးစားဘူးလို့ ပြောလိုက်တယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ ဦလေး"





"ဘယ်လို လုပ်ရမလဲ၊ သူတို့ချင်းချင်း ချစ်ကြိုက်နေတာကို ဖျက်ရမှာပဲ၊ နင် စဉ်းစားကြည့်ပါလား ခင်စုရီရဲ့၊ သူတို့ ချင်း ပေးစားလိုက်ရင်လည်း ဒီနန်းဥမ္မာက မနှောင့်ယှက်ဘဲ နေမှလား၊ ပိုပြီး အငြိုးတေးထားပြီးတော့ နှောင့်ယှက်လိမ့် ဦးမယ်၊ ဒီတော့ နင်က ဒီကိစ္စမှာ ဝင်ပြီးတော့ နင့်ညီမကို နားချပြီး ဖျက်ပေတော့ပေါ့"

ဦးပိန်၏ စကားအဆုံးတွင် အပျိုကြီး ခင်စုရီမှာ သက်ပြင်းတစ်ချက် မသိမသာ မှုတ်ထုတ်လိုက်လေသည်။

သူ့စိတ်ထဲတွင် သူတစ်ပါး၏ ချစ်ခြင်းကို ခွဲလိုသည့် ဆန္ဒ မရှိချေ။ နောက်နောင်ဘဝက သူတစ်ပါးချစ်ခြင်းကိုများ ခွဲခဲ့သောကြောင့်ပေလားမသိ။ သူ့မှာ ယခုထက်တိုင် အပျိုကြီး ဘဝမှာပင် ဖြစ်နေသေးတာကိုပင် ပြန်၍ တွေးတောမိလေ၏။

"ဟဲ့ ... ငါပြောတာ နားလည်တယ် မဟုတ်လား ခင်စုရီ"

"နားလည်ပါတယ် ဦးလေး"

"အေး ... ဒါဖြင့် တင်မြနွယ်နဲ့ သွားတွေ့ချည်"

အပျိုကြီး ခင်စုရီသည် ဦးပိန်အနီးမှ ထခါ အိပ်ခန်း ထဲသို့ ဝင်ခဲ့လေ၏။

အိပ်ခန်းတွင်း၌ကား တင်မြနွယ်မှာ ခေါင်းအုံးကို ဖက်ကာ ကျိတ်၍ ငိုနေခြင်းကို တွေ့လိုက်ရလေသည်။

"ဟဲ့ ... တင်မြနွယ် ... ညီမလေး"

ခင်စုရီက တင်မြနွယ်၏ ပခုံးကို ကိုင်လှုပ်ရင်း တင်မြနွယ်အနီး၌ ကပ်၍ ထိုင်လိုက်သည်။

တင်မြနွယ်က ပြန်၍ မထူးသည်သာမက အပျိုကြီး ခင်စုရီက ခေါ်မှပင် ပို၍ ရှိုက်နေပြန်တော့၏။

"တင်မြနွယ် ... မငိုပါနဲ့ကွယ်၊ တိတ်တိတ် ... ညည်း သတင်းကြားရလို့ မမခင်စုရီလာတာ၊ တိတ်တော့"

တင်မြနွယ်က ငိုရှိုက်ရာမှ မခင်စုရီအား မော့ကြည့်လျက် ...

"မမခင်စုရီ ... ကျွန်မအကြောင်း ဘာတွေကြားသလဲ၊ ရွာက လူတွေရော သိကုန်ပလား"

"ဘယ်သူ့မှ မသိသေးပါဘူးကွယ်၊ တိတ်ပါတော့၊ ဘာဖြစ်လို့ ငိုနေရတာလဲ"

"မမခင်စုရီကို အဘက ပြောပြနေတာတွေ ကျွန်မ အကုန်ကြားပြီးပါပြီ မမခင်စုရီရယ်"

"အေး ... ငါ့ညီမက မိုက်တာကိုးကွယ့်၊ ဘာမဆို မမခင်စုရီကို တိုင်ပင်ပါလို့ ပြောရက်သားနဲ့"

"မမခင်စုရီကို တိုင်ပင်မလို့ပဲ၊ ဒါပေမဲ့ အချိန်က မရတော့"





"တော်ပါတော့ ညီမရယ်၊ မမလည်း သိတန်သလောက် သိပြီးပါပြီ၊ ရှေ့အဖို့သာ ဘယ်လိုနေမယ်ဆိုတာသာ စဉ်းစားပါတော့"

တင်မြနွယ်မှာ တစ်ချက်တစ်ချက် ရှိုက်နေရာမှ မောင်ဝမ်းဇော် မျက်နှာကို မျက်စိထဲတွင် ပေါ်လာလေ၏။

သူနှင့် မောင်ဝမ်းဇော်တို့နှစ်ဦး တွေ့ကြဆုံကြပုံများကိုလည်း ပြန်၍ တွေးမိလာကာ ချစ်ရသူ ကိုဝမ်းဇော်မှာလည်း သူ့ကဲ့သို့ အပူမီးတောက်လောင်နေရှာမည်ဟု တွေးမိပြန်လေ၏။

"ကဲ ... မမခင်စုရီ တစ်ခုမေးမယ်၊ ညည်းတို့ လူငယ်ချင်း ဘယ်အဆင့်ထိအောင် ဖြစ်နေကြပလဲ၊ ညည်းကကော သူ့ကို ပြန်နှစ်သက်သလား"

တင်မြနွယ်မှာ မခင်စုရီ အမေးကို မဖြေတတ်အောင်ပင် ဖြစ်နေလေ၏။

"ပြောလေ တင်မြနွယ်"

"ကျွန်မ ဘယ်လိုမှ မပြောတတ်ဘူး မမခင်စုရီရဲ့"

"ခက်တယ် တင်မြနွယ်ရယ် ခက်တယ်၊ ခုပုံလိုဆိုကတော့ ညည်းဟာ သူနဲ့ ဆက်သွယ်မယ်ဆိုရင် အမှန်ပဲ ဒုက္ခတွေ့တော့မယ် တင်မြနွယ်"

"ကျွန်မကလည်း ဒါတွေကို ဘယ်သိမလဲ မမခင်စုရီရဲ့"

တင်မြနွယ်က ချက်ချင်းပင် သူ မြင်မက်ခဲ့သော အိပ်မက်များကို သတိရလာကာ သူ့အား ခြောက်လှန့်ပုံ၊ ကြောက်ခမန်းလိလိ ပြောထားသော စကားများကို ပြန်လည်ကြားယောင်လာပြန်သောအခါ ကြက်သီးမွေးညင်းများပင် ထလာလေသည်။

"မမခင်စုရီကတော့ ညည်းတို့ချစ်ခြင်းကို မခွဲချင်ပါဘူးကွယ်၊ ဒါပေမဲ့ ညည်း သူနဲ့ပတ်သက်လာရင် ဒုက္ခတွေ့မှာမို့ တားမြစ်ချင်တာပါပဲ"

တင်မြနွယ်မှာ ဘာမှ ပြန်မပြောဘဲ မျက်ရည်များသာ တွင်တွင်ကြီး ကျဆင်းနေလေတော့သည်။

သူ့ဘဝကိုလည်း သူ ပြန်တွေးနေမိ၏။

သူ့အား နန်းဥမ္မာက ခြောက်လှန့်ခဲ့ခြင်းများကိုလည်း ကြောက်ရွံ့နေရှာ၏။

သို့ရာတွင် ချစ်ရသူ မောင်ဝမ်းဇော်ကိုလည်း မေ့ပျောက်စိမ်းကား၍ မရနိုင်အောင် ဖြစ်နေလေ၏။

အပျိုကြီး ခင်စုရီသည် တင်မြနွယ်အနီး၌ ကပ်ခါ အမျိုးမျိုးသော နည်းများနှင့် ဖျောင်းဖျပြောဆို ချော့မော့နေရာ နောက်ဆုံးတွင် တင်မြနွယ်က မခင်စုရီ၏ စကားကို နားထောင်ပါမည်ဟု ဝန်ခံကတိပေးလိုက်တော့လေသည်။





ရွာအလယ်ပိုင်းရှိ အိမ်ပေါ်တွင်ရှိနေသော မောင်ဝမ်းဇော်တစ်ယောက်မှာလည်း သူ့ဖခင်ကြီး ဦးတင်အုန်း အလာကို စောင့်မျှော်နေရာ မကြာမီတွင် မျက်နှာမသာမယာနှင့် ပြန်လာသော ဖခင်ကြီးကို တွေ့လိုက်ရလေသည်။

ဦးတင်အုန်းသည် သားကလေး မောင်ဝမ်းဇော်အတွက် အကြောင်းမလှသော စကားကို ပြောဆိုရန် ဖွင့်ဟပြောပြရန် ဝန်လေးနေရှာပါသည်။

"ဘယ်နှယ့်လဲ အဘ၊ နေရာကျခဲ့ရဲ့လားဟင်"

ဦးတင်အုန်းက သားဖြစ်သူ၏ အမေးကို ပါးစပ်နှင့် မဖြေဘဲ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်ပြန်သည်။

"ပြောပါဦး အဖေရဲ့၊ တင်မြနွယ်နဲ့ကော တွေ့ခဲ့ရဲ့လား"

"ငါ့သားထင်ထားသလို နေရာတော့မကျခဲ့ပါဘူး လူကလေးရယ်၊ ဒါပေမဲ့ မပူပါနဲ့၊ ငါ့သားစိတ်ချမ်းသာအောင် အဖေ တစ်နည်းနည်းနဲ့ ကြံပါဦးမယ်"

"ဘယ်လို နေရာမကျတာတုံး အဖေရဲ့"

မောင်ဝမ်းဇော်က စိုးရိမ်စိတ်ကြီးစွာနှင့် မေးလိုက်သည်။

သူ့အသံမှာ မူမမှန်ဘဲ ငိုသံကြီးနှင့် ကြေကွဲဝမ်းနည်းသံပါနေလေသည်။

ဦးတင်အုန်းသည် သူ့သားအား တင်မြနွယ်တို့ဖခင်ကြီး ဦးပိန်နှင့် ပြောဆိုခဲ့ပုံ အလုံးစုံကို ပြောပြလိုက်လေတော့၏။

မောင်ဝမ်းဇော် တစ်ယောက်မှာ ခပ်ငိုင်ငိုင်လေးနှင့် နားထောင်နေရှာလေသည်။

နောက်ဆုံးတွင် မိမိအား သဘောမမျှ၍မဟုတ် မိမိအား နန်းဥမ္မာဟူသော မိန်းမက ဝင်နောက်နေခြင်းကြောင့်သာ ဖြစ်ရသည်ဟု သိရသဖြင့် နန်းဥမ္မာအား စိတ်နာကြည်းမှုဖြစ်ခဲ့ရသည်။

ထိုနေ့အဖို့ မောင်ဝမ်းဇော် စိတ်ထဲတွင် နန်းဥမ္မာကို ဒေါသဖြစ်လိုက်၊ ချစ်ရသူ တင်မြနွယ်လေးကို သတိရ၍ ပူဆွေးလိုက်နှင့် စိတ်သောက ရောက်နေတော့သည်။

ဤသို့ဖြင့် အချိန်တို့မှာလည်း တဖြည်းဖြည်း ကုန်လွယ်လွန်းသဖြင့် ညအချိန်သို့ပင် ရောက်ခဲ့ပြန်လေပြီ။





သို့သော် မောင်ဝမ်းဇော်မှာ အိပ်ရာထဲတွင် အိပ်မပျော်နိုင်ရှာဘဲ ရှိနေသည်။ သူ့အား ညဉ့်အချိန်တွင် အိပ်မက်ပေးကာ နှောင့်ယှက်မှုပြုနေသော နန်းဥမ္မာဆိုသည့် မိန်းမကို စွဲရှာမုန်းတီးမိသောကြောင့်ပင်ဖြစ်သည်။

နောက်ဆုံးတွင် ဘုရားကိုသာ ထ၍ ရှိခိုးပြီးလျှင် အိပ်ရာထဲ ဝင်လိုက်လေသည်။

မောင်ဝမ်းဇော်မှာ အိပ်သော်လည်း အိပ်ပျော်ခြင်းသို့မရောက်ချေ။ ဤနေ့ညတွင်လည်း သူ့အား လာနှောင့်ယှက်ဦးမည်လားဟု စိတ်တထင့်ထင့်နှင့် ဖြစ်နေ၍ မိုးလင်းခါနီး အချိန်တွင်မှ အိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ကိုကြီးသာလှက လာရောက်လှုပ်နှိုးမှ နိုးတော့သည်။

"အိပ်လှချည်လား ညီလေး ဝမ်းဇော်ရယ်၊ ဘယ်အချိန်ရှိပြီလဲကွယ်"

မောင်ဝမ်းဇော်က ကမန်းကတန်း အိပ်ရာမှ ထကြည့်လိုက်ရာ နေအတော်မြင့်နေပြီကို တွေ့ရလေသည်။ ထိုသို့ အိပ်ရာမှ နိုးလာသော်လည်း ချစ်ရသူ တင်မြနွယ်လေးကို သတိရခါတွေဝေ၍နေပြန်လေသည်။

ထို့နောက် အိပ်ရာမှထ၍ ကိုယ်လက်များ သုတ်သင်ပြီး အိမ်နှင့် မနီးမဝေးရှိ ကုက္ကိုပင်ကြီးအောက်သို့ သွားရောက်ထိုင်ခါ ချစ်ရသူ တင်မြနှယ်အကြောင်းများကို တွေးနေချိန်တွင် သူ့နှာခေါင်းထဲ၌ မွှေးကြိုင်သော အနံ့များ ရလာသဖြင့် အနံ့ကို ထူးဆန်းစွာနှင့် ရှူရှိုက်နေလိုက်၏။

ဤသို့သော အနံ့မျိုးကို သူတို့အိမ်ပတ်ဝန်းကျင်း၌ တစ်ခါဖူးမျှ မမွှေးဘူးသဖြင့် အံ့အားသင့်နေစဉ် သတိလစ်ကာ အိပ်ပျော်သွားသည်နှင့် ရုတ်တရက်ပင် သူ့အနီးသို့ ပေါ်လာသော နန်းဥမ္မာအား မမြင်သေးချေ။ အမွှေးနံ့များကား မွှေးကြိုင်လှိုင်နေတော့သည်။

“ကိုသိန်း … ကိုသိန်း”

သာယာချိုအေးသောအသံကလေးသည် မောင်ဝမ်းဖော် နားထဲသို့ ဝင်ရောက်လာလေ၏။ ထိုအသံကြောင့် အံ့သြစွာနှင့် နောက်သို့ လှည့်ကြည့်လိုက်ရာ နန်းဥမ္မာကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် မောင်ဓမ်းဖော်က ကြောက်ရွံ့သည့် အမူအရာနှင့် နောက်သို့ ဆုတ်လိုက်၏။

“ကိုသိန်း … ဘာဖြစ်နေတာလဲ၊ ကိုသိန်းရဲ့ နန်းဥမ္မာလေ၊ မမှတ်မိတော့ဘူးလားဟင်”





နန်းဥမ္မာသည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာနေ၏။ မောင်ဝမ်းဖော်က ပို၍ ကြောက်လန့်နေ၏။

“မကြောက်ပါနဲ့ ကိုဝမ်းဖော်ရယ်၊ ကျွန်မ ရှင့်ကို ဘာမှ မလုပ်ပါဘူး ကိုဝမ်းဖော်ရဲ့”

“ခင်ဗျား ကျွန်တော့်အနား မကပ်ပါနဲ့၊ ခင်ဗျား ကျွန်တော့်ကို နှောင့်ယှက်ရအောင် ‘လာပြန်တာလား”

မောင်ဝမ်းဖော်က လက်ဝါးကို ကာလျက် တုန်တုန်ယင်ယင်နှင့် ပြန်ပြောလေသည်။

“နှောင့်ယှက်ရအောင်လာတာ မဟုတ်ပါဘူး ကိုဝမ်းဖော်ရဲ့၊ ရှင့်ကို တွေ့ချင်လို့ တမင်လာတာပါ”

ဟု ပြောကာ နန်းဥမ္မာက မောင်ဝမ်းဖော်အနီးသို့ ရောက်အောင် တိုးသွားလေသည်။

“သွားပါ … ကျွန်တော့်ကို ခင်ဗျား နှောင့်ယှက်ရအောင် လာတာမဟုတ်လား၊ ခင်ဗျား နှောင့်ယှက်လို့ ကျုပ် အသည်းတွေ ကွဲတော့မယ်သိရဲ့လား”

“ရှင် နှင်ပေမဲ့ ကျွန်မ မသွားနိုင်ဘူး ကိုသိန်း၊ ရှင်ဟာ ကျွန်မအပေါ်မှာ သိပ်ရက်စက်တဲ့လူပဲ၊ ရှင်ကဲ့ ကျွန်မကို မုန်းနေပြီပေါ့ ဟုတ်လား ကိုသိန်းရဲ့၊ ကျွန်မ အသည်းတွေ နှလုံးတွေလည်း ရှင့်အတွက်နဲ့ ကြေမွနေပါပြီ ကိုဝမ်းဖော်ရဲ့”

နန်းဥမ္မာသည် ပြောပြောဆိုဆို မျက်ရည်များပင် ကျလာလေသည်။

“ခင်ဗျား သက်သက်လာပြီး နှောင့်ယှက်နေတာပဲ၊ ကျုပ်ကိုသိန်း မဟုတ်ဘူး”

“ဟုတ်တယ် … ဟုတ်တယ် … ကိုသိန်းမှ တကယ့် ကိုသိန်း၊ ရှင်ဟာ ကျွန်မယောကျ်ား ကိုသိန်းပဲ၊ ဒီအကြောင်း ကို တစ်ခါတုန်းက ပြောပြခဲ့ဖူးပါပြီရှင်”

“ဟိုတုန်းက ခင်ဗျားပြောသလို ကျွန်တော်ဟာ ကိုသိန်း ဖြစ်ခဲ့ပေမယ်လို့ အခု ကိုသိန်း မဟုတ်တော့ဘူး၊ ဒါကြောင့် ခင်ဗျား ကျွန်တော်နဲ့ ဘာမှ မဆိုင်တော့ဘူး၊ ဘဝချင်းလည်း တခြားစီဖြစ်နေပြီ၊ ခင်ဗျား ကျွန်တော့်ကို မနှောင့်ယှက်ပါနဲ့တော့ဗျာ”

“ရှင်ဟာ တကယ်ရက်စက်တဲ့ စကားတွေ ပြောနေတာပါကလား ကိုသိန်းရဲ့၊ အစက ရှင့် ဒါလောက် ရက်စက်လိမ့်မယ်လို့ ကျွန်မဖြင့် မထင်ခဲ့ဘူး”

နန်းဥမ္မာဆိုသည့် မိန်းမပျိုမှာ ငိုကြွေးရင်းက ဒေါသထွက်လာလေသည်။

“ရှင်က စိမ်းကားရင် ကျွန်မကလည်း ရက်စက်ပြရမှာပေါ့၊ ရှင်က အခုတော့ နောက်ချစ်သူနဲ့ တွေ့နေလို့ ကျွန်မကိုတောင် ရန်လုပ်ပြီပေါ့”





“ကျွန်တော်က ရန်လုပ်တာလား၊ ခင်ဗျားက ကျွန်တော့်ကို နှောင့်ယှက်တာလား၊ အခု ခင်ဗျား နှောင့်ယှက်လို့ ကျွန်တော်တို့ချစ်ခြင်း ကွဲရတော့မယ်”

“ကျွန်မ အချစ်ကို ဘယ်သူ့မှ ဝေခွဲမပေးဘူး ကိုသိန်းရဲ့၊ ရှင့်ကို ချစ်တဲ့ မိန်းမမှန်သမျှ ကျွန်မ ရန်သူပဲ၊ ကျွန်မ ကြည့်မနေနိုင်ပါဘူး”

ဟု ပြောဆိုကာ ထွက်ပြေးသွားပြန်သည်။

ထိုအချိန်တွင် …

“ညီလေး … ဟေ့ ညီလေး၊ ခြော် … အိပ်ချင်မူးတူးနဲ့ အိပ်ရာထဲက ထပြီး အိမ်ရှေ့က ဒီကုက္ကိုပင်ကြီးမှာ လာအိပ်ပျော်နေပြန်တာကိုး”

ပြောပြောဆိုဆို မောင်ဝမ်းဇော်၏ အစ်ကိုကြီးသာလှမှ ပုတ်လှုပ်နှိုးလိုက်သဖြင့် နိုးလာပြန်လေသည်။

“ဟင် … အစ်ကိုကြီး နှိုးတာလား၊ တော်ပါသေးရဲ့ဗျာ၊ ကျွန်တော့်ကို နန်းဥမ္မာဆိုတဲ့ မိန်းမက အိပ်မက်ထဲမှာ နှောင့်ယှက်နေတာဗျ”

“အိုကွယ် … ငါ့ညီက ရွာထဲက အသံချဲ့စက်သမားတွေ ဖွင့်တတ်ကြတဲ့ ပန်တျာကြည်လင်နဲ့ ပန်တျာတင်တင်မြင့်တို့ရဲ့ မြစိမ်းဇာတ်ထုတ်ကို နားထောင်ပြီး စိတ်ကူးယဉ် စိတ်စွဲလမ်းနေတာပဲ ဖြစ်မှာပါကွယ်၊ ဒီအယူအဆတွေက

ရှေးပဝေသဏီနှစ်ရာကျော် သုံးရာက လက်စခဲ့တဲ့ အယူအဆ ဟောင်းလက်ကျန်တွေပါကွာ၊ ငါ့ညီက ယုံနေသလား"

"ယုံတယ်လို့လည်း မဟုတ်သလို မယုံလို့လည်း မရအောင် အိပ်မက်ပေးနေတာ မခက်ဘူးလား အစ်ကိုကြီးသာလှရာ"

"အဲဒီ အိပ်မက်က စိတ်ကူးယဉ် အိပ်မက်ကြီးကော ဖြစ်မနေနိုင်ဘူးလားကွာ၊ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တတ်တယ်ဆိုတာကော ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်"

"အေး ... ဒါကြောင့် ငါ့ညီရဲ့ စိတ်တွေကို လွတ်မထားသင့်ဘူး၊ ထိန်းထားရမယ်"

"အိပ်နေပါတယ်ဆိုမှ စိတ်ကို ဘယ်လိုထိန်းထားမှာလဲ အစ်ကိုကြီးရာ"

ဤတွင် ကိုသာလှလည်း ဆက်စကားမပြောတတ်သဖြင့် ...

"ကဲပါကွာ ... အိမ်ပေါ်ကို သွားကြရအောင်၊ အဖေ မျှော်နေလိမ့်မယ်ကွ"

... ဟု ပြောသောကြောင့် အိမ်အပေါ်သို့ ညီအစ်ကိုနှစ်ယောက် တက်သွားကြလေတော့၏။





တင်မြနွယ် တစ်ယောက်မှာလည်း အပျိုကြီး မခင်စုရီက ပြောဆိုနားချသွားသဖြင့် ဟုတ်ကဲ့ပါဟူ၍ ပြောလိုက်ရသော်လည်း တကယ်တမ်းမှာမူ မောင်ဝမ်းဇော်အား မေ့ပျောက်မရနိုင်အောင် ရှိနေလေ၏။

အကယ်၍ ကိုဝမ်းဇော်နှင့် သူမတို့၏ ချစ်ခြင်းကို ကွေကွင်းအောင် လုပ်ကြသည့်သူများ လုံးဝမရှိလျှင် အဘယ်မျှ ကောင်းလေမည်နည်းဟု စိတ်ကူးနှင့် ရူးနေရှာလေသည်။

ဖခင်ကြီးဦးပိန်နှင့် အမိ ဒေါ်ငွေညွန့်တို့ကို မမခင်စုရီက ဝင်ပြောသွား၍ စိတ်ပြောင်းသွားပြီဟု သိရသည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေသည်။

သို့ရာတွင် ထိုညအဖို့ တင်မြနွယ် တစ်ယောက်မှာ စိတ်မချမ်းမြေ့မှုကို အကြောင်းပြု၍ အိပ်ရာထဲ၌ပင် လဲလျောင်းပြီး အတွေးနယ်ချဲ့နေသည့် အချိန်ကသာ များနေလေရာ ထိုနေ့ညအဖို့တွင်လည်း စောစောကပင် အိပ်ရာထဲသို့ ဝင်ရောက်ခဲ့လေသည်။

ထိုသို့ အိပ်ရာထဲ ရောက်နေသော်လည်း အိပ်ချင်စိတ်မရှိသေး။ သူမနှင့် မောင်ဝမ်းဖော်တို့ အလှူနေ့ ဘုန်းကြီးကျောင်းပေါ် တွေ့ကြပုံအကြောင်းများ၊ သူ့ဖခင်နှင့် မောင်ဝမ်းဖော်၏ ဖခင်တို့နှစ်ဦး ပြောကြားခဲ့ပုံများကို ပြန်လည်တွေးတောမိကာ ဝမ်းနည်းကြေကွဲလာပြန်သဖြင့် မျက်ရည်ပင် ယိုစီးကျလာပြန်လေသည်။

သို့ဖြင့် အချိန်မှာ တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်လာလေပြီ။

တစ်ရွာလုံးရှိ လူများမှာ အိပ်မောကျနေသဖြင့် ဆင်ငယ်ပြေးကုန်းရွာတွင် ဆိတ်ငြိမ်လျက်ရှိပေသည်။

တစ်ချက်တစ်ချက် ရွာထိပ်မှ ထိုး၍ ဟောင်နေသော ခွေးများ၏ အသံကို ကြားရ၏။ သန်းခေါင်းကြက်များ တွန်သံကိုလည်း ကြားရပေသည်။

တင်မြနွယ်တစ်ယောက်မှာ မျက်လုံးကျယ်၍ အိပ်မပျော်ဘဲရှိကာ အတွေးကြော၌ နစ်မျောလျက်ပင် ရှိသော်လည်း သူတို့တစ်အိမ်သားလုံး အိပ်ပျော်လျက်ပင် ရှိနေ၏။

သူ့ဖခင် ဦးပိန်၏ အိပ်မောကျ၍ ဟောက်သံမှာ ကျယ်လောင်လှပေသည်။





ထိုအချိန်၌ ရွာထိပ်ဆီမှ ဆူးဆူးဝါးဝါး ထိုးအူလိုက်သော ခွေးများ၏ အသံမှာ တင်မြနွယ်၏ အသည်းနှလုံးသားများကို ပြင်းပြစွာ တုန်လှုပ်ထိတ်လန့်သွားစေတော့သည်။

ခွေးများမှာ ဘယ်သောအခါကမျှ မကောင်းခဲ့ပါချေ။ မကောင်းဆိုးဝါးများ မြင်တွေ့သည့်အခါ၌လည်းကောင်း၊ ရွာထဲသို့ မကောင်းဆိုးဝါးများ ဝင်လာသည့်အခါ၌လည်းကောင်း ယင်းကဲ့သို့ အူတတ်သည်ကို တင်မြနွယ်က တထစ်ချ တွေးမိလိုက်ပြန်သောအခါတွင် နေစရာမရှိအောင်ပင် တုန်လှုပ်ကြောက်ရွံ့နေတော့သည်။

ရွာထိပ်ဆီမှ ခွေးအူသံသည် ပျောက်သွားပြီး အတန်ကြာသောအခါ ရွာလယ်လောက်ဆီမှ ခွေးအုချို့ ဆွဲဆွဲငင်ငင်အူလိုက်သောအသံများကို ထပ်မံ၍ ကြားရပြန်လေသည်။

ခွေးအူသံများမှာ ယခင်ကြားရသော အသံထက် သူနှင့် ပိုမိုနီးလာသဖြင့် သူ့မှာ အကြောက်ပိုမိုလာစေတော့၏။

သူ့တစ်ကိုယ်လုံးတွင် တဆတ်ဆတ်နှင့် တုန်နေပြီး ချွေးသီးချွေးပေါက်များပင် ကျနေတော့သည်။

ခွေးအူသံများမှာ ကြောက်မက်ဖွယ်ပင် ကောင်းလှတော့သည်။ ထိုတိတ်ဆိတ်သည့် ညဥ့်အချိန်၌ ရွာသူရွာသားများက အိပ်မောကျ၍ အိပ်ကောင်းနေဆဲ အချိန်ဖြစ်သောကြောင့်မို၍ ကျယ်ကောင်းသည်ဟု မှတ်ထင်ရလေသည်။

တင်မြန္တယ်မှာ အကြောက်ကြီး ကြောက်လန့်ကာ စောင်ကို ခေါင်းမြီးခြုံ၍နေလိုက်၏။

ရင်ထဲ၌လည်း တဆတ်ဆတ်တုန်ခါနေတော့သည်။ ထို့ကြောင့် သူ့မိခင် ဒေါ်ငွေညွန့်နှင့် ဖခင်ဖြစ်သူ ဦးပိန်တို့အား လှမ်း၍ နှိုးလိုက်ရလျှင် ကောင်းမလားဟု တင်မြန္တယ်တစ်ယောက် ကြောက်လန့်နေရင်းက တွေးမိလိုက်ပြန်လေသည်။

ဤကြားထဲတွင် သစ်ပင်သစ်ကိုင်းတို့ လေတိုက်၍ လှုပ်ရှားမှုကြောင့် တရှူးရှူး တရှဲရှဲနှင့် မြည်နေပြန်ရာ ခွေးအူသံများကြားမှ မိုမို၍ ထိတ်လန့်စရာ ကောင်းနေပေတော့၏။

ထိုအခိုက် တင်မြန္တယ်တို့အိမ်အနီးနားဆီမှ ခွေးတစ်ကောင်သည် လမ်းမဘက်သို့ လှည့်လျက် ရှည်လျားစွာ ဆွဲဆွဲငင်ငင် ထိုးအူလိုက်သောကြောင့် တင်မြန္တယ်အဖို့ အသက်ရှူမှားသွားမတတ် ဖြစ်သွားလေသည်။

သူ ကြားနေရသော ခွေးအူသံမှာ အမှန်ပင် မကောင်းဆိုးဝါးများ ရွာထဲသို့ ဝင်ရောက်လာသောကြောင့် ဖြစ်သည်ဟု တင်မြန္တယ်က တထစ်ချ မှတ်ယူထားလိုက်၏။

ထိုမျှသာမက အိပ်မက်ထဲတွင် တွေ့ရတတ်သော နန်းဥမ္မာတစ်ယောက် တထစ်ချ ပေါက်လာပြန်ပြီဟု မှတ်ယူလိုက်လေ၏။





ထိုသို့ တွေးမြင်လိုက်မိသည့် တစ်ခဏ၌ သူ့စိတ်ထဲတွင် သူ့မိခင် ဒေါ်ငွေညွန့်အား နှိုးရကောင်းမလား၊ မနှိုးရကောင်းမလားဖြင့် ချီတုံချတုံ ဖြစ်နေစဉ်မှာပင် ကြက်သီးမွေးညင်းများ ထလာလေသည်။

သို့အတွက်ကြောင့် တင်မြန္တယ်က သူ့အမေအား နှိုးမည်ဟု ကြံလျက် အသံကုန်ဟစ်အော်လိုက်သော်လည်း အသံတို့က ထွက်မရတော့။

ထိုခဏတွင် တင်မြန္တယ်၌ မည်သို့ပင် ဖြစ်သွားသည် မသိအောင်ပင် ချောက်ချားသွားတော့သည်။

နောက်တစ်ကြိမ် ဟစ်အော်၍ ခေါ်လိုက်ပြန်ပါသော်လည်း အသံတို့မှာ ထွက်ပေါ်လာခြင်း မရှိသဖြင့် အသံကုန်အော်ကာ အိပ်ရာမှ လူးလဲ၍ ထတော့သည်။

သို့ရာတွင် ထ၍လည်း မရဘဲရှိသဖြင့် မျက်လုံးကို ဖွင့်၍ ကြည့်ရှုလိုက်ရာ သူ့အား စိမ်းစိမ်းဝါးဝါးကြီး ကြည့်ရှုနေသော ကြောက်မက်ဖွယ်ကောင်းလှသည့် မျောက်သတ္တဝါကြီးတစ်ကောင်မှာ ဆူးတင်းပုတ်ကြီး ကိုင်လျက် တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့် အိပ်ရာထဲတွင် တစ်ယောက်တည်း ရုန်းကန်၍ အော်ဟစ်နေ၍ သူ့မျက်လုံးနှစ်ဖက်ကို လက်ဝါးနှင့်

ပိတ်ကာ ထားလိုက်သည်မှာ အိပ်မက်လေလား တကယ်ပင်လာ ဟု ခွဲခြား၍ မရတော့။

မည်သို့ဖြစ်စေ အိပ်မက်ကို လူတိုင်းမက်ဖူးပေသည် အိပ်မက်ထဲတွင် ပြေးလွှားရလျှင် အမှန်တကယ် အပြင်တွင် ပြေးလွှားရသကဲ့သို့ မောပန်းမှုကို ခံစားရတတ်စမြဲပင်။

ယခု တင်မြနွယ်တစ်ယောက်မှာ အော်ဟစ်၍သာ နေပါသော် အသံတို့ကား လုံးဝပင် ထွက်ပေါ်၍မလာချေ အကယ်၍သာ တင်မြနွယ် အသံတို့ ထွက်ပေါ်လာပါက တစ်ရွာ လုံး ဆူညံနေတော့မည် ဖြစ်ပေသည်။

ကြောက်မက်ဖွယ်ရာ တွေ့မြင်နေရသော မျောက် ကောင်ကြီးမှာ နန်းဥမ္မာနှင့် အတူပါလာတတ်သည့် အစောင့်ကောင် ကြီးပင် ဖြစ်နေသည် မဟုတ်လော။

ထိုအကောင်ကြီးသည် တင်မြနွယ် အော်ဟစ်နေခြင်း ကို မည်သူမျှ မကြားနိုင်စေရန် သူ့အစွမ်းနှင့်သူ ဖန်တီးထားရုံမက အိမ်သားများ မနိုးကြားနိုင်ရန်လည်း ပြုလုပ်ထားလိုက်လေသည်

ပြီးတော့ တင်မြနွယ်အား ငြိမ်သက်သွားအောင် လက်နှစ်ဖက်နှင့် သပ်လိုက်လေသည်။ ထို့ကြောင့် တင်မြနွယ် မှာ လူးလိမ့်အော်ဟစ်နေရာမှ ငြိမ်ကျသွားပြီးလျှင် ကြောက်စရာ အလွန်ကောင်းသော မျောက်ကောင်ကြီးအား ကြည့်နေလေ၏





ထိုအကောင်ကြီးသည် တင်မြနွယ်အား သူ့နောက်သို့ လိုက်ခဲ့ရန် ခေါ်ပြီး ရှေ့က ထွက်သွားရာ တင်မြနွယ်က မျောက် ကောင်ကြီး၏နောက်သို့ ထ၍ လိုက်သွားရလေ၏။

သူတို့နှစ်ဦးသည် အိမ်ပေါ်မှ အိမ်အောက်သို့ ရောက် ကြလေပြီး ခွေးအူသံများမှာ ဆူညံနေတော့သည်။

တစ်ရွာလုံးမှာလည်း အိပ်မောကျနေသောကြောင့် ဤမျှ ဆူညံစွာ အူနေသော အသံများကို သိရှိဟန် မတူကြချေ။

တင်မြနွယ် တစ်ယောက်မှာလည်း စိတ်ညှို့ခံနေရ သူ တစ်ယောက်ပမာ အစောင့်မျောက်ကြီး ခေါ်ရာသို့ လိုက်ပါနေ တော့သည်။

ညမှာ လဆန်းရက်ဖြစ်သောကြောင့် လ၏ အလင်း ရောင်လေးသည် မှုန်တိမှုန်းမွှားသာယာနေ၏။ အစောင့်မျောက် ကြီးက ပိန္နဲပင်ကြီးတစ်ပင်အောက် ရပ်တန့်လိုက်သည်နှင့် တစ်ပြိုင် နက် နန်းဥမ္မာသည် သူတို့နှစ်ဦးရှေ့မှ ပေါ်ပေါက်လာလေ၏။

နန်းဥမ္မာမှာ ဒေါသခက်ထန်သော မျက်နှာထားနှင့် တင်မြနွယ်အား စူးစူးစိုက်စိုက် ကြည့်ရှုလိုက်သည်။

ပြီးနောက် နန်းဥမ္မာသည် လက်တစ်ဖက် ဆန့်တန်း လျက် တင်မြနွယ်၏ မျက်နှာကို သပ်လိုက်ရာ တင်မြနွယ်မှာ သတိမေ့နေရာမှ သတိရလာသကဲ့သို့ ဖြစ်လာပြီး ကြောက်ရွံ့တုန် လှုပ်သော အမူအရာနှင့် နန်းဥမ္မာအား ကြည့်ရှုလိုက်သည်။

"တင်မြနွယ် ... တင်မြနွယ် ... ငါ့အချစ်ကို လုတဲ့ တင်မြနွယ်၊ ငါ့အသည်းနှလုံးတွေ လောင်မြိုက်အောင်လုပ်တဲ့ တင်မြနွယ်"

နန်းဥမ္မာက တင်မြနွယ်အား မခန့်လေးစား အမူအရာဖြင့် ပြောလိုက်လေသည်။

တင်မြနွယ် တစ်ယောက်မှာ ဘာကို ပြန်ပြောရမှန်း မသိအောင် ဖြစ်နေတော့သည်။

"ဒီမယ် တင်မြနွယ်၊ ငါ့မျက်နှာ သေသေချာချာကြည့်စမ်း၊ ငါ ဘယ်သူလဲဆိုတာ"

တင်မြနွယ်က နန်းဥမ္မာ၏ မျက်နှာကို ကြောက်ရွံ့စွာနှင့် ကြည့်လိုက်သည်။ သို့သော် ဘာမှ မပြောဝံ့ဘဲ ငြိမ်သက်၍ နေပေသည်။

"နင် ငါ့အချစ်ကို လုတယ် မဟုတ်လား"

တင်မြနွယ်မှာ ငြိမ်သက်လျက်ပင် ရှိလေသည်။

"ဟဲ့ ... ကောင်မ တင်မြနွယ် မေးနေတာ မကြားဘူးလား၊ ညည်းက ငါ့အသည်းနှလုံးကို မီးနဲ့ မြိုက်နေသူ မဟုတ်လား"

တင်မြနွယ်က ပါးစပ်မှ မပြောဘဲ နန်းဥမ္မာကိုသာ စိုက်ကြည့်လျက် သူ ဘာမှ မသိသကဲ့သို့ ခေါင်းကို တွင်တွင်ကြီး ခါလျက်ရှိလေသည်။





"ဘာခေါင်းခါနေတာလဲ၊ နင် ငါ့ကို စိတ်မချမ်းမြေ့အောင် လုပ်နေတဲ့ကောင်မ၊ နင့်ကိုလည်း ငါ စိတ်မချမ်းမြေ့အောင် လုပ်ရလိမ့်မယ်"

"ကျွန်မ ဒါတွေ ဘာမှ မသိရပါဘူး အရှင်မရယ်၊ ကျွန်မကို ချမ်းသာပေးပါ"

ဟု တင်မြနွယ်က ငိုယိုလျက် နန်းဥမ္မာကို တောင်းပန်စကား ပြောလိုက်လေသည်။

နန်းဥမ္မာမှာ တင်မြနွယ် စကားကို ကြားလိုက်ရသည်နှင့် မခန့်လေးစား ဟားဟားပက်ပက် ရယ်မောလိုက်လေသည်။

"ဘာလဲ ... နင်က ခုမှ မသိပါဘူးလဲ၊ ဟိုတစ်ခါ ငါ အိပ်မက်ပေးပြောခဲ့တာတွေ သတိမရတော့ဘူးလား"

"သတိရပါတယ် သခင်မရယ်၊ ကျွန်မ ကြောက်လှပါပြီ"

"ခုမှ ကြောက်နေသလားဟင်၊ အစက နင် မသိဘူးလား"

"ဒါတွေကို ကျွန်မ မသိခဲ့လို့ပါ သခင်မရယ်၊ ကျွန်မကို ချမ်းသာပေးပါတော့"

ဤတွင် နန်းဥမ္မာဆိုသည့် မိန်းမပျိုမှာ ဟားဟားပက်ပက် ရယ်မောလိုက်ပြန်လေသည်။

ထိုသို့ နန်းဥမ္မာက ရယ်မောလိုက်သောအသံမှာ တင်မြနွယ်၏ အသည်းနှလုံးများ လွင့်ပျောက်လုမတတ်ပင် ကြောက်ရွံ့သွားလေသည်။

"ချမ်းသာမပေးနိုင်ဘူး တင်မြနွယ်၊ နင်က အကြောင်းမသိလို့ မိုက်မှားမိပေမဲ့၊ နင့်ကို ငါ ချမ်းသာပေးရင် ငါ့အဖို့ မှုဆွေးသောက ရောက်စရာတွေ ဆုံးမှာ မဟုတ်တော့ဘူး သိရဲ့လား၊ နင့်ရုပ်ရည်ကလေးက ချောမောလှပနေတော့ ကိုသိခ်ကု နင့်ကို ချစ်မိကြိုက်မိမှာပဲ၊ ဒီတော့ နင့်ကို ဘယ်သူမှ မချစ်ဝံ့ မကြိုက်ဝံ့အောင် ငါ လုပ်ထားရလိမ့်မယ်"

နန်းဥမ္မာ၏ ကြိမ်းဝါးသော စကားမှာ ကြောက်မက်ဖွယ်ကောင်းလှပေတော့သည်။

ထို့ကြောင့် တင်မြနွယ်မှာ နေစရာမရှိအောင်ပင် တုန်လှုပ်နေတော့၏။

နန်းဥမ္မာသည် သူမအား တစ်စုံတစ်ရာ ပြုလုပ်တော့မည်ကို သူမက သိနေပေတော့သည်။

"ချမ်းသာပေးတော်မူပါ သခင်မရယ်၊ ကျွန်မ မသိလို့ မိုက်မှားမိတာကို ရှိခိုးပြီး တောင်းပန်ပါတယ်"





တင်မြနွယ်က ငိုယိုရင်းဖြင့် လက်အုပ်ချီကာ ရှိခိုးပြီးလျှင် နန်းဥမ္မာ၏ ခြေသလုံးကို ပြေး၍ ဖက်လိုက်လေသည်။

သို့သော် နန်းဥမ္မာက နောက်သို့ ဆုတ်၍ ရှောင်ရှားလိုက်သဖြင့် မမိဘဲ မြေကြီးပေါ်သို့ မှောက်ရက်သား လဲကျသွားလေ၏။

"ချမ်းသာပေးတော်မူပါ သခင်မရဲ့၊ ကြောက်လှပါပြီ၊ ကျွန်မကို ပြန်လွှတ်ပါ သခင်မရဲ့"

"မလွှတ်နိုင်ဘူး၊ မလွှတ်နိုင်ဘူး၊ နင့်ကို ဒီအတိုင်း မလွှတ်နိုင်ဘူး၊ နင့်ကို ဒီအတိုင်း ပြန်လွှတ်ရင် ငါ့အသည်းနှလုံးတွေ မီးလောင်ရဦးမှာပဲ"

ဤတွင် တင်မြနွယ်မှာ မြေကြီးပေါ်၌ လူးလှိမ့်၍ ငိုနေရရှာတော့သည်။

သူ့မိဘနှစ်ပါးကိုလည်း မျက်စိထဲတွင် တရေးရေး မြင်ယောင်မိဘည်သာမက သူ့ချစ်သူ မောင်ဝမ်းဇော်လည်း ပေါ်လာပြန်လေသည်။

"အဖေတို့ အမေတို့ရေ သမီးဖြစ်ပုံဆို ကြည့်လှည့်စမ်းပါဦး၊ အဖေတို့ အမေတို့ရဲ့"

တင်မြနွယ်သည် မိဘနှစ်ပါးကို တမ်းတကာ ငိုကြွေးမြည်တမ်းလိုက်ပြန်သည်။

နန်းဥမ္မာမှာ တင်မြနွယ်၏ ဖြစ်ပျက်ခဲ့ပုံများကို ကျေနပ်သည့်အသွင်ဖြင့် ရှုကြည့်နေလေသည်။

"ဟဲ့ ... ကောင်မ၊ ငိုမနေနဲ့၊ နင့်ကို ဘယ်သူမှ လာကယ်မှာ မဟုတ်ဘူး၊ နင့်ကို လူမှန်းမသိဘဲ လူစိတ်ပျောက်ရူးသွပ်နေအောင် လုပ်ထားရမယ်၊ ဒါမှ ငါ့ချစ်သူ ကိုသိန်းဟာ နင့်ကို အလိုလိုနေရင်း အချစ်တွေပျယ်ပြီး မုန်းသွားမှာအေးမယ်၊ ဒါကြောင့် မနက်မိုးလင်းတာနဲ့ လူစိတ် ပျောက်ပြီး ရူးရစေမယ်"

နန်းဥမ္မာသည် ပြောပြောဆိုဆိုဖြင့် သူ၏ ညာလက်ဖြင့် တင်မြနွယ်အား ဝှေ့ယမ်းလိုက်ရာ လက်မှ မီးကဲ့သို့ ထွက်လာပြီးလျှင် တင်မြနွယ်မှာ အိပ်ပျော်သည့်ပမာ သတိလစ်သွားလေသတည်း။



အချိန်မှာ မိုးထိန်ထိန်လင်းလျက် ရှိလေသည်။ ဆွမ်းခံချိန်လောက်တွင် တစ်ရွာလုံး အုံးအုံးကြွက်ကြွက်နှင့် ဆူညံနေတော့သည်။

ရွာသူ ရွာသားများမှာလည်း တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုဝေဖန်လျက် ရှိကြလေသည်။

ထိုသို့ ဖြစ်ရခြင်းအကြောင်းမှာ ဆင်ငယ်ပြေးကုန်းရွာတွင် အချောဆုံး အလှဆုံး ရွာမျက်နှာဖုံး ကွမ်းတောင်ကိုင်ဟု သမုတ်ထားသော အပျိုချောမလေး တင်မြနွယ်မှာ အိမ်မှ ပျောက်ဆုံးနေခြင်းကြောင့် ဖြစ်ပေသည်။

တင်မြနွယ်၏ အမေ ဒေါ်ငွေညွန့်သည် အိပ်ရာမှ နိုးနိုးခြင်း သမီးဖြစ်သူ၏ အိမ်ခန်းထဲသို့ ဝင်လာရာ မမြင်မတွေ့ရာမှ စတင်သိရခြင်းဖြစ်သည်။

သမီး တင်မြနွယ်ကို မမြင်သည်နှင့် လင်ယောကျ်ားဖြစ်သူ ဦးပိန်အား ချက်ချင်း သွားပြောပြီးလျှင် မိဘနှစ်ပါးမှာ ခေါင်းမြီးပေါက်ခံရသည့်ပမာ ဖြစ်နေကြ၏။

သူတို့ အထင်တွင် တင်မြနွယ်သည် မိဘစကားနားထောင်လေဟန်ဖြင့် သူ့ချစ်သူနောက် လိုက်သွားခြင်းဖြစ်မည်ဟု တွေးသောအခါ ဖခင်ကြီး ဦးပိန်မှာ ဒေါသအမျက် ချောင်းချောင်းထွက်ရုံမျှမက ရှက်ခြင်းမက ရှက်၍နေပေသည်။

သို့ရာတွင် တယ်ပုံအယ်နည်းနှင့် လိုက်သွားသည်ကို သိလိုပြန်သဖြင့် အခန်းတွင်းသို့ ဖခင်ကြီးကိုယ်တိုင် ဝင်ကြည့်ရာ အံ့အားသင့်သွားရပြန်လေသည်။

တင်မြနွယ်၏ အိပ်ရာမှာ စောင်တခြား ခေါင်းအုံးတခြားနှင့် ဖရိုဖရဲ မွစာကြဲနေတော့သည်။

သို့အတွက်ကြောင့် သူ့သမီးသည် သူ့သဘောဆန္ဒနှင့် လိုက်သွားပုံမပေါ်။

အတင်းအဓမ္မ လာရောက်ခိုးသဖြင့်သာ လိုက်ပါသွားရခြင်း ဖြစ်မည်ဟု တစ်ဖန် ယူဆပြန်ပြီး မောင်ဝမ်းဖော်နှင့် မောင်သာလှတို့ သားအဖတစ်စုအား ဒေါသဖြစ်မိပြန်လေသည်။

တင်မြနွယ်၏အနမ ဒေါ်ငွေညွှန့်မှာ လင့်နောက်လိုက်သွားသည်ဆိုကာ ...

"အမိုက်မကြီးရဲ့ မိုက်လုံးကြီးလှချည်လား"

ဟု တမ်းတလျက် ငိုကြွေးနေရာ ...





ဦးပိန်က မာန်မဲဆဲဆိုသဖြင့် အသံမထွက်ရဲဘဲ ကျိတ်၍ ငိုနေရတော့သည်။

သို့ရာတွင် အိမ်ခြေနည်းပါးသော တောရွာလေးများသဘာဝအတိုင်း အိမ်တစ်အိမ်၌ အကြောင်းတစ်စုံတစ်ရာ ဖြစ်လျှင် တစ်ရွာလုံး ချက်ချင်း သိသွားကြသည့်သဘောအတိုင်း အစောပိုင်းက တင်မြနွယ်၏ မိဘနှစ်ပါးသာ ကျိတ်၍ ဖြစ်ပျက်နေသော်လည်း မကြာမီပင် တင်မြနွယ်တစ်ယောက် လင်နောက် လိုက်သွားပြီဆိုသော သတင်းဆိုးကြီးမှာ ပြန့်နှံ့လာပေတော့သည်။

ထိုသတင်းဆိုးကြီး တစ်ယောက်စကား တစ်ယောက်နားသို့ ကြားလျှင်ကြားချင်း တင်မြနွယ်တို့အိမ်ဆီ အရောက်ပြေးလာသူမှာ အပျိုကြီး ခင်စုရီနှင့် အပျိုခေါင်းဖြစ်သူ မခင်ထွေးမြင့်တို့ပင် ဖြစ်သည်။

အထူးသဖြင့် အပျိုကြီး ခင်စုရီမှာ ထိုသတင်းကို ကြားလျှင်ကြားချင်း အကြီးအကျယ် အံ့အားသင့်သွားရုံမျှမက မယုံကြည်နိုင်အောင်ပင် ဖြစ်သွားလေသည်။

"ခင်စုရီရယ် ... နင့်ကို ယုံလို့ ပုံအပ်ကာမှ ခုလို ဖြစ်ရတာ ငါတော့ အသည်းနာလှသကွယ် ... တောက်"

ဦးပိန်က ခင်စုရီအား လှမ်း၍ အပြစ်တင်လိုက်သဖြင့် ခင်စုရီမှာ အသက်ရှုပင် မှားမတတ် ဖြစ်သွားတော့သည်။

"ကျွန်မလည်း ဘာမှ မသိရပါဘူး ဦးလေးရယ်၊ ကျွန်မ သူ့ကို နားချလို့ ကျွန်မစကားကို နားထောင်ပါ့မယ်လို့တောင် ပြောပြီးနေမှ"

ဖခင် ဦးပိန်မှာ သမီးဖြစ်သူကို အသည်းနာလိုက် မောင်ဝမ်းဇော်တို့ သားအဖ တစ်စုအား ဒေါသဖြစ်လိုက်နှင့်၊ တောက်ခေါက်လိုက်၊ သက်ပြင်းကြီးချလိုက်နှင့် ဖြစ်နေပေသည်။

ဒေါ်ငွေညွန့်မှာ လင်ယောကျ်ားကြီးဖြစ်သူ ဦးပိန် အနီးတွင် ထိုင်၍ ငိုကြွေးနေသည်။ အပျိုကြီး ခင်စုရီမှာလည်း ဘာမသိ ညာမသိနှင့် မိမိအပေါ် အပြစ်ဖို့ခံရသဖြင့် မကျေမနပ် ဖြစ်နေ၏။

သို့သော် တင်မြနွယ်သည် သူ့သဘောနှင့်သူ ပြုလုပ်လိမ့်မည်ကား မဟုတ်ဟု ခင်စုရီ ယုံကြည်၏။

ဲ့ သို့အတွက် ယခုကိစ္စတွင်လည်း တင်မြနွယ် လိုက်ချင်၍ လိုက်သွားသည်ဟု မထင်မိချေ။

ထို့အပြင် ခိုးရာလိုက်ဖို့ကိစ္စတွင်လည်း ရှေးဦးစွာ အချိန်းအဆက် လုပ်ပြီးမှ လိုက်ရမည်ဖြစ်သဖြင့် ယခု တင်မြနွယ် နှင့် မောင်ဝမ်းဇော်တို့ အချိန်းအဆက်လုပ်ဖို့ ကိစ္စမှာလည်း မလွယ်ကူကြောင်း သိရသည်ဖြစ်ရာ မခံမရပ်နိုင်အောင် ဖြစ်နေပေသည်။





"ဒီကိစ္စ ကျွန်မ မကျေနပ်နိုင်ဘူး ဦးလေး၊ ညီမလေး တင်မြနွယ်ဟာ ဘာလုပ်လုပ် ကျွန်မကို မတိုင်ပင်ဘဲ မလုပ်ဝံ့ဘူးဆိုတာ ကျွန်မ သိတယ်၊ တကယ်လို့ တင်မြနွယ် လိုက်သွားရိုးမှန်ရင် အတင်းအဓမ္မ လာခိုးလို့သာ ပါသွားတာ ဖြစ်ရမှာပဲ၊ ကျွန်မ ရွာထဲ ထွက်ပြီး စုံစမ်းဦးမယ်"

ဟု အပျိုကြီး ခင်စုရီက မကျေမနပ် မခံမရပ်နိုင်သဖြင့် ဦးပိန်နှင့် ဒေါ်ငွေညွန့်တို့အား ထိုသို့ ပြောဆိုပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေသည်။

ဦးပိန်၊ ဒေါ်ငွေညွန့်တို့အိမ်မှ ထွက်လာလျှင် ရွာသူရွာသားအချို့က လိုက်၍ မေးကြ၊ မြန်းကြ လုပ်သဖြင့် အပျိုကြီး ခင်စုရီက ဒေါသထနှင့် အော်ငေါက်ပစ်ရသေးသည်။

"ကွမ်းတောင်ကိုင် အချောအလှမလေး တင်မြနွယ်တစ်ယောက် လင်နောက်လိုက်သွားပြီ"

ဟု ရွာသူရွာသားများက ပြောဆိုနေကြသော်လည်း တင်မြနွယ်နှင့် မောင်ဝမ်းဇော်တို့ သမီးရည်းစား ဖြစ်နေကြောင်းကို မသိကြသဖြင့် မောင်ဝမ်းဇော်ကိုကား ဝတ်ဝန်းကျင်မှ မထင်ကြချေ။

ဆင်ငယ်ပြေးကုန်းရွာမှ ဘယ်ကာလသား ပျောက်နေသည်၊ ဘယ်သူ ရှိရဲ့လားဟု စသဖြင့် အချင်းချင်း စုံစမ်းနေကြပြန်လေသည်။

အထူးသဖြင့် ရွာကာလသားပိုင်းက ပိုမိုလှုပ်ရှားနေတော့သည်။ အချို့က 'ယုံထင် ကြောင်ထင်' ထင်မိကြမစေရန် ပုန်းကွယ်နေသလိုလို ရှောင်တိမ်းနေသလိုလို လုပ်နေကြသေး၏။

ဤသူတွေထဲတွင် ပိုမို၍ လှုပ်ရှားနေသူမှာ ရွာကာလသားခေါင်း တင်ငွေပင်ဖြစ်သည်။ တင်ငွေမှာ ဤကိစ္စမျိုးတွင် မိမိ မသိဘဲ ဘယ်သူမှ မလုပ်ဟု ယူဆထားသူပင်ဖြစ်သည်။

ရွာထဲတွင် မိန်းမခိုးသော ကာလသားတိုင်းပင် ကုန်းရွာသား တင်ငွေကို လာရောက်တိုင်ပင်ရ၏။ တင်ငွေက ကာလသားခေါင်းပီပီ ဦးဆောင်ဦးရွက်လုပ်၍ ခိုးပေးရလေသည်။

ထို့ကြောင့် ယခုကိစ္စ ကြားလိုက်ရသော တင်ငွေတစ်ယောက်မှာ သူ မသိလိုက်ရသဖြင့် မခံမရပ်နိုင်အောင်ပင် ဖြစ်နေတော့သည်။

"တို့ရွာက ကွမ်းတောင်ကိုင် အချောအလှမလေး တင်မြနွယ်ကို ဘယ်သူခိုးတယ်ဆိုတာ မကြာခင် ကြားသိရစေမယ်"

ဟု ကြိမ်းဝါးလျက် တင်ငွေကလည်း အပြင်းအထန် စုံစမ်းတော့၏။

သို့ဖြင့် ရွာထဲတွင် ကာလသားများ စုရုံး လုပ်နေသည့်ကြားမှပင် ခင်စုရီမှာ မျက်နှာပူပူနှင့် ဖြတ်ကျော်လာရပြီး ရွာလယ်ခေါင်ရှိ မောင်ဝမ်းဇော်တို့အိမ်ဆီသို့ ရောက်ရှိလာခဲ့လေသည်။





သူမ ခင်စုရီသည် မောင်ဝမ်းဇော်တို့ သားအဖနေထိုင်လျက်ရှိသော အိမ်ထဲသို့ ရောက်ရှိခဲ့လေသည်။

ထိုအချိန်တွင် သားအဖသုံးယောက်မှာ အိမ်ဦးခန်းတွင် ထိုင်ကာ လက်ဖက်ရည်ကြမ်း သောက်နေကြသည်။

ခင်စုရီ ဝင်လာသည်ကို တွေ့ရသောအခါ သားအဖသုံးဦးလုံးပင် အံ့အားသင့်သွားလေသည်။

အကြောင်းမှာမူ အပျိုကြီး ခင်စုရီသည် ထိုသို့အိမ်သို့ လာရောက်ဖူးသူ မဟုတ်သည့်အပြင် ယခုကဲ့သို့ နံနက်စောစောကြီး ပေါက်လာသဖြင့် ကိစ္စထူးတစ်ရပ်ကြောင့်ပင် ဖြစ်မည်ဟု သားအဖသုံးဦးသားက တွေးလိုက်သည်။

မောင်ဝမ်းဇော်ကမူ တင်မြနွယ်ကိစ္စပင် ဖြစ်ရမည်ဟု အတတ်တွေးလိုက်လေသည်။

အပျိုကြီး ခင်စုရီသည် အိမ်ထဲသို့ ဝင်လာပြီးလျှင် မောင်ဝမ်းဇော်တို့ သားအဖသုံးဦးကို ဂရုမထားဘဲ အိမ်ထဲသို့ မျက်စိရောက်သွားပြီး တင်မြနွယ်ကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်လိုက်သေး၏။

"ဟဲ့ ... ဟဲ့ ... တူမကြီး ခင်စုရီ၊ စောစောစီးစီး ဘယ်က ပေါက်လာတာလဲ၊ လာ ... လာ ... လက်ဖက်ရည်ကြမ်း သောက်ရအောင်"

ဟု ဦးတင်အုန်းက မခင်စုရီအား လှမ်း၍ ခေါ်လိုက်သည်။

လူပျိုကြီး ကိုသာလှကမူ အပျိုကြီး ခင်စုရီကို ကြည့်လျက် မချိုမချဉ် မျက်နှာပေးကိုသာ ပေးနေလေပြီး ...

"ဟော ... ခင်စုရီကြီးပါလား၊ လာဟာ ရေနွေးကြမ်း သောက်ရအောင်"

ဟု လှမ်းခေါ်လိုက်ပြန်သည်။

ထိုအခါ ခင်စုရီသည် မောင်ဝမ်းဇော်တို့ရှိရာသို့ ရောက်ခဲ့လေသည်။ သူမက မောင်ဝမ်းဇော် အကဲကို ခတ်နေပြန်၏။

သို့သော် မောင်ဝမ်းဇော်မှာ ဘာမှ ထူးခြားပုံမပေါ်ဘဲ အေးဆေးတည်ငြိမ်စွာ ထိုင်နေတော့သည်။

"ကိစ္စရှိလို့လား တူမကြီး ခင်စုရီ"

ဦးတင်အုန်းက မခင်စုရီအား လာရင်းအကြောင်းကိစ္စကို မေးလိုက်သည်။

ကိုသာလှက မခင်စုရီ သောက်ရန် လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။ မောင်ဝမ်းဇော်က ငေးစိုက်၍ ကြည့်နေသည်။

ခင်စုရီက ဦးတင်အုန်း၏ အမေးကို ဘာပြန်ပြောရမှန်း မသိအောင် ရင်ထဲတွင် ထိတ်ထိတ်ပျာပျာ ခုန်နေလေသည်။





သူမ စိတ်ထဲတွင် တင်မြနွယ်ကို မောင်ဝမ်းဇော် ခိုးသွားပြီး တစ်နေရာ၌ ဖွက်ထားလားဟု သံသယစိတ်လည်း ဖြစ်နေလေသည်။

"ကျွန်မ ဦးလေးပိန်နဲ့ ဒေါ်ငွေညွှန့်တို့အိမ်က လာခဲ့တာ ပါ"

အပျိုကြီး ခင်စုရီက မယုတ်မလွန် စကားကို ပြောလိုက်သည်။ အကယ်၍ တင်မြနွယ် ခိုးခဲ့ရိုးမှန်ခဲ့ရင် သူတို့ထံမှ စကားများ ထွက်လာမည်ဟု တွက်ကိန်းနှင့် ပြောလိုက်ခြင်းပင် ဖြစ်ပေသည်။

တင်မြနွယ်တို့ အဖေအိမ်က လာခဲ့သည်ဟု စကားကို ကြားရသဖြင့် မောင်ဝမ်းဇော်က စိတ်ဝင်စားသွားလေသည်။

သိချင်စိတ်များမှာ အုပ်ထိန်းမရလောက်အောင်ပင် ပေါ်လာတော့သည်။

ဦးတင်အုန်းကမူ သူနှင့် ဦးပိန်တို့ သားရေးသမီးရေး စကားပြောခဲ့ပြီးနောက် ဦးပိန်ထံမှ ထိုကိစ္စနှင့် ပတ်သက်၍ ထပ်မံ ကြားရဦးမည်ဟု ထင်မှတ်လိုက်၏။

"အေး ... တစ်နေ့ကပဲ ဦးလေးလည်း ကိုပိန်နဲ့ သားရေးသမီးရေးကိစ္စတွေ ရှေ့မျက်နှာ နောက်ထားပြီး ပြောခဲ့ရသေးသကွယ်"

ဟု ဦးတင်အုန်းက အေးဆေးသော အမူအရာနှင့် ပြန်ပြောလိုက်ပါသည်။

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်မ ဦးလေးတို့ ပြောဆိုနေချိန်မှာ ရောက်လာတာပါပဲ၊ ဦးလေးတို့ ပြောသွားတဲ့ စကားတွေကိုလည်း ကျွန်မကို ပြန်ပြောလို့ အကုန်သိရပါတယ်၊ ဒါပေမဲ့ ကျွန်မ အခုလာတဲ့ကိစ္စက အဲဒီ တင်မြနွယ်ရဲ့ ၃ကိစ္စပါပဲ"

တင်မြနွယ်အတွက်ဟု ဆိုသောကြောင့် တင်မြနွယ်က များ အပျိုကြီး မခင်စုရီကို မိမိဆီ လွှတ်လိုက်လေသလားဟု မောင်ဝမ်းဇော်က တွေးမိကာ စိတ်ကြည်လင်သွားတော့သည်။

"တင်မြနွယ် အတွက်က ဘယ်လိုလဲကွယ့်၊ တစ်နေ့က ဦးပိန်တစ်ယောက် စကားကို အပြတ်ကြီး ပြောလွှတ်လိုက်ပြီး ဘာအကြောင်းထူးသေးလို့လဲ"

ဟု ဦးတင်အုန်းက ထပ်၍ မေးနေပြန်သဖြင့် ခင်စုရီက တင်မြနွယ်ကို သူတို့ နိုးခြင်း မဟုတ်ကြောင်း အကဲခတ်လိုက်မိလေသည်။

"တင်မြနွယ်တစ်ယောက် အိမ်က ပျောက်သွားတဲ့ကိစ္စပေါ့"

ဟု စကားကို မတင်မကျ ပြောလိုက်လေသည်။

"ဟင်"





သားအဖသုံးဦးမှာ မျက်လုံးပြူး၍ တစ်ပြိုင်နက် အံ့အားသင့်သွားကြလေသည်။

"တင်မြနွယ် ဘာဖြစ်သလဲ"

ဟု မောင်ဝမ်းဇော်က ပျာပျာသလဲ ထ၍ မေးလိုက်သည်။

ခင်စုရီက သူတို့သားအဖသုံးဦးသည် တကယ်ပင် တင်မြနွယ်အကြောင်း မသိရှာသေးဟု ယုံကြည်သွားကာ ...

"တင်မြနွယ် အိမ်မှာ မရှိတော့ဘူး ဦးလေးရဲ့၊ ခုမနက် မိုးလင်းမှ မရှိမှန်း သိရတယ်၊ ဦးလေးဦးပိန်နဲ့ အရီးဒေါ်ငွေညွန့်တို့တော့ ခေါင်းမြှေပေါက်ခံရသလို ဖြစ်နေကြပြီရှင့်"

ဦးတင်အုန်းမှာ တင်မြနွယ် အိမ်မှာ မရှိတော့ဟူသော စကားကို ကြားသည်နှင့် အကြီးအကျယ် စိုးရိမ်ပူပန်သွားလေသည်။

မောင်ဝမ်းဇော်မှာမူ သတိမေ့သွားမတတ် မိုက်ကန်ဖြစ်သွားတော့သည်။

"တကယ်လား တူမကြီး ခင်စုရီရဲ့"

"တကယ်ပါပဲ ဦးလေး၊ ဦးလေး ဦးပိန်က သူ့သမီးကို ဟောဒီ မောင်ဝမ်းဇော် လာခိုးပါတယ်လို့ ထင်ပြီး ဒေါပွနေတယ်၊ ဒါကြောင့် ကျွန်မကလည်း ဟုတ်မဟုတ် စုံစမ်းရအောင် လာတာ"

မောင်ဝမ်းဇော်မှာ ထိုစကားကို ကြားလျှင် နေမထိ ထိုင်မထိ ဖြစ်နေတော့သည်။ မျက်နှာမှာလည်း ငိုတော့မလိုနှင့် ထိန်းမရနိုင်အောင် မျက်နှာပျက်နေလေသည်။

"အံမယ် ... ဒီလိုဆိုရင်တော့ ငါတို့ ခေါင်းငုံ့ခံနေလို့ မဖြစ်ဘူး၊ သင်းသမီး ပျောက်တာနဲ့ ငါ့သား ခိုးတယ်လို့ သင်းတို့က စွပ်စွဲရသလား၊ သင်းပဲ တစ်နေ့က ပြတ်ပြတ်သားသား ပြောလွှတ်လို့ ပြန်ခဲ့ရပြီဟော့၊ ငါ မခံဘူးကွ၊ ငါ အခု လိုက်ရှင်းမယ်"

ဦးတင်အုန်းမှာ ဒေါသများပင် ထွက်လာလေတော့သည်။

ခင်စုရီမှာ မိမိ ဤသို့ ပြောလိုက်မိသည်ကိုပင် မှားသွားလေပြီလားဟု ထင်မှတ်မိတော့သည်။

"ဒေါသကို ရှေ့မထားပါနဲ့ ဦးလေးရယ်၊ တင်မြနွယ်ကို မောင်ဝမ်းဇော်မှ မခိုးရင် သူ့ဟာသူ စိတ်ညစ်လို့ပဲ သုတ်သေသလား၊ ဒါမှမဟုတ်ရင် လူမဲ့သမားတွေ လာခေါ်သွားသလား တစ်ခုခုတော့ ဖြစ်မှာပဲ"

ခင်စုရီက ထိုသို့ ပြောလိုက်မှပင် ဦးတင်အုန်းမှာ ငြိမ်သက်သွားလေသည်။

"ဟုတ်တယ် ခင်စုရီ၊ နင် ပြောသလို ဖြစ်နိုင်တယ်၊ လာ... ငါတို့ပါလိုက်ခဲ့မယ်၊ ဒီကိစ္စ အရေးကြီးတယ်"





ဦးတင်အုန်းသည် ပြောပြောဆိုဆို ထိုင်ရာမှထကာ မခင်စုရီနောက်သို့ လိုက်လေသည်။

မောင်ဝမ်းဇော်နှင့် ကိုသာလှတို့မှာလည်း မနေရစ်တော့ဘဲ ဖခင်ကြီးနှင့်အတူ ထ၍ လိုက်လာကြသည်။

ဆင်ငယ်ပြေးကုန်းရွာတွင် တီးတိုးစကားပြောဆို၍ တင်မြနွယ်လေးအကြောင်းကို စေဖန်ပြောဆိုနေကြလေရာ ...

အပျိုကြီး မခင်စုရီနှင့် ဦးတင်အုန်းတို့သားအဖ သုံးယောက် သုတ်သီးသုတ်ပျာနှင့် လျှောက်သွားကြသည်ကို မြင်သောအခါ ရွာသူရွာသားတို့မှာလည်း မစဉ်းစား၊ မတွေးတောကတတ်အောင် ဖြစ်နေတော့သည်။

ခင်စုရီနှင့် ဦးတင်အုန်းတို့ သားအဖ ရွာထဲမှ လိုက်လာသောလူသိုက်တို့သည် ဦးပိန်တို့အိမ်ဆီသို့ ရောက်ကြပါပြီ။

ဦးပိန်မှာလည်း ဦးတင်အုန်းတို့သားအဖ အစုံအညီ မျက်နှာကို မြင်လိုက်ရသောအခါ အံ့အားသင့်သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ ဦးပိန်"

ဟု ဦးတင်အုန်းက ပြောင်ပြောင်ပင် မေးလိုက်လေသည်။

အမှန်တကယ်တွင်တော့ ဦးပိန်တစ်ယောက်မှာ သမီးရှင်ပီပီ အပြောရလည်းကျုပ်နေသည်။ ရှက်လည်းရှက်နေတော့သည်။

"ကျုပ်လည်း မတွေးတတ်တော့ဘူး ဦးတင်အုန်း၊ ကျုပ်သမီးကို မသမာသူတွေက အဓမ္မနည်းနဲ့ ခိုးသွားကြမှာပဲ၊ ကျုပ်သမီးက အလိုတူလို့ လိုက်သွားတာမျိုးတော့ မဟုတ်တန်လောက်ဘူးဗျ"

ဟု ပြောကာ ဦးပိန်သည် ဦးတင်အုန်းတို့ သားအဖနှင့် လူသိုက်အား သူ့သမီးအိပ်ရာကို ပြသလေသည်။

မိန်းကလေး တင်မြနွယ်၏ အိပ်ရာထဲတွင် ခေါင်းအုံးနှင့် စောင်များမှာ ညက ရန်းကန်လူးလိမ့်ထားရသည့်အတိုင်းပင် ဖရိုဖရဲ ကြဲနေသည်ကို တွေ့ရလေသည်။

ဖြစ်ပျက်နေပုံ မြင်ကွင်းကို ကြည့်၍ ဦးတင်အုန်းတို့ သားအဖတစ်တွေမှာ မျက်လုံးပြူးသွားကြလေသည်။

ထိုအချိန်တွင် ရွာထဲမှ ရွာလူကြီး ရွာခေါင်း၊ ကာလသားခေါင်း တင်ငွေတို့ပါ ဦးပိန် ဒေါ်ငွေညွန့်တို့အိမ်သို့ ရောက်လာကြလေသည်။

သူတို့အားလုံးသည် ကွမ်းတောင်ကိုင် အချောအလှမလေး တင်မြနွယ်တစ်ယောက် ပျောက်သွားသည်ကို သိထားကြသည့်အတိုင်း သူတို့နည်း သူတို့ဟန်နှင့် လိုက်လံစုံစမ်းပြီးခဲ့ကြလေပြီ။





"ကျုပ်တို့တစ်တွေ ဒီရွာတစ်ရွာလုံးမပြောနဲ့ ဒီအနီးအနားရွာတွေတောင် စုံစမ်းပြီးခဲ့ကြပြီ ဦးပိန်ရေ၊ ဘယ်မှ သတင်းမကြားဘူး"

ရွာလူကြီးဖြစ်သူက ပြောလိုက်ရာ ကာလသားခေါင်း တင်ငွေကလည်း ...

"ဟုတ်တယ် ဦးလေး၊ ကျွန်တော်တို့လည်း စုံစမ်းတာနဲ့နေပြီ"

ထိုသို့သော စကားများကို ကြားရသောအခါ မိဘနှစ်ပါးဖြစ်သူတို့မှာ သမီးအတွက် စိုးရိမ်ပူပန်စိတ်များ ပိုကဲလာလေတော့သည်။

သူ့အလိုအလျောက် စိတ်ညစ်၍ တစ်စုံတစ်ခု ပြုလုပ်လျှင် ဤကဲ့သို့ အိပ်ရာထဲတွင် ပွစာကြဲနေအောင် ဖြစ်ကျန်ရစ်ခဲ့မည်မဟုတ်။

လူမသမာတစ်ဦးဦး၏ လက်ချက်ပင် ဖြစ်ရမည်ဟု အတတ်တွေးလိုက်လေသည်။

"မဖြစ်ဘူး ... မဖြစ်ဘူး ... ဒီလိုတွေးနေလို့ ပြောနေကြလို့လည်း အချိန်ကုန်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီရွာအနီးအနားတစ်ဝိုက်မှာ လူစုပြီး လိုက်ရှာရင် ကောင်းမယ်ထင်တယ်"

ဦးတင်အုန်းက အကြံဉာဏ်ပေးလိုက်သည်ကို အားလုံးက သဘောတူကျေနပ်ခါ တင်မြနွယ်ကို ရှာဖွေရန် ရွာထဲတွင် မောင်းထု၍ လူစုလိုက်လေသည်။

"ဒိုး ... ဒိုး ... ဒိုး ... ဒိုး"

သူကြီးအိမ်မှ ရွာခေါ်မောင်းကြီးကို အဆက်မပြတ် ကြားလိုက်ရသဖြင့် လုပ်လက်စအလုပ်များကို ပစ်ထားခဲ့ကာ တုတ်၊ ဓား၊ လက်နက်များကို ကိုင်ဆောင်လျက် ထွက်လာကြလေသည်။

ပထမ၌ ရွာ၏ကွမ်းတောင်ကိုင်အပျိုချောမလေး တင်မြနွယ်တစ်ယောက် ရည်းစားနောက် လိုက်ပြေးသည်ဟုပင် အယူရှိခဲ့ကြပြီး ယခုအခါတွင် တင်မြနွယ်အား အလွန်စိတ်ဝင်စားကြကာ သနားသောစိတ်၊ စိုးရိမ်သောစိတ်များ ပိုကဲလာကြလေတော့သည်။

ထိုအထဲတွင် အဆိုးဆုံးမှာကား အထူးပြောစရာပင် မလို မောင်ဝမ်းဇော်သာလျှင် ဖြစ်တော့သည်။

မောင်ဝမ်းဇော်က သူ့ချစ်သူ တင်မြနွယ်ကို ခေါ်သွားသူ ရန်သူအား မတွေ့တွေ့အောင် ရှာဖွေမည်။ ကလဲ့စားချေမည် ဟုပင် ဆုံးဖြတ်လိုက်ကြလေပြီ။





ထိုအချိန်တွင် ဒုက္ခသည်မလေး တင်မြနွယ်တစ်ယောက်မှာ လက်ပံပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ခွေရက်သား လဲကျမေ့မျောနေရာမှ တဖြည်းဖြည်း လှုးလွန့်လှုပ်ရှားလာလေသည်။

သူမ၏ မျက်လုံးအစုံတို့သည် အာကာသကောင်းကင်နှင့် အနီးပတ်ဝန်းကျင်ရှိ တောရိပ် တောင်တန်းများကို ကြည့်ရှုလိုက်သည်။

ထို့နောက်တစ်ဖန် သူ့ကိုယ်သူ ပြန်၍ ကြည့်လိုက်သည်။ ထိုအချိန်တွင် သူမ၏ မိခင်ဖခင်များကိုလည်းကောင်း၊ သူ့ချစ်သူ မောင်ဝမ်းဇော်ကိုလည်းကောင်း လုံးလုံးလျားလျား သတိမေ့ပျောက်လျက် ရှိတော့၏။

သူမ၏ ဦးနှောက်တို့သည် ထိုင်းမှိုင်းတွေဝေလျက် ရှိနေ၏။

သူမ ဘယ်နေရာ ဘယ်ဌာနတွင် ဘယ်ကဲ့သို့ ရောက်နေသည်ကိုလည်း သူက မေ့လျက်ရှိ၏။

ထို့နောက် သူမသည်ပီ ချက်ချင်းပင် ဝမ်းနည်းပက်လက် ဖြစ်သွားကာ ငိုရှိုက်နေတော့သည်။

သို့သော် သူမ ဘာကြောင့် ဝမ်းနည်းရခြင်း၏ အကြောင်းကိုလည်း သူမ မသိဖြစ်နေ၏။

ထိုဝမ်းနည်းစိတ်သည်လည်း တစ်ခဏပင်ဖြစ်သည်။ ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင်ငင်နှင့် ငိုကြွေးနေသည့်ကြားမှ အလွန်အမင်းဝမ်းသာစိတ်များ ပေါက်လာကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်၏။

ဤသို့ဖြင့် သူမ နှုတ်မှလည်း သူ့စိတ်ထဲတွင် ထင်မြင်လာသမျှသော စကားလုံးများတို့သည် တမုဟုတ်ချင်းပင် ထွက်ပေါ်နေပေ၏။ တစ်ခါတစ်ရံ သီချင်းများကိုပင် အော်ဟစ်သီဆိုနေပြန်သည်။

တင်မြနွယ်တစ်ယောက်ကား ဥပါဒါန်စိတ်ကြောင့် ဥပါဒါန် ဖြစ်သွားလေသလားမသိ၊ အိပ်မက်ထဲကအတိုင်း သူရူးဘဝသို့ ရောက်သွားလေတော့သည်။

ထို့ကြောင့် သူမသည် လက်ပံပင်ကြီးအောက်မှ ထခါ သူ့စိတ်ထင်ရာဆီသို့ လျှောက်သွားတော့သည်။





ဤသို့ဖြင့် တင်မြနွယ်တစ်ယောက် ရွာထဲမှ ထူးဆန်းစွာ ပျောက်ဆုံးသွားသဖြင့် ရွာအပြင် တောဘက်ဆီသို့ တောနင်းရှာနေကြသော ရွာသူရွာသားများမှာ တဖြည်းဖြည်း နီးကပ်စွာ ရောက်ရှိလာနေပေပြီ။

လိုက်ရှာနေကြသော ရွာသားများအားလုံးက ရွာနီးချုပ်စပ်မှ ပြန်လာကြသော ခြေလျှင်သမားများ၊ လှည်းသမားများနှင့် စက်ဘီးသမားများအား တင်မြနွယ်၏ ပုံသဏ္ဌာန်ကို ပြောပြ၍ မေးမြန်းစုံစမ်းကြသေး၏။

သို့သော် သတင်းအစအနကိုမှ မကြားရသေးသဖြင့် စိတ်ပျက်နေကြပေသည်။

ထိုစဉ် သမီးရှင်ဖြစ်သူ ဦးပိန်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း တောက်ပြင်းပြင်းတစ်ချက်ကို ခေါက်လိုက်သည်။

သူ့သမီး ပျောက်သွားသည့်ကိစ္စတွင် အိပ်မက်ထဲမှ မိန်းမပျိုကိုပင် အပြစ်ဆိုရမလို၊ မောင်ဝမ်းဇော်တို့သားအဖကြောင့် အပြစ်ဆိုရမလို ဖြစ်နေတော့သည်။

မောင်ဝမ်းဇော်၏ ဖခင် ဦးတင်အုန်းမှာလည်း မျက်နှာမသာမယာ ဖြစ်နေ၏။

သို့ဖြင့် ရွာနှင့် နှစ်မိုင်ခန့်ဝေးသော စမုံမြစ်ကမ်းတောစပ်တစ်နေရာ၌ လိုက်ရှာနေသော ရွာသားများ စိတ်ပျက်သည့်အမူအရာဖြင့် အမျိုးမျိုး ဝေဖန်ချက်ပေးနေကြစဉ် ခပ်လှမ်းလှမ်းမှ လူတစ်ယောက် ပြေးလာနေသည်။

ထိုပြေးလာသူမှာ ခုန်ပေါက်မြူးတူး၍ ပြေးနေသဖြင့် မည်သူမည်ဝါမှန်း မသဲမကွဲအောင် ဖြစ်နေကြပေသည်။

"ဟိုမှာ လူတစ်ယောက် ပြေးနေတယ်"

ဟု ရွာသားများနှင့် အတူပါလာသော ကာလသားခေါင်း တင်ငွေက လက်ညှိုးထိုးရင် ပြောလိုက်ရာ အားလုံးပင် ပြေးနေသူအား ကြည့်ရှုလိုက်ကြတော့၏။

"ဒါ ဘယ်သူလဲဟေ့ ကြည့်စမ်း၊ ခုန်လိုက်ပေါက်လိုက်နဲ့ ဘယ်လိုဟာတုံး"

တစ်ယောက်က လှမ်းနှိုးလိုက်၏။

"ယောကျ်ားလား မိန်းမလား"

"အို ... ဆံဖင်ကလည်း ဖိုးရိုးဖားရားနဲ့"

"ဟော ... ဟော ... လုံချည်က ကွင်းသိုင်းလို့ဗျာ"

မြင်ရသော ရွာသားများမှာ ခုန်ပေါက်ပြေးလွှားနေသူတစ်ဦးအား တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသည်။

ထိုခုန်ပေါက်ပြေးလွှားနေသူကား အခြားသူ မဟုတ်။ ရွာမှ ပျောက်သွားသော တင်မြနွယ်လေးပင် ဖြစ်တော့သည်။





သူမသည် လူမှန်းသူမှန်းလည်းမသိတော့၊ ရှက်ရမှန်းကြောက်ရမှန်းလည်း မသိတော့။ ဆံပင် ဖိုးရိုးဖားရားနှင့် ဖြစ်နေသည်။

"ဟဲ့ ... ဟဲ့ ... မိန်းကလေးတစ်ယောက်၊ ဟောဗျာ ... အဲဒါ တင်မြနွယ် ... တင်မြနွယ်"

ခုန်ပေါက်ပြေးလွှားနေသော တင်မြနွယ်လေးသည် ရွာသားများဘက်သို့ တည့်တည့်ပြေးလာရာ မနီးမဝေးသို့ အရောက်တွင် တင်မြနွယ်မှန်း သိသွားကြတော့သည်။

သမီးအဖြစ်ကို ကြည့်၍ ဖခင်ကြီးဦးပိန်မှာ သတိလစ်မသွားအောင်ပင် ထိန်းထားလိုက်ရသည်။

ချစ်သူ မောင်ဝမ်းဇော်ကိုယ်တိုင်မှာလည်း ယူကျုံးမရအောင်ပင် ဖြစ်သွားခဲ့လေသည်။

သို့ဖြင့် ဖခင် ဦးပိန်နှင့်တကွ ရွာသားများအားလုံးတို့သည် တင်မြနွယ်ဆီသို့ ပြေး၍ လိုက်ကြတော့၏။

ထိုအခိုက် တင်မြနွယ်သည် သူ့ရှေ့မှ ထွက်၍ ပြေးလာသော လူအုပ်ကို မည်သို့ ထင်မှတ်သွားလေသည်မသိ။

လူစုကြီး တွေ့မြင်လိုက်သည်နှင့် ထိတ်လန့်တကြားဖြစ်ခါ နောက်သို့ လှည့်၍ ပြေးလေတော့သည်။

"ဟဲ့ … သမီး တင်မြနွယ် … တင်မြနွယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဟဲ့ … သမီး အဖေ့ကို မမှတ်မိဘူးလား"

ဖခင်ကြီး ဦးပိန်းက လှမ်း၍အော်ဟစ်ရင်း ပြေးလိုက်တော့သည်။

တင်မြနွယ်မှာ ခုန်ပေါက်လျက် နောက်ကို လှည့်ကြည့်လိုက်၊ ပြေးလိုက်နှင့် ဖြစ်နေရာ ရွာသားများသည် ကြည့်မနေနိုင်တော့ဘဲ အတင်းမိမိရရ လိုက်၍ ဖမ်းဆီးလိုက်ကြရလေသည်။

ဤတွင် တင်မြနွယ်တစ်ယောက်မှာ မပြေးနိုင်ရှာတော့ဘဲ ဖမ်းဆီးရာ၌ မိသွားလေတော့သည်။

သို့သော် တင်မြနွယ်တစ်ယောက်မှာ အငြိမ်မနေ၊ ငိုလိုက်ရယ်လိုက်နှင့် လူမှန်းသူမှန်း မသိအောင် ရူးသွပ်နေရှာပါသည်။

ဝိုင်းဝန်းဖမ်းဆီးသူများအား သူ့စိတ်ထဲ ထင်ရာ စကားများကို တရစပ် ပြောဆိုနေသည်။ ရှေ့တွင် ရှိနေသည့် အဖေကိုလည်း မသိ၊ ချစ်သူ ဝမ်းဇော်ကိုလည်း မမှတ်မိတော့သဖြင့် ဖခင်ဦးပိန်က သမီးဖြစ်အင်ကို စိတ်နာကြည်းမိသလောက် မောင်ဝမ်းဇော်တွင်လည်း အဖြစ်ဆိုးတွေ ကြုံနေရတော့သည်။





သူ့ချစ်သူ တင်မြနွယ်လေးအား ရူးသွပ်သည့်ဘဝတွင် ပြန်လည်တွေ့ရသော်လည်း ခွင့်မပိုင်သဖြင့် အနီးသို့ မကပ်ရဲ မကပ်ဝံ့အောင် ဖြစ်နေရပြန်သည်။ မတော်ရသေးသည့် ယောက္ခမကြီး အရှိန်ကလည်း ရှိနေခြင်းကြောင့်ဖြစ်သည်။

တင်မြနွယ်မှာ စိတ်မကောင်းသူတို့၏ သဘာဝအတိုင်း ပါးစပ်မှ ပြောချင်ရာများကို ပြောဆိုနေပြီး သူမအား ချုပ်ကိုင်ဖမ်းဆီးနေကြသူများကို တွန်းဖယ်ပစ်နေပြန်၏။

အားလုံးကပင် တင်မြနွယ် အဖြစ်အပျက်အား ယူကျုံးမရစွာနှင့် သနားကရုဏာသက်နေကြပေသည်။

မောင်ဝမ်းဇော်ကမူ ချစ်ရသူ၏ အဖြစ်ဆိုးမှာ ကြေကွဲဝမ်းနည်းဖွယ်ကောင်းလွန်းသဖြင့် မျက်ရည်များပင် မဆည်နိုင်အောင် ဖြစ်လျက် ခပ်လှမ်းလှမ်းမှသာ ကြည့်ရှုနေရပေတော့သည်။

သမီးရှင် ဦးပိန် ခမျာမှာလည်း သူ့သမီးလေး လူစိတ် ပျောက်အောင် ရူးသွပ်နေပုံကို ကြည့်ကာ မျက်ရည်များ တစ်ဖြိုင်ဖြိုင် စီးကျနေရှာပြန်သည်။

ထို့နောက် တင်မြနွယ်အား ချုပ်ကိုင်လျက် မိမိတို့ရွာအရောက် ခေါ်ဆောင်လာခဲ့ကြပေသည်။

အိမ်သို့ ရောက်သောအခါ တင်မြနွယ်၏ မိခင်ကြီး ဒေါ်ငွေညွန့်မှာ သမီးဖြစ်သူ ဖြစ်ပျက်လာပုံတို့ကို ယူကျုံးမရသဖြင့် ဟစ်အော်ငိုကြွေးလေတော့သည်။

တစ်ရွာလုံးတွင်လည်း ...

"တင်မြနွယ်ကို ပြန်တွေ့လာပြီ"

ဟူ၍ သတင်းစကားမှာ တောမီးပမာ ပျံ့နှံ့ကူးစက်သွားသဖြင့် ဆင်ငယ်ပြေးကုန်းရွာ တစ်ရွာလုံးပင် အုံးအုံးကြွက်ကြွက် ဖြစ်လာကာ ...

သတင်းမေးသူများ ...

လာရောက်ကြည့်ရှုသူများ ...

ထင်မြင်ချက်ပေးကြသူများနှင့် ရွာအရှေ့ပိုင်းရှိ ဦးပိန် ဒေါ်ငွေညွန့်တို့အိမ်တွင် ပြည့်ကျပ်သွားတော့၏။

အိမ်ပေါ် သူ့အခန်းထဲ၌ တင်မြနွယ်ကို ကြိုးနှင့် ချည်နှောင်ထားလိုက်ရပြီး မိခင်ဖြစ်သူနှင့် အပျိုကြီး ခင်စုရီတို့က စောင့်ရှောက်နေကြရ၏။

ဖခင်ကြီး ဦးပိန်မှာ အိပ်ခန်းအပြင်ဘက်တွင် ဦးတင်အုန်းနှင့် တိုင်ပင်ညှိနှိုင်းလို၍ စကားဝိုင်းဖွဲ့နေဆဲပင် ဖြစ်သည်။

မောင်ဝမ်းဇော်ကမူ 'ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ရဲ' ဟူသော စကားအတိုင်း တင်မြနွယ် အဖေဖြစ်သူ ဦးပိန်အား ကြောက်ရွံ့သဖြင့် မိမိ နေအိမ်ဆီသို့ စိတ်မချမ်းမြေ့စွာနှင့် ညီအစ်ကိုနှစ်ယောက် ပြန်သွားနှင့်ကြလေပြီ။





တဖြည်းဖြည်း အိမ်ရှေ့ဧည့်ခန်းတွင် လူရှင်းသွားသဖြင့် အောက်ပါအတိုင်း ဦးပိန် စကားစလိုက်ပြန်သည်။

"ကျုပ်သမီး ခုလိုဖြစ်ရတာ ဘယ်သူ့ကြောင့်လဲဗျ ဦးတင်အုန်း"

ဦးပိန်က ဦးတင်အုန်းအား မေးခွန်းထုတ်လိုက်သလို မေးလိုက်ခြင်းဖြစ်သဖြင့် ဦးတင်အုန်းက အတန်ငယ် ကြာကြာ စဉ်းစားလျက် ...

"အင်း ... ကျုပ်ဘား အပြစ်လည်းပါပါတယ်လို့ ဝန်ခံရမှာပဲ ဦးပိန်"

ဟု ဓမ္မဓိဋ္ဌာန်ကျကျ အမှန်အတိုင်း ဝန်ခံဖွင့်ပြောလိုက်ရှာပါသည်။

"မှန်တယ် ခင်ဗျားသားက စလို့ ကျုပ်သမီးလေး တင်မြနွယ် ဒီလို ဘဝရောက်သွားရတာပဲဗျ"

"ဒါကြောင့် ကျုပ်ကလည်း သားသမီးချင်း ကိုယ်ချင်းစာပြီး မိန်းကလေး တင်မြနွယ်ရဲ့ ရောဂါပျောက်ကင်းမှုကို ရှာဖွေစဉ်းစားနေပါတယ်"

အမှန်တကယ်ဆိုရပါမူ သမီးရှင် ဦးပိန်မှာ မောင်ဝမ်းဇော်၏ ဖခင်ကြီး ဦးတင်အုန်းအား ကျေနပ်နှစ်သက်သည့် အမူအရာ မရှိလှသေးချေ။

"ကိစ္စတစ်ခု ဖြစ်လာမှတော့ သူ့အပြစ် ငါ့အပြစ် ပြောမနေပါနဲ့တော့ ဦးပိန်ရယ်၊ ခင်ဗျား သမီးကလေး တင်မြနွယ် ရောဂါပျောက်ကင်းအောင်သာ ကျုပ်တို့တစ်တွေက တိုင်တိုင်ပင်ပင်နဲ့ ကြံဆဖို့ပဲ ရှိပါတယ်၊ ဖြစ်ပြီးရင် ပျက်ရမယ်ဆိုတာလည်း သဘာဝပါပဲ၊ အဲဒီ သဘောတရားကြီးကို လွန်ဆန်နိုင်ဖို့ ခဲယဉ်းတယ် မဟုတ်လား၊ ပြီးတော့ 'ပျက်အစဉ် ပြင်ခဏ' ဆိုတဲ့ စကားလည်း ရှိနေတာပဲ၊ အနာရှိရင် ဆေးရှိရမှာပေါ့ဗျာ"

ဦးတင်အုန်း၏ စေတနာထားသော သဘာဝစကားများကြောင့် ဦးပိန်တစ်ယောက် တွေဝေသွားသည်။ ပြီးတော့ အထင်အမြင်မှားခဲ့မှုကြောင့်လည်း နောင်တရသွား၏။

သို့သော် သူ့သမီးလေး ရောဂါပျောက်အောင် ဘယ်ကဲ့သို့ လုပ်ရမည်ကို မစဉ်းစားတတ်အောင်လည်း ဖြစ်နေပေသည်။

"ကဲ ... ဒါဖြင့် ဘယ်လိုလုပ်ပြီး ကုသကြမလဲဗျ၊ ကျုပ်တော့ ငယ်ထိပ်မြွေပေါက်သလို မွန်ထူနေပါပြီဗျာ"

ထို့ကြောင့် ဦးပိန်ကလည်း အရိုးခံစကားနှင့် အကူအညီတောင်းခံလိုက်ပြန်တော့သည်။





"ခင်ဗျား တစ်နေ့က လျှောက်ထားတဲ့ ရွာဦးကျောင်းဆရာတော် ဦးစရိယဆီသွားပြီး အကြံဉာဏ်တောင်းထားတာပဲ မဟုတ်လား"

"ဟုတ်တယ်လေဗျာ၊ ဆရာတော်ကတောင် မိန့်တော်မူသေးတယ်၊ ဆရာကောင်းသမားကောင်းဆိုတာ ခဲယဉ်းတယ်တဲ့၊ ဘုန်းကြီးနဲ့ သိကျွမ်းတဲ့ လောကီဝိဇ္ဇာအထက်ဂိုဏ်းဆရာကြီး မြစကြာ ဆိုတာ ရှိတယ်၊ အခု သူနေတာက လူသူနဲ့ဝေးတဲ့ တောတောင်တွေထဲမှာ အဓိဋ္ဌာန်ဝင်နေသတဲ့"

"အေးဗျာ ... သီလသမာဓိ ပြည့်ဝပြီး အာဏာစက်ပြင်းပြင်းနဲ့ တကယ်နိုင်နင်းတဲ့ ဆရာကြီးဟုတ်မဟုတ် သိနိုင်တဲ့နည်းတွေ ရှိပါ့သဗျား"

"ဩော် ... ဟုတ်လား၊ ဦးတင်အုန်းက နေရာအနှံ့စပ်စပ်နဲ့ ရောက်တတ်တဲ့လူဆိုတော့ ပြောပြစမ်းပါဦးဗျာ"

ဤသို့ဖြင့် မောင်ဝမ်းဖော်၏ ဖခင်ကြီး ဦးတင်အုန်းမှာ ဖိုးတောင်းကြိုက် ဖြစ်သွားကာ လေရှည်ရှည်နှင့် ပြောပြပါလေပြီ။

"နံပါတ်တစ်အနေနဲ့ ဆရာတစ်ဆူ ပြုလုပ်မဲ့သူတွေဟာ ကိုယ်ဇာတ်အင်္ဂါ ပြည့်စုံရမယ်တဲ့ဗျ၊ နံပါတ်နှစ်က သုရာမေရိယကံနဲ့ ကာမေသုမိစ္ဆာစာရကံနှစ်ပါးကို သက်ဆုံးတိုင်

ထိန်းသိမ်းစောင့်စည်းသူ ဖြစ်ရမယ်၊ နံပါတ်သုံးကတော့ ဂုဏ်တော်ကိုးပါးကို ဝါစဉ်အရ ပုတီးမှန်မှန်စိပ်သူ ဖြစ်ရမယ်၊ နံပါတ်လေးကတော့ အကျင့်စာရိတ္တ ကောင်းမွန်ရမယ်၊ နံပါတ်ငါးကတော့ ဝါတွင်းကာလမှာ သက်သတ်လွတ်စားနိုင်ပြီး ဥပုသ်သီတင်းဆောက်တည်သူ ဖြစ်ရမယ်၊ နံပါတ်ခြောက်ကတော့ အမြင်အကြား မရှိဘဲ မြင်ယောင်ကြားယောင်ပြု၍ ပြောဆိုခြင်း၊ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးများ ထံမှ အထင်ကြီးစေလိုတဲ့ အပြော၊ အဆိုး အမူအရာ၊ နေထိုင်မှုများကို မပြုလုပ်ရဘူး၊ နံပါတ်ခုနစ်ကတော့ ဘုရား၊ တရား၊ သံဃာတော်များရဲ့ ဩဝါဒ ဒေသနာတော်များနဲ့ ဆန့်ကျင့်မှု မပြုလုပ်ရပါဘူး၊ နံပါတ်ရှစ်ကတော့ ဣန္ဒြေသိက္ခာကို တည်ငြိမ်စေပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို မနှောကြတိုင်း မပြုလုပ်ရဘူး၊ ပြုလုပ်မယ်ဆိုရင်လည်း အောင်မြင်စေရမယ်၊ နံပါတ်ကိုးကတော့ အထက်ဂိုဏ်းဆရာဆိုတာ ဘုရား၊ တရား၊ သံဃာ၊ ဆရာ မိဘတို့ရဲ့ ကျေးဇူးတော်၊ ဂုဏ်တော်၊ သိကြားဗြဟ္မာ စသော သမာဒေဝ သာသနာတော်စောင့်နတ်များရဲ့ အာနုဘော်တို့ကို ခံယူပြီးတော့ လောကီရွှေ အင်း၊ မန္တာန်တို့ကို သိဒ္ဓိတင်ထားခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်





နံပါတ် တစ်ဆယ်ကတော့ မည်သည့်နတ်၊ မိစ္ဆာတို့ထံမှ တန်ခိုးအာနိသင် ယူတာမျိုး၊ အကူအညီ အစောင့်အရှောက် အလို့ငှာ ပွဲတင်ပသတာမျိုးတွေ မပြုလုပ်ရဘူးတဲ့ဗျ"

"အင်း … ဒီလိုဆိုတော့လည်း ဆရာတော်ဦးစရိယ ပြောထားသလို အစောတုန်းက ပြောထားတဲ့အချက်တွေနဲ့ နှိုင်းယှဉ်ပြီး ဆရာအတုယောင်လား၊ ဆရာစစ် ဆရာမှန်လား ဆိုတာ အကြမ်းဖျင်း ခွဲခြားနိုင်တာပဲပေါ့၊ ကဲ … ကဲ … အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ဆရာတော်ဘုရားဆီ သွားအကြွေ တောင်းပြီး မြန်မြန် လျှောက်ထားရကောင်းမယ် ထင်တာပါပဲ"

ထိုသို့အားဖြင့် ဦးပိန်နှင့် ဦးတင်အုန်းတို့သည် တင်မြနွယ်လေး ရောဂါကို ကုသနိုင်ရန်အတွက် တိုင်ပင်ဆွေးနွေးကြပြီးနောက် ရွာဦးဘုန်းတော်ကြီးကျောင်းဘက်ဆီသို့ ထွက်ခွာသွားကြလေသည်။

ထိုနေ့အဖို့ တင်မြနွယ်အတွက် ကံကောင်းသည်ဟု ဆိုရမလောက် ဖြစ်နေပေ၏။

အကြောင်းသော်ကား ဦးစရိယ၏ ရွာဦးဘုန်းကြီးကျောင်းတွင် မမျှော်လင့်ဘဲနှင့် လောကီဝိဇ္ဇာအထက်ဂိုဏ်းဆရာကြီးဆိုသူ ဆရာကြီး မြစကြာသည် အမိဌာန်ရက်စေ့သဖြင့် ပြန်ရောက်လာသောနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံနေလေ၏။

ထိုဆရာကြီး မြစကြာကား ဝတ်ဖြူစင်ကြယ်ကြီးကို ဝတ်ထားလျက် ဘုန်းတော်ကြီးဦးစရိယနှင့် ထိုင်ကာ စကားပြောဆိုနေသည်။

ကျောင်းကြီးပေါ်သို့ ဦးပိန်နှင့် ဦးတင်အုန်းတို့ ရောက်ရှိလာကြသည်ကို မြင်တွေ့လိုက်သဖြင့် ...

"အဆင်သင့်လိုက်တာ ဒကာကြီး ဦးပိန်ရေ၊ တစ်နေ့က လာလျှောက်တုန်းက တွေ့ချင်တယ်ဆိုတဲ့ ဆရာကြီး မြစကြာဆိုတာ အခုမနက်ပဲ ကျောင်းကို ရောက်လာတယ် ဗျ၊ ဟောဒါ ဆရာကြီးမြစကြာပေါ့"





အသားညိုညို ထောင်ထောင်မောင်းမောင်း မောင့်ကျက်သရေခေါင်းပေါင်းကြီးနှင့် ဥပဓိရုပ် ကောင်းလှသော ဆရာကြီး မြစကြာဆိုသူမှာ ဆေးတံကြီးကို ရှိုက်ဖွာလျက်ရှိသည်။

ဘုန်းကြီးက ဦးပိန်အား ဝမ်းမြောက်စွာနှင့် ပြောလိုက်သော်လည်း ဒကာကြီးဦးပိန်မှာ မျက်နှာမသာမယာနှင့် ဆရာကြီးမြစကြာကို ကြည့်နေလိုက်၏။

ဆရာကြီး မြစကြာမှာလည်း ဆရာကောင်း သမားကောင်းတို့၏ သိက္ခာ၊ ဣန္ဒြေရှိလှစွာဖြင့်ပင် ဦးပိန်နှင့် ဦးတင်အုန်းတို့အား ဆေးတံကြီးကို ကိုက်ခဲနေလျက် **အကဲခတ်ကြည့်ရှုနေ** ပြန်ပါသည်။

"မှန်လှပါ ဘုရား၊ တပည့်တော်မှာတော့ အပူမီးတွေ တောက်လောင်နေရပါပြီ ဘုရား"

ဟု နိဒါန်းစကား ပျိုးလိုက်ကာ ဒကာကြီးဦးပိန်သည် ...

ဘုန်းတော်ကြီးဦးစရိယအားလည်းကောင်း ...

ဆရာကြီးမြစကြာအားလည်းကောင်း ...

မိမိ သမီးလေး တင်မြနွယ်၏ ဖြစ်ပျက်ခဲ့ပုံများကို ပြောပြလျှောက်ထားလိုက်လေတော့၏။

ဤသို့ ပြောပြလျှောက်ထားရာ၌ အဆုံးတွင် ...

"အခု တပည့်တော် ကျောင်းကို လာရောက်ရခြင်းဟာလည်း ယခု ဘုန်းတော်ကြီး ပြောပြသည့် ဆရာကြီးမြစကြာနှင့် တွေ့ရန်အတွက် လာရောက်ရခြင်းဖြစ်ပါသည် ဘုရား၊ ဆရာကြီးမြစကြာကလည်း တပည့်တော်သမီးလေးကို ကယ်မပါ ဆရာကြီးခင်ဗျာ"

ထိုသို့ ဦးပိန်က စကားအဆုံးသတ်လိုက်သည်တွင် ဘုန်းကြီးဦးဇရိယမှာ ကြားရသော သတင်းအတွက် စိတ်မချမ်းမြေ့စွာနှင့် စုတ်သတ်လျက် ရှိလေသည်။

ဆရာကြီး မြစကြာမှာကား လက်ထဲတွင် စိပ်ပုတီးကို စိပ်ရင်း တယ်လီပသီနည်းဖြင့် မနောအာရုံခံစားနေသလားမသိ။ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ ...

"အင်း ... ဒီက မိဟ်ဆွေကြီး ပြောပြလို့ သိသင့်သလောက်တော့ သိရပါပြီ၊ ဆရာကြီးကလည်း တတ်အားသလောက်တော့ ဇီဝိတဒါနအဖြစ် ကယ်ဆယ်သွားပါ့မယ်ကွယ်"

ဆရာကြီးမြစကြာသည် တင်မြနွယ်လေးအား ကုသပေးမည်ဟု ကတိပေးလိုက်လေ၏။

သမီးရှင် ဦးပိန်၏ဆန္ဒမှာ ရွာဦးကျောင်းဆရာတော်ကိုယ်တိုင် ညွှန်းဆိုနေသော ဆရာကြီးမြစကြာအား မမျှော်လင့်ဘဲ မျက်မှောက်တွင် တွေ့မြင်နေရပြီ ဖြစ်သဖြင့် ယခုချက်ချင်းပင် အိမ်သို့ ပင့်ဆောင်၍ ကုသစေလို၏။





ထို့ကြောင့် အောက်ပါအတိုင်း ပြောဆိုတောင်းပန်လိုက်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

"ဆရာကြီး မြစကြာ ခင်ဗျား၊ လူနာ မိန်းကလေးကို လိုက်လံကြည့်ရှုပေးစေချင်ပါတယ်"

"အခု ဖြစ်ပျက်ပုံကတော့ ရန်ငြိုးဖွဲ့ပြီး အရှက်တကွဲအကျိုးနည်းအောင် လုပ်ထားတာဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ အားမငယ်နေကြပါနဲ့၊ ဆရာကြီး ကုပေးပါ့မယ်၊ ဒါပေမဲ့ ဆရာ့မှာ ကိစ္စတစ်ခုရှိနေသေးလို့ မလိုက်နိုင်သေးပါဘူး၊ လူနာမိန်းကလေး သက်သာအောင်တော့ ဆရာကြီးအနေနဲ့ တစ်ခုခုကို စီမံပေးလိုက်ပါ့မယ်"

ဤသို့ဖြင့် ဆရာကြီး မြစကြာသည် အနီးတွင်ရှိသော သူ၏ အိတ်ထဲမှ ချည်ခင်တစ်ခုကို ဆွဲယူလိုက်ပြီး ...

"ရော့ ... ဒီချည်မန်းကွင်းကို ကလေးမလေးလည်ပင်းမှာ ဆွဲချည်ထားလိုက်ပါ၊ ပြီးတော့ ဆရာက ငြိမ်ငြိမ်နေလို့မှာလိုက်တယ်လို့ ပြောလိုက်၊ ဆရာက ဒီကျောင်းဝိုင်းသိမ်ထဲကနေ မေတ္တာပို့ပြီး စီမံစရာလေးတွေ လုပ်ပေးပါ့မယ်၊ လူနာမိန်းကလေးက ဘာနေ့သမီးလဲ"

"ဟုတ်ကဲ့ ဆရာကြီး၊ နာမည်က တင်မြနွယ်၊ စနေသမီးလေးပါ၊ ရွာအရှေ့ပိုင်းမှာ နေပါတယ်"

"ကောင်းပြီ ... ရွာအရှေ့ပိုင်းက စနေသမီးအတွက် မေတ္တာသုတ်ပရိတ်ကို ရွတ်ဆိုဖတ်ကြားပေးမယ်၊ အိမ်ရောက်ရင်သာ ချည်မန်းကွင်း စွပ်ပေးလိုက်ပါ"

ဆရာကြီးမြစကြာက ပြောပြောဆိုဆိုနှင့် ချည်ခင်ကို ဦးပိန်လက်ထဲသို့ လှမ်းပေးလိုက်လေသည်။

ဦးပိန်မှာ ဆရာကြီးမြစကြာကိုယ်တိုင် မလိုက်နိုင်သည်ကို မျက်နှာမကောင်းစွာနှင့် ချည်ခင်ကို လှမ်းယူလိုက်ရလေသည်။

ဤတွင် မျက်နှာကြည့်ရုံနှင့်ပင် လူအရိပ်အကဲကို သိနိုင်စွမ်းရှိသော လောကီဝိဇ္ဇာဆရာကြီး မြစကြာက ...

"မြတ်စွာဘုရားသခင်ရဲ့ ဓမ္မစက်တန်ခိုးဆိုတာက ပိုပြီး အကျိုးကျေးဇူး ထူးပါတယ်၊ မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူနေစဉ် နောက်တော်ပါရဟန်းငါးရာတို့ဟာ ဝါဆိုရန်နီးတာကြောင့် လျှောက်ပတ်တဲ့ ကမ္မဋ္ဌာန်းတရားကို တောင်းဆိုကြသတဲ့ဗျ ...

တောင်းဆိုပြီး ဟိမဝန္တာအနီး တောရွာတစ်ရွာကို အမှီပြုကာ သစ်ပင်အောက်အသီးသီးမှာ တောရဆောက်တည်အားထုတ်ကုန်ကြပါတယ်၊ ဒီတော့ သစ်ပင်စောင့်ရက္ခစိုးနတ်တို့က ရဟန်းများ မနေဝံ့အောင် ကြောက်စရာ





ကောင်းတဲ့ ရုပ်အဆင်းကိုလည်း ပြကြတယ်၊ ကြောက်မက်ဖွယ်ကောင်းတဲ့ အိပ်မက်တွေကိုလည်း မြင်မက်စေတာမို့ မြတ်စွာဘုရားကို အကျိုးအကြောင်း လျှောက်တင်ခဲ့ကြပါတယ် ...

ဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေတ္တာသုတ်ကို ဟောကြားပြီး အရဆောင်စေလျက် ...

ချစ်သားတို့ နေရာဟောင်းမူလတောအရပ်ဆီကို ပြန်ကြွကြပါ၊ ဒီမေတ္တာသုတ်ကို မပြတ်ရွတ်ဖတ်ကြရင် မကောင်းသောအနိဋ္ဌာရုံများကို ပျောက်ကင်းစေနိုင်ပါတယ်လို့ ဟောကြားတော်မူခဲ့တာမို့ တန်ခိုးထက်မြက်တဲ့ ဓမ္မစက်ဂါထာဖြစ်တယ်"

ဟု မှာကြားလိုက်သေးသည်။

ထို့နောက် ဦးပိန်နှင့် ဦးတင်အုန်းတို့သည် ဘုန်းကြီးဦးစရိယ၊ ဆရာကြီးမြစကြာတို့အား နှုတ်ဆက်ကာ ကျောင်းပေါ်မှ ဆင်းလာခဲ့ကြလေသည်။

"ဆရာကြီးမြစကြာဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို ကြည့်ရတာတော့ တော်တော် အစွမ်းထက်မဲ့ပုံပဲ ဦးပိန်ရ"

ဦးတင်အုန်းသည် ကျောင်းက အပြန်လမ်း၌ ဆရာကြီးမြစကြာအကြောင်းကို ဦးပိန်အား ပြောလိုက်သည်။

"ဒါပေမဲ့ အမှန်ပြောရရင် ဆရာကြီးမြစကြာ ကိုယ်တိုင် ကြွရောက်မကုသတာတော့ အားငယ်တာတော့ အမှန်ပဲဗျာ၊ အခု ပေးလွှတ်လိုက်တဲ့ ချည်ခင်လေးကို လူနာသမီးလေး လည်ပင်းကို စွပ်ပေးထားရုံနဲ့ ငြိမ်ပါ့မလား"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ ဦးပိန်ရယ်၊ ဒီဆရာကြီး မြစကြာဟာ တကယ်အစွမ်းထက်မဲ့ ပုံပါပဲ၊ ကျုပ်ရဲ့သား ကိုလည်း အိပ်မက်ပေးနေတဲ့ မိန်းမနဲ့ ကင်းကင်းရှင်းရှင်း လွတ်ကျွတ်သွားအောင် ဆရာကြီးမြစကြာနဲ့ပဲ ကုသမယ်လို့ စိတ်ကူးထားတယ်"

ဤသို့ နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ရွာအရှေ့ပိုင်းရှိအိမ်သို့ ရောက်ကြပေပြီ။

အိမ်ဝတွင် သတင်းမေးသူများ၊ လာရောက်ကြည့်ရှုသူများမှာ ရွာနီးချုပ်စပ်ကပင် ရောက်နေပြန်၏။

ထိုအခိုက် ...

"ငါ့ကို ဘာမှတ်သလဲ ... အားလုံး ဒုက္ခရောက်သွားမယ် ကွ၊ ဟား ... ဟား ... ဟား၊ မကိုင်နဲ့ ... မကိုင်နဲ့ ငါ့အနား မကပ်နဲ့၊ ငါ့မှာ လင်ရှိတယ်"

ဟူသော အသံများသည် အိမ်တွင်းမှ ကျယ်လောင်စွာ စူးရှစွာ ထွက်ပေါ်လာလေသည်။





ထိုအသံများကို ကြားလိုက်ရသည်နှင့် ဦးပိန်နှင့် ဦးတင်အုန်းတို့နှစ်ဦးမှာ ခြေလှမ်းများ တုံ့သွားတော့သည်။

"ကျုပ် သမီးလေး စိတ်ထနေပြန်ပြီဗျာ၊ ဒီအသံကြားလိုက်ရတာ ကျုပ်ဝမ်းထဲမှာ မချိလှဘူးဗျ"

"အို ... ပူမနေပါနဲ့တော့ ဦးပိန်ရယ်၊ ဆရာကြီးမြစကြာ ပေးလိုက်တဲ့ ချည်ခင်ပါတယ် မဟုတ်လား"

ပြောပြောဆိုဆိုနှင့် ဦးတင်အုန်းတို့နှစ်ဦး အိမ်ပေါ်သို့ တက်ရောက်လာကြသည်။

လာရောက်၍ လူနာမေး ကြည့်ရှုနေကြသော လူစုကြီး မှာ အိမ်အတွင်းမှ စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းကြောင့် ပြန်ထွက်လာကြဟန် တူပေသည်။

တင်မြနွယ်မှာမူကား သူ့အိမ်ခန်းထဲတွင် ဆွဲမရ၊ ကိုင်မရဖြင့် အတော်ပင် ကြမ်းတမ်းနေတော့သည်။

မိခင်ကြီး ဒေါ်ငွေညွန့်နှင့် အပျိုကြီး ခင်စုရီတို့က အနီးအနားမှာနေ၍ တင်မြနွယ်အား ချော့မော့နေရပေသည်။

"သမီးလေး ... သမီး ... သတိထားမှပေါ့ကွယ်၊ အနားမှာ အမေတို့ ရှိတယ်လေ၊ အမေ့ကိုတောင် မသိတော့ဘူးလား ဟင်"

"မသိဘူး ... ဘာအဲမေလဲ ... ဟား ... ဟား ... ဟား၊ တင်မြနွယ်သိလား၊ တင်မြနွယ်ဆိုတာ လင်ခိုးပဲ ... ဟား ... ဟား ... လင်ခိုးမဟုတ် အလိုလေး လင်ခိုးမဟုတ်"

တင်မြနွယ်တစ်ယောက်မှာ ထိုသို့ပြောဆိုကာ ငိုလိုက်၊ ရယ်လိုက်၊ ရုန်းလိုက်၊ ကန်လိုက် လုပ်နေပြန်သည်။

"အို ... သမီးလေး ငြိမ်ငြိမ်နေပါကွယ်၊ ငါ့သမီးလေး မောနေပါ့မယ်ကွယ်"

မိခင်ကြီး ဒေါ်ငွေညွန့်က ယုယစွာနှင့် သမီးဖြစ်သူအား ကိုင်တွယ်ချော့မော့ရှာ၏။

သို့သော် တင်မြနွယ်မှာ စိတ်ဖောက်ပြန်နေသဖြင့် သူ့မိခင်အား မိခင်ဟု မထင်။

လာရောက်သတင်းမေးကြသော ရွာသူရွာသားများမှာ မမြင်ရက် မကြားရက်သဖြင့် အချို့မှာ စိတ်မချမ်းမြေ့စွာနှင့် ပြန်သွားကြကုန်ကြတော့သည်။

ဖခင်ကြီးဦးပိန်နှင့် ဦးတင်အုန်းတို့သည် တင်မြနွယ်ရှိရာ အခန်းထဲသို့ ဝင်ရောက်လိုက်ကြလေသည်။

တင်မြနွယ်က ဝင်လာသော သူ့ဖခင်ကြီးကိုလည်း မသိသလိုလို လုပ်၍ ကြည့်နေလိုက်လေသည်။





"သမီးလေး တင်မြနွယ် ... ငြိမ်ငြိမ်အေးအေး နေမှပေါ့ကွယ်"

တင်မြနွယ်သည် ဖခင်ကြီးဦးပိန်အား ပြန်လှန်၍ မပြောတော့ဘဲ ဦးပိန် လက်ထဲမှ ချည်ခင်ကလေးကိုသာ စိုက်၍ ကြည့်နေပေသည်။

"သမီး နေကောင်းအောင် ရောဂါပျောက်ကင်းအောင် အဖေတို့ လုပ်နေကြပြီကွယ့်၊ ပြီးတော့ သမီးရောဂါကို ကုသပေးဖို့ ဆရာကြီးမြစကြာဆိုတဲ့ လောကီဝိဇ္ဇာဆရာကြီးလည်း ဟောဒီရွာမှာ ရောက်နေပြီ၊ ဟောဒီမှာ အဲဒီ ဆရာကြီးမြစကြာက ပေးလိုက်တဲ့ ချည်ခင်၊ ရော့ ... လည်ပင်းမှာ စွပ်ထားလိုက်စမ်း၊ ပြီးတော့ ဆရာကြီးမြစကြာက သမီးကို ငြိမ်ငြိမ်သက်သက် နေဖို့လည်း မှာလိုက်တယ်ကွယ့်"

ဤသို့ဖြင့် ဦးပိန်သည် ပြောပြောဆိုဆိုနှင့်ပင် သမီးလေး တင်မြနွယ်လည်ပင်းသို့ ချည်ခင်ကြီးကို သိုင်း၍ ချည်နှောင်လိုက်လေသည်။

အနီးနားရှိ ဦးတင်အုန်း၊ မိခင်ကြီး ဒေါ်ငွေညွန့်၊ အပျိုကြီး ခင်စုရီတို့မှာ တင်မြနွယ် ဖခင်ကြီး ဦးပိန်၏ လုပ်ပုံကိုင်ပုံများကို စူးစိုက်ကြည့်ရှုနေကြလေသည်။

တင်မြနွယ်သည် ချည်ခင်ကို လည်ပင်း၌ စွပ်ပြီးပေးလိုက်သည်နှင့် တစ်ခဏ၌ မူးမိုက်သလို တစ်ချက်ဖြစ်သွားပြီးလျှင် ငြိမ်ကျသွားသည်။

ဦးပိန်နှင့် ဦးတင်အုန်းတို့လည်း ဆရာကြီး ချည်ခင်လေး၏ အာနိသင်အစွမ်းရှိပုံကို မျက်ဝါးထင်ထင် လက်တွေ့ကြီးပင် မြင်တွေ့လိုက်ရသောအခါ တစ်ဦးမျက်နှာကိုတစ်ဦး အံ့သြစွာနှင့် ကြည့်ရှုမိလိုက်ကြလေသည်။

သမီးလေး တင်မြနွယ်၏ ထူးခြားလာပုံမှာ ဘယ်သူ့ကိုမှလဲ စကားမပြော၊ ဘယ်သူ့ကိုမှလဲ မကြည့်တော့ဘဲ မျက်လုံးကိုသာ မှိတ်နေတော့သည်။

ထို့နောက် အခြေအနေကောင်းသည်နှင့် ဦးတင်အုန်း၏ အကြံပေးချက်အတိုင်း ဘုရားစင်မှ ပရိတ်ရေစင်များ တိုက်ခြင်း၊ အစာကျွေးခြင်းများ ပြုလုပ်ရလေသည်။

ဤသို့ ယူပစ်လိုက်သလို ငြိမ်သက်သွားသည်ကို တွေ့ရသောအခါ ဖခင်ကြီး ဦးပိန်မှာ အတိုင်းမသိ ဝမ်းမြောက်သွားပြီး ဆရာကြီးမြစကြာ၏ ကျေးဇူးနှင့် အစွမ်းကို ချီးကျူးမိလိုက်ကြတော့သည်။

သို့သော် သမီးလေး တင်မြနွယ်မှာ ငြိမ်သက်သွားသည်ဆိုသော်လည်း လုံးလုံးလျားလျား ပျောက်ကင်းသွားသည်





မရှိဘဲ တိုက်သောရေကို အနည်းငယ်မျှသာ သောက်ပြီးနောက် ဘယ်သူက ဘာစကားမေးသော်လည်း ပြန်လည်ဖြေကြားခြင်း မရှိဘဲ တစ်နေရာဆီသို့သာ ငေးစိုက်၍ စဉ်းစားနေလေသည်။

ဖခင်ဖြစ်သူ ဦးပိန်က အားမလိုအားမရစိတ်ဖြင့် သမီးဖြစ်သူ တင်မြနွယ်ကို အမျိုးမျိုး မေးသော်လည်း နားမကြားသကဲ့သို့လည်းကောင်း၊ စကားမပြောတတ်သူကဲ့သို့လည်းကောင်း ဘယ်ကဲ့သို့မှ ပြန်လည်မဖြေဘဲ နေတော့သည်။

သို့နှင့်ပင် ထိုနေ့အဖို့ တင်မြနွယ်အဖို့ ငြိမ်သက်အေးဆေးစွာဖြင့် အနီးတွင် ဆွေမျိုးသားချင်းများထဲမှ ယောက်ျားအစောင့်အရှောက်များကိုပင် ချထားကာ နေလိုက်ကြရပေတော့သည်။

ဤနေ့သည်ကား ဆရာကြီးမြစကြာ ကိုယ်တိုင် စိတ်နောက်သွားရသော ဝေဒနာရှင်မလေး တင်မြနွယ်ကို ကုပေး တော့မည့်နေ့ ဖြစ်သဖြင့် ရွာသူရွာသားများ၊ ရင်းနှီးသူအချို့မှာ လာရောက်ကြည့်ရှုစောင့်ဆိုင်းနေကြပေသည်။

တင်မြနွယ်တစ်ယောက်မှာ ဆရာကြီးမြစကြာ ပေးလိုက်သော ချည်ခင်ကို စွပ်ထားပြီးနောက် ဆရာကြီးမြစကြာ ၏ အမိန့်အတိုင်းပင် ငြိမ်သက်လျက် ရှိသော်လည်း မနေ့က အတိုင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ စကားပြောဆိုခြင်း မရှိ ချေ။

ထို့ကြောင့် အိမ်သားအားလုံးမှာ ဆရာကြီးမြစကြာ အလာကို စောစီးစွာကပင် ဆရာကြီးမြစကြာအား ကြိုဆိုရန် ရွာဦးဘုန်းကြီးကျောင်းသို့ ထွက်သွားလေသည်။

မောင်ဝမ်းဇော်၏ ဖခင် ဦးတင်အုန်းမှာလည်း တင်မြနွယ်တို့အိမ်ဆီသို့ ရောက်ရှိနေပေသည်။





လာရောက်ကြည့်ရှုကြသော ဆွေမျိုးသားချင်း အိမ်နီး နားချင်းတစ်သိုက်မှာ တီးတိုးစွာနှင့် ပြောဆို၍ အမျိုးမျိုး ဝေဖန် လျက် ရှိပေသည်။

သူတို့သည် တင်မြနွယ်အား ပယောဂအနှောင့် အယှက်မှ အစွဲချွတ်မည်ဟု ဆိုသဖြင့် စိတ်ဝင်စားနေကြပေသည်။

"ဟော ... ဆရာကြီးမြစကြာ ... ကြွလာပြီ"

အပျိုကြီး ခင်စုရီ၏ အသံကြောင့် အိမ်ရှိလူများ အားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အိမ်ဝဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ ယောဂီရောင် ဝမ်းဆက်ကိုသာ ဝတ်ဆင်ထားသော ဆရာကြီးမြစကြာသည် လွယ်အိတ်တစ်လုံးကို လွယ်လျက် တောင်ဝှေးကို ထောက်ခါ ရှေ့မှ လာနေ၏။

ဦးပိန်တစ်ယောက်က ဆရာကြီးမြစကြာအားမှ လိုက် ကာ မိမိနေအိမ်ဆီသို့ လမ်းညွှန်ပြသနေပေသည်။

ဆရာကြီးမြစကြာနှင့် ဦးပိန်တို့သည် အိမ်အတွင်း ထဲသို့ ရောက်ရှိခဲ့ကြလေပြီ။ အိမ်ဦးခန်းတွင် အသင့်ပြင်ဆင်ထား သော နေရာထိုင်ခင်းတွင် ဆရာကြီးမြစကြာက ဂူမြေ့ရစွာဖြင့် ထိုင်လိုက်လေသည်။

အိမ်ရှိလူများအားလုံးမှာ ဆရာကြီးမြစကြာအား ကြည်ညိုရိုသေစွာဖြင့် ငြိမ်သက်စွာဖြင့် ကြည့်ရှုနေကြပေသည်။

"ကဲ ... ဝေဒနာ ကပ်ရောက်နေတဲ့ ကလေးမလေးကို ခေါ်ခဲ့ကြပါကွယ်"

ဟု ဆရာကြီးမြစကြာသည် အနီးရှိ လူများအား ပြောလိုက်ရာ မကြာမီပင် တင်မြနွယ်၏ မိခင်ဒေါ်ငွေညွန့်နှင့် အပျိုကြီး ခင်စုရီတို့သည် အိမ်ခန်းအတွင်းထဲသို့ ဝင်သွားပြီးနောက် တင်မြနွယ်အား ခေါ်ထုတ်လာလေသည်။

တင်မြနွယ်လေးတစ်ယောက်မှာ (စိတ်ထောင်းကိုယ်ကြေ)ဆိုသည့်စကားအတိုင်း ရုပ်အတော်ပင် ချောင်၍ကျသွားလေတော့သည်။

လက်မောင်းနှင့် ကိုယ်များတွင် ကြိုးနှင့် တုတ်နှောင်ထားလေသည်။ အခန်းပြင်သို့ ရောက်သော်လည်း မည်သူ့ကိုမျှ ဂရုမစိုက်။

ဘယ်သူ့ကိုမှလဲ မကြည့်ဘဲ ဆရာကြီးမြစကြာနှင့် မနီးမဝေးတွင် ထိုင်နေလိုက်၏။

ဆရာကြီးမြစကြာသည် တင်မြနွယ်အား အတန်ကြာအောင် စူးစိုက်ကြည့်ရှု အကဲခတ်နေပြီးနောက် ...

"သူ့ကိုယ်ပေါ်က ကြိုးများကို ဖြေလိုက်ပါကွယ်၊ ဘာဖြစ်လို့ ကြိုးတွေ တုပ်ထားရသလဲ"





"စောစောပိုင်းက ထိန်းမရ သိမ်းမရအောင် ဖြစ်နေလို့ပါ ဆရာကြီး"

ဟု ဦးပိန်က ဆရာကြီးမြစကြာ၏ အမေးကို ပြန်ဖြေလိုက်သည်။

မကြာမီမှာပင် တင်မြနွယ် ကိုယ်ပေါ်တွင် ချည်နှောင်တုပ်ထားသော ကြိုးများကို ဖြေလိုက်ကြလေသည်။

တင်မြနွယ်က ဆရာကြီး မြစကြာကို မကြည့်ရဲသလို မျက်လွှာချနေပြန်သဖြင့် ...

"သမီး တင်မြနွယ် ... ဆရာကြီးမြစကြာ ရောက်နေပြီကွယ့်၊ သမီးလေးရဲ့ ဝေဒနာကို ကယ်ဆယ်ကုသပေးမဲ့ ဆရာကြီးမြစကြာဆိုတာလေ"

ဖခင်ကြီး ဦးပိန်က တင်မြနွယ်အား အနီးကပ်ပြီးလျှင် ပြောလိုက်သည်။

သို့သော် တင်မြနွယ်က မသိသလို မကြားသလို လုပ်နေပေသည်။

ဤတွင် ဆရာကြီးမြစကြာက ပြုံးရယ်လျက် ...

"တော်တော်လည်း ရန်ငြိုးကြီးပါကလားကွယ်၊ အသက်မသေစေဘဲ လူ့ဘဝ လူ့လောကထဲ လူချင်းမတူအောင် မနေရ မထိုင်ရအောင် အကျိုးယုတ် အရှက်ကွဲအောင် လုပ်ထားတာပါကလား"

ဟု တင်မြနွယ်ကို အကဲခတ်ရင်း ပြောလိုက်သည်။

ထိုသို့ ပြောလိုက်စဉ်မှာပင် တင်မြနွယ်သည် ဆရာကြီးမြစကြာအား မခန့်လေးစားသည့် **အမူအရာဖြင့်** ကျယ်လောင်စွာ ရယ်မောလိုက်ရာ ဆရာကြီးမြစကြာမှာ မျက်နှာတစ်ချက်ပျက်သွားပြီး ဝိုင်းကြည့်နေကြသူများမှာလည်း အံ့အားသင့်သွားကြလေသည်။

တင်မြနွယ်က ဤကဲ့သို့ ဆရာကြီးမြစကြာ ရှေ့မှောက်မှာပင် ဦးပိန်နှင့် ဦးတင်အုန်းတို့က တင်မြနွယ် ကိုးရိုးကားရား ထလုပ်မှာကို စိုးရိမ်ပူပန်မိကြလေသည်။

"ဟဲ့ ... သမီးတင်မြနွယ်၊ သတိထားမှပေါ့ကွယ်၊ သတိထားမှပေါ့၊ အဲဒါ ဆရာကြီးမြစကြာလေ၊ ဆရာကြီးမြစကြာ ရှိနေတယ် သမီးရဲ့"

ဟု ဦးပိန်က သတိပေးသလိုနှင့် တင်မြနွယ်အနီးသို့ ကပ်ခါ အရေးရှိက ဆွဲလွဲရန် ဟန်ပြင်လျက် ပြောလိုက်လေသည်။

တင်မြနွယ်မှာမူ ဆရာကြီးမြစကြာကို ကြည့်ကာ တဟားဟားနှင့် ရယ်မောလျက်ရှိတုန်းပင်။

"ဩော် ... သူငယ်မ ... သူငယ်မ ... ဆရာကြီးက မေတ္တာထားတာတောင် ဆရာကြီးကို အံတုချင်သေးသကိုး"





ဆရာကြီးမြစကြာက တင်မြနွယ်ကို ကြည့်လျက် ပြောလိုက်သည်။ အမှန်စင်စစ် တင်မြနွယ်အား ပြောခြင်းမဟုတ်၊ နန်းဉမ္မာအား ပြောလိုက်ခြင်းပင်ဖြစ်သည်။

"ကဲ ... ဒါလောက်တောင်ရှိလှတာ ဆိုင်ရာက ကြည့်မနေဘဲ ငါ ဆရာကြီးမြစကြာအမိန့်နဲ့ ချုပ်လိုက်မယ်ဟေ့"

ဆရာကြီးမြစကြာသည် သိမ်ဝင်စိပ်ပုတီးကို လက်မှ ကိုင်လျက် အမိန့်ပေးလိုက်လေသည်။

ဤတွင် တင်မြနွယ်တစ်ယောက်မှာ ဒယိမ်းဒယိုင် ဖြစ်နေရာမှ တဆတ်ဆတ်နှင့် တုန်နေလေသည်။

ထို့အပြင် ဆရာကြီးမြစကြာအား လက်အုပ်ချီလျက် နေပေတော့သည်။

"ချမ်းသာပေးပါ ဆရာကြီး၊ ကျွန်မ နန်းဉမ္မာပါ"

"ကောင်းပြီ ... ချမ်းသာပေးမယ်၊ ဘာကြောင့် သူတစ်ပါးကို စိတ်ဆင်းရဲအောင် လုပ်ရတာလဲ"

"ယခုကဲ့သို့ ပြုလုပ်ရခြင်းမှာ ကျွန်မစိတ်ကို ထိခိုက်အောင် ခံစားမှုရှိတဲ့အတွက် ပြုလုပ်ရခြင်းပဲ ဖြစ်ပါတယ် ဆရာကြီး"

"တော်တော့ နန်းဉမ္မာ၊ ယခု ပြောမည့်ကိစ္စကို ဆရာကြီး သိထားနှင့်ပြီ နန်းဉမ္မာ၊ အသင် မှားယွင်းလျက် ရှိနေပြီ၊ အသင်နှင့် လူသားများဟာ ဘဝချင်း ခြားနားလျက် ရှိနေ

ပြီး အသင် နှောင့်ယှက်ခြင်းသည် အသင်၏ အမှားပင် ဖြစ်ပေတယ်၊ သို့အတွက် ယခု ဝေဒနာခံစားနေရသော မိန်းကလေးအား အကောင်းပကတိဖြစ်အောင် ပြန်လည် ပြုလုပ်ပေးဖို့ ဆရာကြီးမြစကြာ မေတ္တာရပ်ခံလိုက်ပါတယ်"

ဤသို့ ဆရာကြီးမြစကြာက တည်ကြည်သောအသံနှင့် မိန့်ကြားလိုက်ရာ တင်မြနွယ်သည် ရှိုက်ကြီးတငင်နှင့် ငိုကြွေးနေပြီးနောက် ...

အိမ်သားအားလုံးမှာ ထိုအချင်းအရာကို မြင်ရသောအခါ အံ့အားသင့်နေကြပေသည်။

တင်မြနွယ်သည် အတန်ကြာအောင် ငိုရှိုက်နေပြီးနောက် ...

"ကျွန်မအနေနဲ့ကတော့ မကျေနပ်နိုင်ပါဘူး ဆရာကြီး၊ ကာယကံရှင်က ကျွန်မစိတ်နလုံးကို ထိခိုက်အောင် မပြုလုပ်တော့ဘူးဟုဆိုလျှင် ဆရာကြီးစကားနဲ့အမိန့်ကို နာခံပါ့မယ် ဆရာကြီး"

"အို ... နန်းဥမ္မာ၊ အသင် ထပ်မံ၍မှားယွင်းနေချေပြီ၊ အသင်နဲ့ ဘဝချင်းတူသူဆိုလျှင် ဆရာကြီး မဆိုလို၊ အခု အသင်နှင့် ဘဝချင်း ခြားနားနေပြီဖြစ်၍ လူ့ဘဝ လူသားချင်း စုံမက်သည်မှာ သဘာဝကျလှပေတယ်၊ သို့အတွက်





အသင် နန်းဥမ္မာက ငါ ဆရာကြီးအမိန့်နဲ့ ငါ ဆရာကြီးရဲ့ မေတ္တာရပ်ခံချက်ကို သွေဖီမယ်ဆိုရင် ဆရာကြီးမြစကြာ အနေနဲ့ ကြည့်နေမှာ မဟုတ်ဘူး၊ ယခု ဤချိန်ကစပြီး ဆရာကြီးကို အပ်ထားတဲ့ လူနာမိန်းကလေးကို အနှောင့် အယှက် မပြုတော့ပါဘူးဟု ကတိပေးလော့ နန်းဥမ္မာ"

"မှန်ပါတယ် ဆရာကြီး၊ ဆရာကြီးကို ကျွန်မ ကြောက်ရွံ့ ရိုသေပါတယ်၊ ဆရာကြီး အမိန့်နဲ့ မေတ္တာရပ်ခံမှုကို နာခံပါ့မယ် ဆရာကြီး"

"ကောင်းပြီ နန်းဥမ္မာ၊ သင်လိုရာကို သွားပေတော့၊ နောက်နောင် ဤကဲ့သို့ မနှောင့်ယှက်ရန် ဆရာကြီး သတိပေးလိုက်မယ်"

ထိုခဏ တင်မြနွယ်သည် ဒယိမ်းဒယိုင် ဖြစ်သွားခါ ထိုးလဲပြီး သတိလစ်သွားတော့သည်။

လာရောက်ကြည့်ရှုနေသူများမှာလည်း အံ့အံ့ကြွက် ကြွက် ဖြစ်၍နေကြသည်။

ထို့နောက် ဆရာကြီးမြစကြာသည် ပရိသတ်လူများအား တိတ်တိတ်ဆိတ်ဆိတ် နေရန် သတိပေးပြီးလျှင် ရေတစ်ခွက်ကို ခပ်စေလျက် မန်းမှုတ်ပြီးနောက် တင်မြနွယ်အား ပက်ဖျန်းစေလေသည်။

တင်မြနွယ်၏ ဖခင်ကြီး ဦးပိန်က ရေမန်းနှင့် တင်မြနွယ်အား ပက်ဖျန်းသောအခါ သတိရလာသည်။

ထို့အပြင် ရေမန်းကိုပါ တိုက်သဖြင့် တင်မြနွယ်မှာ လူကောင်းပကတိကဲ့သို့ ဖြစ်လာပြီး ...

သူ့အား ဝိုင်းဝန်းပြုစုနေသူများကိုလည်းကောင်း၊ အိမ်သားများကိုလည်းကောင်း၊ ဆရာကြီးမြစကြာကိုလည်းကောင်း အံ့သြသော အမူအရာနှင့် ကြည့်လေသည်။

ထို့နောက် ရှိုက်ကြီးတငင်ငင်နှင့် ငိုကြွေးနေလေတော့သဖြင့် သူ၏ မိဘနှစ်ပါးက ...

"သမီးလေး ... သမီးလေး မငိုနဲ့တော့လေ၊ တိတ်တော့၊ သမီး နေကောင်းသွားပြီ မဟုတ်လား၊ ဟောဒီမှာ သမီး ဝေဒနာတွေကို ပျောက်ကင်းအောင် ကုသပေးတဲ့ ဆရာကြီး မြစကြာလေ"

ဟု ဦးပိန်က သမီးလေး တင်မြနွယ်အား ချော့မော့နှစ်သိမ့်လိုက်လေသည်။

ဆယ်ငယ်ပြေးကုန်းရွာမှ ကွမ်းတောင်ကိုင် အချောအလှမလေး တင်မြနွယ်တစ်ယောက် ဆရာကြီးမြစကြာ၏ ကုသမှုကြောင့် ပျောက်ကင်းချမ်းသာလျက် ရှိသွားလေပြီတည်း။





ရွာလယ်ပိုင်းရှိ မောင်ဝမ်းဖော် တစ်ယောက်မှာမူ အချစ်ဝေဒနာ၏ ဖိစီးမှုကြောင့်မပေလောမသိ တမှိုင်မှိုင် တတွေတွေနှင့် စိတ်ပူပင်သောကတွေ ရောက်နေလျက်ပင် ရှိနေသေးသည်။

ချစ်သူရည်းစားမလေး တင်မြနွယ်ကိုလည်း အမြဲတမ်းပင် သတိရလွမ်းဆွတ်လျက်ပင် ရှိနေလေသည်။

ဖခင် ဦးတင်အုန်းထံမှ ချစ်သူ တင်မြနွယ်တစ်ယောက် ဝေဒနာ ပျောက်ကင်းသွားပုံ၊ ဆရာကြီးမြစကြာ၏ ရောဂါကုသပုံများကို အလုံးစုံ ကြားသိရပြီး ဖြစ်သောကြောင့် စိတ်အေးချမ်းသာရာရသော်လည်း သူ့အတွက် စိုးရိမ်နေရသေးသည်။

သူ့ဖခင် ဦးတင်အုန်းကလည်း သားအတွက် စိုးရိမ်မကင်းမှုကြောင့် ဆရာကြီးမြစကြာနှင့် တိုင်ပင်ကုသရန် ကြံစည်လျက်ရှိရာ တင်မြနွယ်တစ်ယောက် ဝေဒနာပျောက်ကင်းချမ်းသာမှု ရရှိသွားသော ...

နောက်တစ်နေ့တွင် ဆရာကြီးမြစကြာ တည်းခိုနေထိုင်ရာ ဘုန်းကြီးကျောင်းဆီသို့ သားဖြစ်သူအတွက် ဦးတင်အုန်း ရောက်လာရပြန်ပေပြီ။

ထိုသို့ ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့ရာ ဆရာကြီးမြစကြာသည် ကျောင်းပေါ်တွင် ဦးစရိယနှင့် ထိုင်စကားပြောနေစဉ် ဦးတင်အုန်း ရောက်သွားလေသည်။

ဦးစရိယနှင့် ဆရာကြီးမြစကြာတို့သည် ကျောင်းပေါ်သို့ ဦးတင်အုန်း တက်လာသည်ကို မြင်လိုက်ရသည်နှင့် သူ၏သား မောင်ဝမ်းဇော်အတွက် လာရောက်ခြင်းဖြစ်သည်ကို သိနှင့်ထားကြလေပြီဖြစ်သည်။

"ကိစ္စအကြောင်းထူးသလား ဒကာကြီး"

ဟု ဘုန်းတော်ကြီး ဦးစရိယက ဦးတင်အုန်းအား ဆီးကြိုနှုတ်ဆက်လိုက်၏။

ဦးတင်အုန်းသည် ဘုရားစင်ရှေ့မှာ ဘုရားကို ဦးချရှိခိုးပြီးနောက် ဘုန်းကြီးဦးစရိယအား ရှိခိုးဝတ်ပြုပြီး သူလာရောက်ရခြင်း အကြောင်းများကို လျှောက်ထားလေသည်။

ဦးတင်အုန်းသည် သူ့သားမောင်ဝမ်းဇော်၏ ဖြစ်ပျက်ခဲ့ပုံများကို စမုံမြစ်ရိုးကျွန်းဆီသို့ သစ်ခုတ်သွားသည့်အခါကတွေ့ကြုံဖြစ်ပျက်ခဲ့သော အကြောင်းများနှင့် နန်းဥမ္မာက အိပ်မက်





ပေးနှောင့်ယှက်မှုများကို အလုံးစုံပင် ပြောပြလျှောက်ထားလိုက်လေသည်။

ဘုန်းကြီး ဦးစရိယမှ အံ့သြခြင်း၊ ထူးခြားခြင်းအနေဖြင့် နားထောင်နေသော်လည်း ဆရာကြီးမြစကြာကမူ အံ့သြခြင်း၊ ထူးခြားခြင်း မဖြစ်ပေ။ ပြုံးရယ်စွာဖြင့် ခေါင်းတညိတ်ညိတ်ပြုကာ နားထောင်နေပေသည်။

"အဲဒီအတိုင်းပါပဲ ဆရာကြီးရယ်၊ ဒီလောက်ဆိုရင် ဆရာကြီးမြစကြာကတော့ သိပါလိမ့်မယ်"

ဟု ဦးတင်အုန်းက စကားအဆုံးသတ်ရင်း ပြောလိုက်ရာ ဆရာကြီးမြစကြာသည် အတန်ကြာကြာ လေးနက်စွာစဉ်းစားနေလေ၏။

"ဒီလိုဆိုရင် ဒီသူငယ်လေးဟာ လူဝင်စားအဆက်အနွယ်ထဲက ဖြစ်နေတာနဲ့ တူတယ်"

"ဒီလိုပဲ တွေးစရာရှိတယ် ဆရာကြီး၊ ဒါကြောင့် ကျွန်တော့်သားလေးကိုလည်း ဆရာကြီးလက်ထဲ အပ်ပါရစေ၊ ကယ်ဆယ်နိုင်ရင် ကယ်ဆယ်ပါဦး ဆရာကြီး"

ဦးတင်အုန်းက ဆရာကြီးမြစကြာအား မဲ့ကြွားလိုက်လေသည်။ ဘုန်းကြီး ဦးစရိယကလည်း ဆရာကြီးမြစကြာအား အပ်လောင်းတာ မိန့်ကြားလိုက်ပြန်သည်။

ဆရာကြီးမြစကြာကမူ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဆေးတံကောက်ကြီးကို ရှိုက်ဖွာသောက်လိုက်ကာ စဉ်းစားနေပြီးမှ ဆက်လက်၍ ပြောလိုက်သည်မှာ ...

"လူဝင်စား ဆိုရင်တော့ အတော်ကလေး ခက်တယ်၊ ဘာကြောင့်ခက်လဲဆိုရင် သူတို့ဟာ လူ့ဘဝမှာ နှစ်အပိုင်းအခြားနဲ့ လာနေကြရတာမျိုးဖြစ်တယ်၊ တချို့ လူဝင်စားတွေဟာ လူ့ဘဝမှာ ပျော်နေတတ်ကြတယ်လေ"

"ဘယ်လိုပဲ ဖြစ်ပါစေတော့ ဆရာကြီးမြစကြာရယ်၊ ဆရာကြီး တတ်အားသရွေ့တော့ ကြည့်ရှုစောင်မကယ်ဆယ်ပါ၊ ကျွန်တော့်သားလေးမှာ ဘဝဟောင်းက လာနှောင့်ယှက်နေတာကြောင့် အင်မတန် စိတ်ဆင်းရဲနေရှာပါတယ်"

"ကောင်းပြီလေ၊ ဆရာကြီးအနေနဲ့ တတ်နိုင်သလောက် ကယ်ဆယ်ကြည့်ရှုပါ့မယ်"

ဆရာကြီးမြစကြာက ဝန်ခံကတိပြုလိုက်သဖြင့် ဦးတင်အုန်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

သားဖြစ်သူအား ဆရာကြီးမြစကြာထံ အပ်နှံနိုင်ရန် တစ်ခါတည်း စီစဉ်နိုင်ရန် ကြံစည်စိတ်ကူးလိုက်ပြန်သည်။

"ဟုတ်ကဲ့ ဆရာကြီးမြစကြာ၊ ဆရာကြီး ပြောလိုက်တဲ့ စကားဟာ အလွန်သင့်လျော်ပါတယ်၊ ဒီလိုဆိုရင် ကျွန်တော့်





သားလေး မောင်ဝမ်းဇော်ကို ပြန်ခေါ်လိုက်ပါဦးမယ် ဆရာကြီး"

ဦးတင်အုန်းသည် ပြောပြောဆိုဆိုနှင့်ပင် ဘုန်းတော်ကြီးဦးစရိယနှင့် ဆရာကြီးမြစကြာတို့အား နှုတ်ဆက်၍ ကျောင်းပေါ်မှ ဆင်းသွားလေရာ ...

ကျောင်းထိုင်ဘုန်းကြီးနှင့် ဆရာကြီးမြစကြာတို့သည် ဦးတင်အုန်းတစ်ယောက် သုတ်သုတ်ပျာပျာ ဆင်းသွားသည်ကို မျက်စိတစ်ဆုံးကြည့်ကာ စကားပြောရင်း ကျန်နေရစ်ခဲ့ကြလေသည်။

ဦးတင်အုန်းသည် မိမိသား မောင်ဝမ်းဇော်အား ဆရာကြီးမြစကြာထံ ဆေးကုသပေးရန် ပြောဆိုခဲ့သော်လည်း သားဖြစ်သူက လိုက်မလိုက် မသိရသေးသဖြင့် ငြင်းဆန်နေဦးမည်လားဟု တွေးတောကာ စိတ်ပူပန်လာမိလေသည်။

သို့ရာတွင် ချော့မော့ဖျောင်းဖျပြောဆိုပြီး ခေါ်လာရမည်ဟု ကြံဆလျက် လာခဲ့ရာ အိမ်ဆီသို့ ရောက်ရှိလာလေသည်။

အိမ်ဆီသို့ရောက်လျှင်ပင် မှိုင်တွေချနေသော မိမိ၏သား မောင်ဝမ်းဇော်အား အိမ်ဝ၌ တွေ့မြင်လိုက်ရ၏။

"ဟော့ ... သား လူကလေး မောင်ဝမ်းဇော်"

ဦးတင်အုန်းသည် အိမ်ပေါက်ဝအဝင်ကပင် သားဖြစ်သူ မောင်ဝမ်းဇော်ကို လှမ်းခေါ်လိုက်လေတော့သည်။

သားဖြစ်သူ မောင်ဝမ်းခေါ်ကမူ ပျာပျာသလဲ ဖြစ်လာသော သူ့ဖခင်ကြီး ဦးတင်အုန်းအား အံ့အားသင့်စွာနှင့်လှမ်းကြည့်လိုက်လေ၏။

"ဘာတုံးအဖေ၊ ပျာယီးပျာယာနဲ့ အဖေ ဘာဖြစ်လာသတုံး၊ တင်မြနွယ်လေးများ တစ်ခုခု ဖြစ်သွားပြန်ပြီလား၊ ပြောစမ်းပါဦး"

"တင်မြနွယ် ဘာမှ မဖြစ်ပါဘူးကွ၊ မဖြစ်ပါဘူး၊ ခုဆိုရင် ဆရာကြီးမြစကြာ ဆိုတဲ့ လောကီဝိဇ္ဇာကြီး ကုသပေးလိုက်လို့ လူကောင်းပကတိအတိုင်း နေကောင်း၊ ထိုင်ကောင်း ဖြစ်နေပါပြီကွယ်"

"ဒါပေမဲ့ အခု အဖေ့မျက်နှာကို ကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေပါလား၊ ဘာများ ထူးခြားမှု ရှိလာလို့လဲဟင်"

"ထူးခြားမှု ရှိဆို အခု ငါ့သားအတွက် ဝမ်းသာစရာတွေ အဖေ တွေ့လာခဲ့ပြီ လူကလေးရဲ့ ...

"ကဲ ... အဖေမေးမယ်၊ ငါ့သား မောင်ဝမ်းခေါ်က တင်မြနွယ် ဆိုတဲ့ မိန်းကလေးကို တကယ်လိုချင်တယ် မဟုတ်လား"

"လိုချင်တာပေါ့ အဖေရဲ့၊ ဘယ့်နှယ် ပြောပါလိမ့်၊ အခု တောင် ကျွန်တော့် စိတ်ထဲမှာ တင်မြနွယ် ဆိုတဲ့ ချစ်သူ





မိန်းကလေးကြောင့် ပူဆွေးသောကတွေ နေ့စဉ်နေ့တိုင်း ရောက်နေရတာ မဟုတ်လား"

"အဖေကိုယ်တိုင် တင်မြနွယ် ဖခင်ကြီး ဦးပိန်နဲ့သွားပြီး သွားစကားပြောတုန်းက ပြောခဲ့တဲ့ စကားတွေကို ငါ့သား သတိရသေးရဲ့လားကွယ့်"

ဦးတင်အုန်းသည် သားဖြစ်သူ မောင်ဝမ်းခေါ် တစ်ယောက် စိတ်ဝင်စားစွာဖြင့် ဆရာကြီးမြစကြာထံ ဆေးကုသမှု ခံယူစေရန် ဤသို့ စကားချွယ်ကာ ပြောဆိုနေရခြင်းပင် ဖြစ်သည်။

"ဘာစကားတုံး အဖေရဲ့၊ အဖေ အဲဒီတုန်းက ပြောခဲ့တာ တွေက အများကြီး မဟုတ်လား"

"အဲဒီတုန်းက သမီးရှင် ဦးပိန်က ပြောခဲ့တယ်လေကွာ၊ တကယ်လို့သာ ငါ့သားကို နှစ်းဥမှာကသော အိပ်မက်ပေး မနှောင့်ယှက်ဘူး၊ ကင်းကင်းရှင်းရှင်း ဖြစ်မယ်ဆိုရင် သူ့ သမီး တင်မြနွယ်နဲ့ ပေးစားဖို့ မခဲယဉ်းဘူး ဆိုခဲ့တာလေကွာ"

"ဪ ... ဟုတ်တယ်၊ အဲဒီစကားကို အဖေဟာ ကျွန်တော့် ကို ပြောပြခဲ့ဖူးသားပဲ"

"အခု ငါ့သားကို အိပ်မက်ဆေး နှောင့်ယှက်မှုတွေ မရှိ အောင် ဆရာကြီးမြစကြာနဲ့ ကုသပေးဖို့ စီစဉ်ခဲ့ပြီ လူက လေးရ"

"ဟာ ... အဖေကလည်းဗျာ၊ ကျွန်တော့်မှာ ဘာရောဂါ ရှိလို့တုံး အဖေရဲ့"

"ရောဂါ မဟုတ်ဘူးကွ၊ ရောဂါမဟုတ်ပေမဲ့ ငါ့သားကို နှောင့်ယှက်နေတဲ့ အိပ်မက်တန်ခိုးတွေ လွှတ်နေတဲ့ နန်း ဥမှာဟာ တစ်သက်လုံး နောက်ကို ဘယ်တော့မှ လာရောက် မနှောင့်ယှက်အောင်လို့ကွ၊ အဲဒီလို လာရောက် မနှောင့် ယှက်တော့ဘူးဆိုမှ သမီးရှင် ဦးပိန်က သူ့သမီး တင်မြ နွယ်နဲ့ ငါ့သားကို ပေးစားနိုင်မယ် မဟုတ်လား"

"ဟာ ... ဒီလိုဆိုရင် နေရာကျလိုက်တာ အဖေရယ်၊ ကျွန်တော့်ဘဝမှာ ရှေ့လျှောက် စိတ်ချမ်းချမ်းသာသာနဲ့ တူနှစ်ကိုယ် နီးဖို့အရေး မဝေးတော့ဘူးပေါ့"

"အေး ... အေး ... ငါ့သားလေး တစ်သက်လုံး စိတ်ချမ်း သာရအောင်၊ ကဲ ... အချိန်ရှိတုန်း ဆရာကြီးမြစကြာဆီ သွားရောက်ကုသဖို့ လိုက်ခဲ့ပေတော့ကွယ်"

ဤသို့ဖြင့် ဖခင်ကြီး ဦးတင်အုန်းသည် သားဖြစ်သူ မောင်ဝမ်းဖော်ကို သူ့အစ်ကိုကြီး သာလှကိုပါခေါ်ယူ၍ ရွာဦး ဘုန်းတော်ကြီးကျောင်းဆီသို့ ခပ်သုတ်သုတ်ပင် ခေါ်ဆောင်သွား ခဲ့ကြလေသည်။





မကြာမီ ဦးတင်အုန်းတို့ သားအဖသုံးဦးမှာ ဘုန်း တော်ကြီးကျောင်းရှိ ဆရာကြီးမြစကြာ ထံသို့ ရောက်ရှိခဲ့ကြလေ ပြီ။

ဆရာကြီးမြစကြာက သားအဖသုံးဦး ကျောင်းပေါ်သို့ ထိုင်၍ ဦးချကန်တော့ပြီးလျှင် ပြီးချင်း ...

"ကဲ ကဲ ... အမောဖြေကြပါဦး၊ ဒီလို ပြဿနာတွေ ဆိုတာ အခု မျက်မှောက်ခေတ်မှာတင် မဟုတ်ဘူး၊ ကျုပ် တို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်ရှိထင်ရှား ရှိစဉ် ကတည်းက ရှိခဲ့ကြောင်း ဗုဒ္ဓခေတ်ပေတာစတ္တုအဋ္ဌကထာ တွေမှာ ထူးခြား ဆန်းကြယ်၊ အံ့ဩစွာနဲ့ ပါရှိနေခဲ့ဖူးပါ တယ် ...

ဒါကြောင့် "ဥပါဒါနပစ္စယာဘဝေါ"ဆိုတဲ့ ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်အတိုင်း ဘဝဆိုတာ အမျိုးမျိုး ပြောင်းလဲကြရတယ်၊ ခန္ဓာကိုယ်တစ်ခု သေဆုံးခြင်းဟာ ဘဝတစ်ခုမှ တစ်ခုကို ကူးပြောင်းသွားရခြင်း ဖြစ်တာမို့ ဥပါဒါန် အစွဲကိုး မြစ်ဖျားခံပြီး ဘဝအသစ်တစ်ခုဆီ ရောက်ကြရသတဲ့ဗျာ ...

လူတွေ သေပြီဆိုရင် လားရာရောက်နိုင်တဲ့ ဘုံဘဝ ငါးပါးရှိတယ် ဆိုတာကိုကော သိကြရဲ့လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ကောင်းကောင်းမသိကြပါဘူး"

ဟု ဖခင်ကြီး ဦးတင်အုန်းက ဝင်ပြောလိုက်၏။

"အင်း ... ဟုတ်ပြီ၊ ပြောပြပါ့မယ်၊ လူတစ်ယောက် သေပြီဆိုရင် လားရာရောက်နိုင်တဲ့ ဘုံဘဝငါးမျိုးကတော့ ...

(၁) အေဂတိလို့ ခေါ်တဲ့ နတ်ဘုံ၊ ဗြဟ္မာဘုံ၊

(၂) မနုဿဂတိလို့ ခေါ်တဲ့ လူ့ဘုံ၊

(၃) တိရစ္ဆာနဂတိလို့ ခေါ်တဲ့ တိရစ္ဆာန်ဘုံ၊

(၄) ပေတဂတိလို့ ခေါ်တဲ့ ပြိတ္တာဘုံ၊

(၅) နိရယဂတိလို့ ခေါ်တဲ့ ငရဲဘုံတို့တွေဆီ ရောက်ကြရပါတယ်၊ အဲဒီအထဲမှာ ဘုံတွေ အနက် လေးဘုံကတော့ သူ့ဘုံနဲ့သူ သီးခြားရှိနေပါတယ်၊ ဒါပေမဲ့ ပြိတ္တာတို့က သူ့ဘုံနဲ့သူ သီးခြားမရှိတော့ လူ့ဘုံမှာ လူတွေနဲ့ တစ်စပ်တည်း နေကြရတယ်၊ ဗုဒ္ဓဘုရားရှင်လက်ထက်တုန်းကတော့ ဒီပြိတ္တာတွေဟာ ဟိမဝန္တာတောင်ခြေမှာရှိတဲ့ ဝိဥ္ဈာဋဝီတော အုပ်ကြီးမှာ အများအပြား နေထိုင်ကြပါတယ်၊ ကမ္မဖိဒ္ဓိကြီးမားတဲ့ ပြိတ္တာတွေဟာ နေ့ထိုင်စရာ ဗိမာန်တွေရှိပေမဲ့ ကမ္မဖိဒ္ဓိမရှိတဲ့ ပြိတ္တာတွေက သစ်ပင်၊ တောချုံ၊ လှိုဏ်မြောင်၊ လိုဏ်အိုဝှကြီးတွေနဲ့ သုသာန်၊ သချိုင်းဇရပ်တွေမှာ နေကြရတယ်၊ တစ်နည်းအားဖြင့် လူ့ဘဝမှာ မိမိလုပ်ခဲ့တဲ့





အကုသိုလ်ကံနဲ့အညီ နေထိုင်ကြရတာ ဖြစ်တယ်။ ဒီလို လူ့လောကမှာ လူတွေနဲ့ တစ်စပ်တည်း နေကြသလို သူတို့ ပြိတ္တာတွေမှာလည်း လင်နေ သားမွေး အိမ်ထောင်ရေးကို လူတွေကဲ့သို့ ပြုလုပ်ကြမြဲနဲ့တယ်၊ ဒါကြောင့် လူသားနဲ့ ပြိတ္တာတွေ အိမ်ထောင်ပြုကြတဲ့ ဗုဒ္ဓခေတ် ပေတဝတ္ထုတွေ အဋ္ဌကထာကြီးများမှာ ဖော်ပြထားတာ အများကြီး တွေ့ရပါတယ် ...

ဒီ ဗုဒ္ဓခေတ် ပေတဝတ္ထုတွေထဲက ဥပမာ ပြောရရင် ဗာရာဏသီမင်းကို လင်ယောက်ျား ပြုခဲ့တဲ့ ပြိတ္တာမ၊ အာဓာတသတ်မင်းနဲ့ သူကြွယ်ပြိတ္တာ၊ အရှင်သာရိပုတ္တရာနဲ့ မိခင်ဟောင်း ပြိတ္တာမကြီး၊ ဝိမ္ဗိသာရမင်းကြီးနဲ့ ဆွေမျိုးဟောင်း ပြိတ္တာတွေ၊ ရက္ခစိုးနတ်နဲ့ လူသားမယားတွေ ညားခဲ့ကြဖူးတဲ့ ရှေးဟောင်းသာဓက ပေတဝတ္ထုစာတော်တော်တွေ့ ရှိခဲ့ဖူးတာမို့ ထူးခြား၊ ဆန်းကြယ် အံ့ဩဖွယ်တွေ မဟုတ်ဘူးလို့ ပြောခဲ့တာပေါ့ကွယ်"

"ဒါပေမဲ့ ဆရာကြီး၊ ကျွန်တော်ကတော့ အိပ်မက်ပေးပြီး နှောင့်ယှက်နေတဲ့ ရက္ခစိုးမကို မနှစ်သက်နိုင်တာမို့ နှောင့်ယှက်မှုတွေကို အကာအကွယ်ပေးပြီး မြန်မြန်ကိုပေးစေချင်ပါတယ်"

"ကောင်းပါပြီကွယ်၊ ဆရာကြီးမြစကြာက ဟော်ဒီ ချည်မန်းကွင်းလက်ဖွဲ့လေး တစ်ကုံးကို အဆောင်လက်ဖွဲ့အဖြစ် ပေးအပ်ပြီး ရေမန်းတိုက်ရုံနဲ့ မနှောင့်ယှက်စေရပါဘူးကွယ်"

ဟု ပြုံးပြုံးကြီး ပြောလိုက်ပုံမှာ ...

"မင်းတို့ချစ်သူနှစ်ဦး မြန်မြန်ပေါင်းသင်းစေရပါ့မယ်"

ဟု ပြောလိုက်သလိုဟုပင် မောင်ဝမ်းဇော် တစ်ယောက် ထင်မြင်ယူဆလိုက်လေတော့သတည်း။

စာဖတ်သူများ ကြည်နူးချမ်းမြေ့ကြပါစေ

အောင်ကျော်စွာ

၁၃-၁၀-၂၀၀၃